# ကြေးမုံ
The Mirror Daily

၁၉၅၇ ခုနှစ် ဇွန်လ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၈၆ ခုနှစ်၊ နတ်တော်လဆန်း ၅ ရက်၊ ကြာသပတေးနေ့။ Thursday, 5 December 2024 ၁၁၆၆၂


**ကြီးသူတို့ကို ရိုသေလုပ်ကျွေးပြုစုခြင်းသည် ချမ်းသာ၏**

လောက၌ အမိကို ပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏၊ အဖကို ပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏၊ လောက၌ ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏၊ မကောင်းမှုကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝကတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ နာဂဝဂ် ( ဓမ္မပဒ- ၃၃၂)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဟန္နိုင်းမြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်နိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

## နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်ရေး ရင်းရင်းနှီးနှီးဆွေးနွေး



နေပြည်တော် ဒီဇင်ဘာ ၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဟန္နိုင်းမြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်နိုင်ငံသံအမတ်ကြီး H.E. Mr. Uladzimir Baravikou အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**တက်ရောက်**

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ သံတမန်ဆက်ဆံရေးနှင့် ကုန်သွယ်မှုများ စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဟန္နိုင်းမြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်နိုင်ငံသံအမတ်ကြီး H.E. Mr. Uladzimir Baravikou အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။


ယနေ့ ဖတ်စရာ

မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်ကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းအဖြစ် သတ်မှတ်ခံရ စာမျက်နှာ » ၅

မြန်မာ့အမွေအနှစ် ဒြပ်မဲ့ယဉ်ကျေးမှုများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ပင်ဖြစ်သည် ဆောင်းပါး စာမျက်နှာ » ၁၁

အမေရိကန်ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရမ့်၏ စည်းကြပ်ခွန်သစ် အစီအစဉ်နှင့်ပတ်သက်ပြီး ဂျပန်ကားကုမ္ပဏီများ စိုးရိမ် စာမျက်နှာ » ၁၃

စိုက်ပျိုးရေးပညာ နှစ် (၁၀၀) တိုင်ပြီ ဆောင်းပါး စာမျက်နှာ » ၁၅

ကြေးမုံ

# ဈေးနှုန်းတည်ငြိမ်ရေး ကုန်ထုတ်စွမ်းအားမြှင့်တင်

စီးပွားရေးဘောဂဗေဒအရ ထုတ်လုပ်မှုနှင့် လိုအပ်ချက်၊ အလုပ်အကိုင်နှင့် အခွင့်အလမ်း အချိုးညီမှသာ စီးပွားရေးတည်ငြိမ်မှုနှင့် ငွေကြေးစီးဆင်းမှုလည်ပတ်အား ကောင်းမွန်လာမည်ဖြစ်သည်။ အချိုးမညီသည့်အခါ ကုန်စည်ဈေးနှုန်းကြီးမြင့်မှု၊ အလုပ်အကိုင်အခွင့်အလမ်းရှားပါးမှု ပေါ်ပေါက်လာမည်။ အထူးသဖြင့် ကုန်စည်ဈေးနှုန်းကြီးမြင့်လာမှုကြောင့် အလုပ်အကိုင်အခွင့်အလမ်းများ ခက်ခဲလာခြင်း၊ စီးပွားရေးကျပ်တည်းခြင်းများ ဖြစ်ပေါ်လာနိုင်သည်။ လက်ရှိကာလတွင် ကုန်ဈေးနှုန်းကြီးမြင့်ခြင်းနှင့် လုပ်သားအင်အား ခက်ခဲခြင်းတို့ဖြစ်ပေါ်နေသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဒီဇင်ဘာလ ၃ ရက်နေ့ကပြုလုပ်သည့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် “ကုန်ဈေးနှုန်းကြီးမြင့်မှုများအပေါ် ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် စနစ်တကျ စိစစ်ကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း၊ ဖြစ်သင့်ဖြစ်ထိုက်သည့် ကုန်ဈေးနှုန်းများဖြစ်စေရေး စေတနာထား၍ အပင်ပန်းခံဆောင်ရွက်ကြစေလိုကြောင်း၊ နိုင်ငံအတွင်း ဝင်ငွေနှင့် ထွက်ငွေကိုလည်း မျှတအောင်ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ထို့ကြောင့် ကုန်ထုတ်လုပ်မှုကို မဖြစ်မနေတိုးမြှင့်ဆောင်ရွက်၍ ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရန်လိုကြောင်း၊ လက်ရှိတင်ပို့နေသည်ထက် နှစ်ဆခန့်ပိုမိုတင်ပို့နိုင်ရန်လိုကြောင်း၊ ကုန်ထုတ်လုပ်မှုကို ယခုထက် တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် အလုပ်အကိုင်များဖန်တီးပေးခြင်းနှင့် ကုန်ထုတ်လုပ်ငန်းများအပေါ် Incentive များပေးရန်လိုကြောင်း” ပြောကြားခဲ့သည်။

ကုန်စည်ဈေးနှုန်းများ ကြီးမြင့်နေခြင်းသည် ဝယ်လိုအားနှင့် ရောင်းလိုအား မမျှတရာမှ ဖြစ်ပေါ်လာခြင်းဖြစ်၍ ကုန်ထုတ်လုပ်မှုများ မြင့်မားတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ပြီး အရည်အသွေးပြည့်မီသည့် ထုတ်ကုန်များကို ပြည်ပသို့ ပိုမိုတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေပိုမိုရရှိကာ ငွေကြေးစီးဆင်းမှု လည်ပတ်အားများ ကောင်းမွန်လာမည်ဖြစ်သည်။ ငွေကြေးလည်ပတ်မှုကောင်းမွန်ပါက အလုပ်အကိုင်အခွင့်အလမ်းများ ကောင်းမွန်လာပြီး ကုန်ထုတ်လုပ်မှုမြင့်မားတိုးတက်ကာ ကုန်စည်ဈေးနှုန်းတည်ငြိမ်ပြီး ပြည်သူများ၏ လူမှုစီးပွားဘဝများ အဆင်ပြေချောမွေ့မည်ဖြစ်သည်။ ထို့ကြောင့် ကုန်ထုတ်လုပ်မှုကို မဖြစ်မနေ တိုးမြှင့်ဆောင်ရွက်သွားရမည်ဖြစ်သည်။ ဈေးကွက်ရှိပြီး အရည်အသွေးပြည့်မီသည့် ကုန်ပစ္စည်းများ ထုတ်လုပ်ရန်လိုသည်။

လက်ရှိတွင် စီးပွားရေးလောက၌ အသား၊ ငါးနှင့် အခြေခံစားကုန်ဈေးနှုန်းများ တစ်နေ့တခြားကြီးမြင့်လာသည်ကို တွေ့မြင်ကြားသိနေရသည်။ နိုင်ငံတော်က ကုန်ထုတ်လုပ်ငန်းများမြင့်မားတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ပြီး ကုန်စည်ဈေးနှုန်းများ တည်ငြိမ်အောင် ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ကုန်ထုတ်လုပ်သည့် လုပ်ငန်းရှင်များအနေဖြင့် ပြည်သူများ၏ အခြေခံစားကုန်များနှင့်ပတ်သက်၍ သင့်တင့်လျောက်ပတ်သည့် အမြတ်ကိုသာတင်၍ ရောင်းချကြရန်လိုသည်။ ပြည်သူများအား ကုန်ပစ္စည်းများရောင်းချရာတွင် အမြတ်ငွေနည်းနည်းနှင့် ပမာဏများများ ရောင်းချခြင်းဖြင့် မိမိတို့လည်းအဆင်ပြေ ပြည်သူလူထုလည်း သက်သာချောင်ချိမှုဖြစ်အောင် စေတနာထားဆောင်ရွက်ကြရမည်ဖြစ်သည်။

ကုန်စည်ဈေးနှုန်းကြီးမြင့်မှုကြောင့် အလုပ်သမားရှားပါးမှုပြဿနာများနှင့် ကြုံတွေ့လာရကြောင်း အချို့လုပ်ငန်းရှင်များထံမှ သိရှိရသည်။ မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသများတွင် နေထိုင်ကြပြီး ၄၁ ရာခိုင်နှုန်းခန့်သည် လယ်ယာ၊ သစ်တော၊ သား၊ ငါးကဏ္ဍများတွင် လုပ်ကိုင်နေကြသူများဖြစ်၍ လယ်ယာစိုက်ပျိုးရေးကို အခြေခံသည့်ကုန်ထုတ်လုပ်မှုမှ အလုပ်အကိုင်များ ဖော်ဆောင်ပေးနိုင်ရေးသည် လက်ရှိအချိန်၌ မဖြစ်မနေလိုအပ်လျက်ရှိသည်။ လူဦးရေနည်းပါးသော မြန်မာနိုင်ငံကဲ့သို့ နိုင်ငံအဖို့မှာမူ လုပ်သားအင်အား လျော့ပါးသွားမှုမှာ သိသာစွာရိုက်ခတ်မှုရှိသည်။ အဓိကမှာ ထိုက်တန်သည့် အလုပ်အကိုင်နှင့် လုပ်ခလစာများ ရရှိမှုနည်းပါးခြင်းကြောင့်ဖြစ်သည်။

လုပ်သားအင်အားရှားပါးမှုသည် ကုန်ထုတ်လုပ်မှု မြင့်မားတိုးတက်ရေးအတွက် များစွာအဟန့်အတားဖြစ်စေသည်။ ထို့ကြောင့် ထိုက်တန်သည့်အလုပ်အကိုင်များနှင့် လုပ်ခလစာများရရှိရေးကို ကြံဆဆောင်ရွက်ပေးကြရန် လိုအပ်သည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကုန်ထုတ်လုပ်မှုမြင့်မားတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးရန်လိုအပ်သည်။ သို့မှသာ ကုန်ထုတ်လုပ်မှုစွမ်းအားများမြင့်မားလာပြီး Supply နှင့် Demand မျှတအောင် လုပ်ဆောင်ပေးနိုင်မည်ဆိုပါက ကုန်စည်ဈေးနှုန်း ကြီးမြင့်နေမှုများကိုလည်း ထိန်းချုပ်နိုင်မည်ဖြစ်သည်။ ထိုမှတစ်ဆင့် ပို့ကုန်များတိုးတက်လာပြီး ဝင်ငွေတိုးတက်ရရှိလာပါက ငွေကြေးဈေးကွက်နှင့် တန်ဖိုးများ တည်ငြိမ်ကျဆင်းလာမည်ဖြစ်သည်။

သို့ဖြစ်ရာ ကုန်စည်ဈေးနှုန်းများ တည်ငြိမ်ကျဆင်းရေး၊ အလုပ်အကိုင်နှင့် အခွင့်အလမ်းများ တိုးတက်ဖော်ဆောင်နိုင်ရေးအတွက် ဒေသအလိုက် ကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားလာအောင် ကြိုးပမ်းဆောင်ရွက်မှုမှတစ်ပါး အခြားမရှိသဖြင့် ဒေသအလိုက် တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပြည်သူများအနေဖြင့် ကုန်ထုတ်စွမ်းအားများ မြင့်မားတိုးတက်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။




## တောင်ငူမြို့နယ်၌ မြို့နယ်အဆင့် လူရည်ချွန်ရွေးချယ်ရေးစာမေးပွဲ စတင်ဖြေဆို

တောင်ငူ ဒီဇင်ဘာ ၄

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် အခြေခံပညာဦးစီးဌာနက ကြီးမှူး၍ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် လူရည်ချွန်ရွေးချယ်ရေးစာမေးပွဲဖြေဆိုခြင်းကို ယနေ့နံနက်ပိုင်းက တောင်ငူမြို့ အမှတ် (၅) အခြေခံပညာအထက်တန်းကျောင်း၌ စတင်ကျင်းပလျက်ရှိရာ တောင်ငူမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ ကျောင်းသား ကျောင်းသူများ ဝင်ရောက်ဖြေဆိုလျက်ရှိသည်။

အဆိုပါ လူရည်ချွန်ရွေးချယ်ရေးစာမေးပွဲကို ဒီဇင်ဘာ ၄ ရက်မှ ၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ အထွေထွေဗဟုသုတ၊ ပြင်ပဗဟုသုတ၊ စာရိတ္တနှင့် ပြည်သူ့နီတိ၊ မြန်မာ့ယဉ်ကျေးမှုထုံးစလေ့တို့ကို ရေးဖြေ၊ နှုတ်ဖြေ ဖြေဆိုရမည်ဖြစ်သည်။ ယနေ့မြန်မာစာဘာသာရပ်တွင် Grade -9၊ Grade -10၊ Grade -11 နှင့် Grade-12 တို့မှ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၅၉ ဦး ဝင်ရောက်ဖြေဆိုကြသည်။ မြို့နယ်အဆင့် လူရည်ချွန်ရွေးချယ်ရာတွင် အတန်းတစ်တန်းလျှင် ထူးချွန်သည့် ကျောင်းသားတစ်ဦး၊ ကျောင်းသူတစ်ဦး ရွေးချယ်မည်ဖြစ်ပြီး ရွေးချယ်ခံရသော ကျောင်းသား ကျောင်းသူများသည် ခရိုင်အဆင့်စာမေးပွဲ ဆက်လက်ဖြေဆိုရမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် ဒီဇင်ဘာ ၄

တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် အများအားဖြင့်သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၄ -၁၂-၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၄၀၀ | ၈,၅၀၀ | ၃၅၆ | ၃,၀၂၃,၅၀၀ |
| MTSH | ၃,၂၀၀ | ၃,၂၅၀ | ၆,၅၉၄ | ၂၁,၁၀၅,၉၀၀ |
| MCB | ၈,၃၀၀ | ၈,၃၀၀ | ၅၃ | ၄၃၉,၉၀၀ |
| FPB | ၁,၉၅၀ | ၁,၉၅၀ | ၁,၅၀၃ | ၂,၉၃၀,၈၅၀ |
| TMH | ၂,၉၅၀ | ၃,၁၅၀ | ၂၉၅ | ၉၂၇,၂၅၀ |
| EFR | ၁,၇၅၀ | ၁,၇၅၀ | ၄၄၄ | ၇၇၀,၄၀၀ |
| AMATA | ၄,၅၀၀ | ၄,၇၀၀ | ၂,၀၅၂ | ၉,၂၃၄,၂၀၀ |
| MAEX | ၃,၂၀၀ | ၃,၂၅၀ | ၇၁၈ | ၂,၃၀၅,၂၅၀ |
| MADPL(PLB) | ၃,၃၅၀ | ၃,၃၅၀ | ၅၃၉ | ၁,၈၀၅,၆၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

○ ရှေ့ဖုံးမှ
မြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ပညာရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ ဆေးဝါးကဏ္ဍ၊ စက်မှုကဏ္ဍများနှင့် ခရီးသွားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးနှင့် အခြားနယ်ပယ်အသီးသီးတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်ရေး ကိစ္စရပ်များ၊ ကျောင်းသား ကျောင်းသူများ လေ့လာရေးခရီးစေလွှတ်ရေး၊ သိပ္ပံနှင့် နည်းပညာဆိုင်ရာ ပညာတော်သင်များ စေလွှတ်နိုင်ရေးနှင့် ကာကွယ်ရေးဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ရေး ကိစ္စရပ်များကို ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်နိုင်ငံ သံအမတ်ကြီးတို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဟန္တိုင်းမြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Uladzimir Baravikou အား လက်ခံတွေ့ဆုံစဉ်။

## နှစ်ရှည်သီးနှံဖြစ်သည့် ဆီအုန်းကို စီးပွားဖြစ်ထုတ်လုပ်နိုင်သဖြင့် မျိုးရွေးချယ်မှုသည်အရေးကြီး

မြိတ် ဒီဇင်ဘာ ၄

ဆီအုန်းသည် နှစ်ရှည်သီးနှံဖြစ်ပြီး နှစ်ပေါင်း ၃၀ အတွင်း စီးပွားဖြစ် ထုတ်လုပ်နိုင်သဖြင့် မျိုးရွေးချယ်မှုသည် အလွန်အရေးကြီးကြောင်း မြိတ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အင်ကြင်းခိုင်က ပြောကြားသည်။



### ပြောကြား

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် စန္ဒဝတ်ကျေးရွာအုပ်စု ရွှေဒူးကျေးရွာရှိ နှစ်ရှည်သီးနှံဌာနခွဲ နှစ်ရှည်ပင်များ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးဌာန (မြိတ်)ရုံးခန်းမ၌ ဒီဇင်ဘာ ၂ ရက် နံနက် ၉ နာရီခွဲက ပြုလုပ်သည့် ဆီအုန်းမျိုးစပ်ခြင်းနှင့် ဆီအုန်းမျိုးစေ့အစို့ဖောက်ခြင်း သင်တန်းဖွင့်ပွဲတွင် ၎င်းက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

"မြန်မာနိုင်ငံမှာ ဆီအုန်းက တနင်္သာရီတိုင်းဒေသကြီး တစ်ခုတည်းမှာသာ စိုက်ပျိုးဖြစ်ထွန်းပါတယ်။ မြိတ်၊ ကော့သောင်းဒေသတွေမှာ ဧကအမြောက်အမြား စိုက်ပျိုးထားပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

တနင်္သာရီ တိုင်းဒေသကြီးအတွင်း ဆီအုန်းစိုက်ဧကအနေဖြင့် ၂၀၂၄ ခုနှစ် အောက်တိုဘာလကုန်အထိ ၃၉၅၇၇၂ ဧကရှိပြီး မြိတ်ခရိုင်အတွင်း ၆၁၀၃၈ ဧက စိုက်ပျိုးထားကြောင်း သိရသည်။

"ဆီအုန်းက နှစ်ရှည်သီးနှံဖြစ်တဲ့အတွက်ကြောင့် နှစ်ပေါင်း ၃၀ အတွင်း စီးပွားဖြစ်ထုတ်လုပ်နိုင်ပါတယ်။ ဒါကြောင့် မျိုးရွေးချယ်မှုဟာ အလွန်အရေးကြီးတာကြောင့် မျိုးစပ်ပြီး မျိုးစေ့ထုတ်ယူခြင်းဖြစ်ပါတယ်။ အရင်က ဆီထွက်ကောင်းတဲ့ ဆီအုန်းမျိုးစေ့တွေကို နိုင်ငံခြားက ဝယ်ယူနေရတဲ့အတွက် အခုအချိန်မှာတော့ ဆီထွက်နှုန်းကောင်းတဲ့ ပြည်တွင်း ဆီအုန်းစပ်မျိုးတွေ ထုတ်လုပ်လာနိုင်ပြီဖြစ်ကာ ဆီအုန်းမျိုးစပ်ခြင်း ပညာရပ်ဟာလည်း တန်ဖိုးရှိပြီး အရေးပါပါတယ်" ဟု ဒေါ်အင်ကြင်းခိုင်က ပြောသည်။

တနင်္သာရီ တိုင်းဒေသကြီးအတွင်း ဆီအုန်းစိုက်ဧကပေါင်း ၃၉၅၇၇၂ ဧကရှိပြီး ဆီကြိတ်စက်ရုံများမှာ ထားဝယ်ခရိုင်တွင် တစ်ခု၊ မြိတ်ခရိုင်တွင် တစ်ခု၊ ဘုတ်ပြင်းခရိုင်တွင်နှစ်ခုနှင့် ကော့သောင်းခရိုင်တွင် နှစ်ခု စုစုပေါင်းဆီကြိတ်စက်ရုံခြောက်ခုသာ ရှိကြောင်း၊ ယခုလက်ရှိတွင် ဆီကြိတ်စက်ရုံများသာရှိပြီး ဆီချောထုတ်လုပ်နိုင်သည့်စက်ရုံ မရှိသေးသည့်အတွက် အများပြည်သူစားသုံးနိုင်မည့် ကျန်းမာရေးနှင့်ညီညွတ်သည့် စားသုံးဆီရရှိရန် ဆီချောစက်ရုံတစ်ခုကို တနင်္သာရီတိုင်းဒေသကြီးတွင် တည်ဆောက်ရန် စီစဉ်ဆောင်ရွက်နေကြောင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း၌ ဆီအုန်းစိုက်ပျိုးသည့် ကုမ္ပဏီပေါင်း ၃၉ ခုနှင့် ပုဂ္ဂလိကခြံရှင် ၄၀ နီးပါးခန့် ရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင့်ဦး(မြိတ်)

## လျှပ်စစ်သုံးမော်တော်ယာဉ်နှင့် လျှပ်စစ်သုံး မော်တော်ဆိုင်ကယ်များ တင်သွင်းရောက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၄

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Innogen Myanmar Co., Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC AION S MEI 580 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Unitrust Enterprise Group of Co., Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် AIQAR ICAR 03 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် Myanmar Arr Thit Man Motor Co., Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် YADEA အမျိုးအစား လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Kara-Ool ကို လက်ခံတွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Kara–Ool ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၅)၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ် ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ–ရုရှား နှစ်နိုင်ငံအကြား တိုက်ရိုက်လေကြောင်းခရီးစဉ်များ ပျံသန်းလျက်ရှိမှုအပါအဝင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ၌ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်ကိစ္စရပ်များ၊ ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ ခရီးသွားလုပ်ငန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုလုပ်ငန်းများ ပိုမိုတိုးတက်လာစေရေး တိုးမြှင့်ဆောင်ရွက်သွားမည့်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌတို့သည် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။



တွေ့ဆုံပွဲသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနအကြီးအကဲများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်



# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Kara-Ool ကို လက်ခံတွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၄

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Kara–Ool ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရုံးအမှတ်(၃၅) နေပြည်တော် လောကနတ်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ–ရုရှား နှစ်နိုင်ငံအကြား ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာများကို အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့်ကဏ္ဍများတွင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး၊ အော်သိုဒေါ့ဘုရားကျောင်းတည်ဆောက်ရေးဆိုင်ရာ နှစ်နိုင်ငံအကြား သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်ကိစ္စရပ်များ၊ မြန်မာ–ရုရှားနှစ်နိုင်ငံအကြား လေကြောင်းခရီးစဉ်ဆောင်ရွက်ရန် ကိစ္စရပ်များ၊ မြန်မာ–ရုရှား နှစ်နိုင်ငံအကြား ဘာသာရေးနှင့် ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်ရေး ကမ်းလှမ်းလာမှုအပေါ် ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များ၊ ရိုးရာယဉ်ကျေးမှုများ အပြန်အလှန် လေ့လာဖလှယ်နိုင်ရေးနှင့် ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးအေးထွန်းနှင့် ဒေါ်နုမြဲ၊ အမြဲတမ်းအတွင်းဝန် ဦးမြင့်ဦး၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၄

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Kara–Ool ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက်ပိုင်းတွင် စွမ်းအင်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံရှိ သက်တမ်းရင့်ရေနံမြေများတွင် ခေတ်မီနည်းပညာများ အသုံးပြု၍ ရေနံအထွက်တိုးရေးလုပ်ငန်းများကို ရုရှားကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စ၊ မြန်မာနိုင်ငံ၏ ကုန်းတွင်းနှင့် ကမ်းလွန်လုပ်ကွက်များတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းများကို လာရောက်ရင်းနှီးမြှုပ်နှံ ဆောင်ရွက်ရန်ကိစ္စ၊ ပထဝီနိုင်ငံရေးအရ မြန်မာနိုင်ငံ၏ အချက်အချာကျမှုကို အသုံးချ၍ LNG တင်သွင်းဖြန့်ဖြူးနိုင်မည့်အလားအလာနှင့် လက်ရှိတည်ဆောက်ပြီး ပိုက်လိုင်းကွန်ရက်အား အသုံးပြု၍ LNG ကုန်သွယ်ရေးဆောင်ရွက်နိုင်မည့်ကိစ္စ၊ ရေနံစိမ်းနှင့် ရေနံထွက်ပစ္စည်းများ တင်သွင်းဖြန့်ဖြူးခြင်းကိစ္စ၊ မြန်မာနိုင်ငံတွင် ရေနံချက်စက်ရုံများနှင့် ဓာတ်မြေဩဇာစက်ရုံများ အသစ်တည်ဆောက်ခြင်းနှင့် လက်ရှိစက်ရုံများ အဆင့်မြှင့်တင်မွမ်းမံခြင်း လုပ်ငန်းများတွင် ရုရှားကုမ္ပဏီများ လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရေးကိစ္စ၊ နှစ်နိုင်ငံစွမ်းအင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများအား ထိရောက်စွာ ဆောင်ရွက်ရေးကိစ္စနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ စွမ်းအင်ဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

သတင်းစဉ်






# ပြည်မြို့၌ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်

ပြည် ဒီဇင်ဘာ ၄

ပဲခူးတိုင်းဒေသကြီး ပြည်မြို့၌ ဥပဒေရေးရာ ဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ အခြေခံပညာကျောင်းများတွင် ဥပဒေပညာ သင်ကြားနိုင်ရေးအတွက် Grade–11 နှင့် Grade– 12 ဆရာ ဆရာမများအား ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း အမှတ်စဉ်(၃) ဖွင့်ပွဲအခမ်းအနားကိုယမန်နေ့နံနက်ပိုင်းက ပြည်မြို့အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း သီရိရတနာခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဥပဒေချုပ် ဦးခင်မောင်တင့်က အမှာစကားပြောကြားသည်။

ထို့နောက် တက်ရောက်လာသော ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် သင်တန်းသား သင်တန်းသူ ဆရာဆရာမများအား ဥပဒေရေးရာ ဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်မှတ်တမ်း Video Clip ကို ဖွင့်လှစ်ပြသ၍ သင်တန်းကို စတင်ဖွင့်လှစ်သည်။

အဆိုပါသင်တန်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရာဇသတ်ကြီး၊ လောင်းကစားဥပဒေ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ၊ အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေ၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေနှင့် ပြည်သူ့စစ်မှုထမ်းဥပဒေတို့ကို ဒီဇင်ဘာ ၃ ရက်မှ ၁၂ ရက်အထိ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

ကိုဆက်(ပြန်/ဆက်)

# မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်ကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းအဖြစ် သတ်မှတ်ခံရ

**နေပြည်တော် ဒီဇင်ဘာ ၄**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသည် မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်ကို ယူနက်စကို၏ လူသားမျိုးနွယ်ဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း (Representative List of the Intangible Cultural Heritage of Humanity) တွင် ပါဝင်နိုင်ရေးအတွက် ဆောင်ရွက်ခဲ့ရာ မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်နှင့် ပတ်သက်သည့် အဆိုပြုစာတွဲ (Nomination File)ကို UNESCO ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ကော်မတီ(Committee of Intangible Cultural Heritage) သို့ ၂၀၂၃ ခုနှစ် မတ် ၂၄ ရက်တွင် ပေးပို့တင်သွင်းခဲ့သည်။

မြန်မာနိုင်ငံမှ တင်သွင်းထားသည့် "မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်" အဆိုပြုစာတွဲကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် ပါဝင်နိုင်ရေးနှင့်ပတ်သက်၍ ပါရာဂွေးနိုင်ငံ အာဆွန်စီယွန်မြို့၌ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂ ရက်မှ ၇ ရက်အထိ ကျင်းပသည့် (၁၉)ကြိမ်မြောက် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ညီလာခံတွင် ဒီဇင်ဘာ ၅ ရက်၌ တရားဝင်ဆုံးဖြတ်ခဲ့ပြီးဖြစ်ရာ ယခုဆိုလျှင် မြန်မာနိုင်ငံမှ တင်သွင်းထားသည့် "မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်" သည် ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် မြန်မာနိုင်ငံအနေဖြင့် ပထမဆုံး တရားဝင်ပါဝင်နိုင်ခဲ့ပြီဖြစ်သည်။

ထိုကဲ့သို့ပါဝင်နိုင်ခြင်းသည် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအသင်း အပါအဝင်မြန်မာနိုင်ငံပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့်ပြည်သူများအားလုံး၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကြောင့်ဖြစ်သည်။

"မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်" ကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် ပါဝင်ခြင်းအားဖြင့် "မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်"ကို ကမ္ဘာက ပိုမိုသိရှိလာနိုင်ခြင်း၊ မျိုးဆက်သစ်နောင်လာနောက်သားများကို လက်ဆင့်ကမ်းအမွေပေးအပ်နိုင်ခြင်း၊ အတာသင်္ကြန်ကို ရိုးရာမပျက်ထိန်းသိမ်းကျင်းပနိုင်ရေးအတွက် ပြည်သူလူထု၏ အသိအမြင် ပိုမိုပွင့်လန်းလာစေခြင်း၊ မြန်မာနိုင်ငံ၏ အခြားသော ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း တင်သွင်းနိုင်ရေးအတွက် အတွေ့အကြုံကောင်းများနှင့် အခွင့်အလမ်းကောင်းများ ပိုမိုရရှိလာစေခြင်း စသည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E.Mr.Sholban Kara-Ool Naypyitaw State Academy ၌ "Russia and friendly countries in multipolar world " ခေါင်းစဉ်ဖြင့် သင်ခန်းစာပို့ချစဉ်။



ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E.Mr.Sholban Kara-Ool နှင့်အဖွဲ့အား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ Naypyitaw State Academy ၌ "Russia and friendly countries in multipolar world " ခေါင်းစဉ်ဖြင့် သင်ခန်းစာပို့ချ

**နေပြည်တော် ဒီဇင်ဘာ ၄**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E.Mr. Sholban Kara-Ool သည် ယနေ့ မွန်းလွဲပိုင်းတွင် Naypyitaw State Academy (NSA) မှ ကျောင်းသား ကျောင်းသူများအား "Russia and friendly countries in multipolar world" ခေါင်းစဉ်ဖြင့် သင်ခန်းစာပို့ချသည်။

အဆိုပါ သင်ခန်းစာပို့ချမှုသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ Naypyitaw State Academy မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာနုနုလွင်နှင့် ဒေါက်တာစိုးစိုးအောင်၊ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌက နိုင်ငံ၏ အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ရေး၊ ယဉ်ကျေးမှု အမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေး၊ အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်၍ နိုင်ငံ၏အကျိုးစီးပွားကို မြှင့်တင်ရေး၊ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံ နှစ်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေး တိုးတက်စေရန် နှစ်နိုင်ငံအကြား မဟာဗျူဟာကျသည့် စီမံကိန်းများကို အကောင်အထည်ဖော်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန် ရုရှားနိုင်ငံရှိ တက္ကသိုလ်ကျောင်းများတွင် ဘွဲ့လွန်သင်တန်းများ၊ ဘာသာစကားသင်တန်းများ တက်ရောက်နိုင်ရေး၊ ရုရှားနိုင်ငံမှ ကျောင်းသားကျောင်းသူများကိုလည်း မြန်မာနိုင်ငံရှိ တက္ကသိုလ်ကျောင်းများသို့ နှစ်နိုင်ငံအပြန်အလှန် ပညာတော်သင်များ စေလွှတ်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားပြီး "Russia and friendly countries in multipolar world " ခေါင်းစဉ်ဖြင့် သင်ခန်းစာပို့ချရာ တက်ရောက်ကြသူများ၏ မေးမြန်းဆွေးနွေးချက်များကို ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဆွေးနွေးဖြေကြားသည်။

ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဥက္ကဋ္ဌ ဦးခင်ရီအား နေပြည်တော်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဌာနချုပ် ဧည့်ခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ညပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့အား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဥက္ကဋ္ဌက နေပြည်တော်ရှိ Park Royal ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ **သတင်းစဉ်**

# ရှမ်းတိုင်းရင်းသားများ၏ နှစ်သစ်ကူးပွဲတော်ကျင်းပ

**ဟုမ္မလင်း ဒီဇင်ဘာ ၄**

၂၀၂၄ ခုနှစ် ရှမ်းတိုင်းရင်းသားများ၏ ရှမ်းနှစ် (၂၁၁၉ ခုနှစ်) နှစ်သစ်ကူးပွဲတော်ကို ဒီဇင်ဘာ ၁ ရက် ညနေပိုင်းတွင် ဟုမ္မလင်းမြို့နယ် မောင်းခမ်းစံပြကျေးရွာရှိ အားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ နှစ်သစ်ကူးပွဲတော်အခမ်းအနားကို ရှမ်းတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များက မြေဝိုင်းအက(ကပန်ကောင်း)ဖြင့် ဖွင့်လှစ်ကြသည်။



ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းနိုင်နိုင်ကျော်က နှစ်သစ်မင်္ဂလာစကားပြောကြားပြီး စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က မောင်းခမ်းရှမ်းနှစ်သစ်ကူးပွဲတော်အတွက် ထောက်ပံ့ငွေကျပ်သိန်း ၅၀ နှင့် ဖောင်းပြင်မြို့နယ် ရှမ်းနှစ်သစ်ကူးပွဲတော်အတွက် ကျပ်သိန်း ၃၀ တို့ကို ပွဲတော်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌများထံသို့ ထောက်ပံ့ပေးအပ်ခဲ့သည်။

ယင်းနောက် ပွဲတော်ဖြစ်မြောက်ရေးကော်မတီ အတွင်းရေးမှူး ဦးစိုင်းလှိုင်ငြိမ်းက မျိုးချစ်စိတ်ရှင်သန်ထက်မြက်စေရန်၊ စာပေယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာများ မပျောက်ကွယ်စေရန်နှင့် မျိုးဆက်သစ်များက မိမိလူမျိုးတို့၏ သက်ရှိသက်မဲ့၊ ဒြပ်ရှိဒြပ်မဲ့ ယဉ်ကျေးမှုများကို ဖော်ထုတ်ထိန်းသိမ်းနိုင်စေရန် ရှမ်းရိုးရာအနုသုခုမများကို မြတ်နိုးခုံမင်စေရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များက ရှမ်းဓားသိုင်းအက၊ တိုးနရားအက၊ ကိန္နရီကိန္နရာမောင်နှံအက၊ ရှမ်းရိုးရာအဆိုအကများဖြင့် သီဆိုဖျော်ဖြေကြပြီး ရှမ်းနှစ်သစ်ကူးပွဲတော်ကို တန်ဆောင်မုန်းလကွယ်နေ့မှ နတ်တော်လဆန်း ၁ ရက်နေ့အထိ ဟုမ္မလင်းမြို့နယ်အတွင်းရှိ ကျေးရွာအသီးသီးတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

**ဟုမ္မလင်း(ပြန်/ဆက်)**

# ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် ဒီဇင်ဘာ ၄**

ဘင်္ဂလား ပင်လယ်အော် မြောက်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**မိုး/ဇလ**

စာအုပ်စာပေ လူ့မိတ်ဆွေ

# ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန အားကစားအဖွဲ့အား အောင်နိုင်ရေးအလံပေးအပ်

နေပြည်တော် ဒီဇင်ဘာ ၄

၂၀၂၄ ခုနှစ် ပဋ္ဌမအကြိမ် အမျိုးသားအားကစားပွဲတော်၌ ဝင်ရောက်ယှဉ်ပြိုင်မည့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနကိုယ်စားပြု အားကစားအဖွဲ့အားအောင်နိုင်ရေးအလံပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနအကြီးအကဲများ၊ ဝန်ကြီးဌာနကိုယ်စားပြု အားကစားအသင်းများမှ အသင်းအုပ်ချုပ်သူများ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်ဖြစ်သော **"အားကစား တိုးတက်အောင်မြင်ခြင်းသည် နိုင်ငံသူ နိုင်ငံသားများ၏ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ စွမ်းရည်များကို မြှင့်တင်ပေးနိုင်ပြီး လူသားအရင်းအမြစ်များ တိုက်ရိုက်ဖွံ့ဖြိုးစေနိုင်ကြောင်း"**ဆိုသည့် အချက်ကို အလေးအနက်ထားမှတ်သားဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာပြည့်စုံမှု၊ နည်းစနစ်ကျနမှု၊ စည်းကမ်းလိုက်နာမှုနှင့် အသင်းအဖွဲ့စိတ်ဓာတ်(Team Work)ရှိမှုများသည် ပြိုင်ပွဲအောင်မြင်မှုအတွက် အရေးကြီးသဖြင့် အကောင်းဆုံးပြင်ဆင်၍ အမြင့်ဆုံးအောင်မြင်မှုကို မျှော်မှန်းဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ပါဝင်ယှဉ်ပြိုင်မည့် အားကစားသမားများအနေဖြင့် တစ်ဦးချင်းကျန်းမာရေး၊ ထိခိုက်ဒဏ်ရာရမှုမရှိစေရေးတို့ကို ဂရုစိုက်ရန် မှာကြားပြီး အားကစားအသင်းအောင်နိုင်ရေးအလံကို ပေးအပ်သည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် ပဋ္ဌမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဘောလုံး(အမျိုးသား)၊ ဖူဆယ်(အမျိုးသား)၊ ဘော်လီဘော(အမျိုးသား/အမျိုးသမီး)၊ ပိုက်ကျော်ခြင်း (အမျိုးသား)၊ ဂေါက်သီးရိုက်နှင့် ပြေးခုန်ပစ် (အမျိုးသား/ အမျိုးသမီး) စသည့်အားကစားနည်းများအတွက် စုစုပေါင်းအားကစားသမား ၁၀၃ ဦး ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်နိုင်ငံသံအမတ်ကြီး H.E. Mr. Uladzimir Baravikou အား လက်ခံတွေ့ဆုံ



နေပြည်တော် ဒီဇင်ဘာ ၄

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ဟန္နွိုင်းမြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်နိုင်ငံသံအမတ်ကြီး H.E. Mr. Uladzimir Baravikou အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့အကြား (၂၅) နှစ်ပြည့် သံတမန်ဆက်ဆံရေးအထိမ်းအမှတ်များ ကျင်းပသွားရေး၊ နှစ်နိုင်ငံကုန်သွယ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးကဏ္ဍများအပါအဝင် ကဏ္ဍစုံ၌ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးကိစ္စရပ်များနှင့် ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှတစ်ဆင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်သွားရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

**သတင်းစဉ်**

# မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စီမံကိန်းစတင်ခြင်းအခမ်းအနားကျင်းပ



နေပြည်တော် ဒီဇင်ဘာ ၄

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနသည် မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အထူးရန်ပုံငွေ (၂၀၂၄) ဖြင့် စီမံကိန်းနှစ်ခု အကောင်အထည်ဖော် ဆောင်ရွက်ခွင့်ရရှိခဲ့ပြီး အဆိုပါစီမံကိန်းများ စတင်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ Second Secretary Mr. Zhang Zhonghua၊ သက်ဆိုင်ရာဌာနများမှ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာပြည်ထောင်စုဝန်ကြီးက အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် ယခုနှစ်တွင် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အထူးရန်ပုံငွေ (၂၀၂၄) ၏ စီမံကိန်းနှစ်ခုဖြစ်သော "စိုက်ပျိုးရေးကုန်ကြမ်းသီးနှံ အခြေခံအသေးစား ကုန်ထုတ်လုပ်ငန်းများ မြှင့်တင်ခြင်းစီမံကိန်း" နှင့် "အသေးစားလုပ်ငန်းများ မြှင့်တင်ခြင်းနှင့် ဒစ်ဂျစ်တယ် စီးပွားရေး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး အတွက် အသေးစားနှင့် အငယ်စားစက်မှုလုပ်ငန်းများ၏ ဒစ်ဂျစ်တယ်နည်းပညာကျွမ်းကျင်မှုမြှင့်တင်ခြင်း စီမံကိန်း"တို့ကို ဆောင်ရွက်ခွင့်ရရှိခဲ့ကြောင်း၊ အဆိုပါစီမံကိန်းနှစ်ခုကို ၂၀၂၄ ခုနှစ် စက်တင်ဘာလမှ ၂၀၂၆ ခုနှစ် ဩဂုတ်လအထိ နှစ်နှစ်တာကာလအတွင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

အဆိုပါစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် အရည်အသွေးပြည့်မီပြီး ဘေးအန္တရာယ်ကင်းရှင်းသော တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်ပစ္စည်းများ ထုတ်လုပ်လာနိုင်ခြင်း၊ အသေးစားကုန်ထုတ်လုပ်ငန်းများ၏ ကုန်ထုတ်စွမ်းအားကို မြှင့်တင်ပေးနိုင်ခြင်း၊ ကုန်ထုတ်လုပ်ငန်းရှင်များနှင့် ပြည်သူများအနေဖြင့် Food Safety ဆိုင်ရာအသိပညာများကို ကျယ်ကျယ်ပြန့်ပြန့်သိရှိလာစေခြင်း၊ နိုင်ငံအတွင်းရှိ ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝများကို မြှင့်တင်ပေးရာရောက်ပြီး နိုင်ငံတော်၏ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ Second Secretary Mr. Zhang Zhonghua နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု ပူးပေါင်းညှိနှိုင်းရေးအဖွဲ့(မြန်မာ)မှ တာဝန်ရှိသူတစ်ဦးတို့က မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အထူးရန်ပုံငွေ (၂၀၂၄) ဖြင့် ဆောင်ရွက်မည့်စီမံကိန်းနှစ်ခုနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အထူးရန်ပုံငွေဖြင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် စီမံကိန်း ၁၅ ခုအနက် စီမံကိန်းကိုးခုဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်ဆဲလုပ်ငန်းများဆိုင်ရာ Video Clip ကို ပြသပြီး ပြည်ထောင်စုဝန်ကြီးသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အထူးရန်ပုံငွေ (၂၀၂၄) ဖြင့် ဆောင်ရွက်မည့်စီမံကိန်းများဖြစ်သော "စိုက်ပျိုးရေးကုန်ကြမ်းသီးနှံအခြေခံ အသေးစားကုန်ထုတ်လုပ်ငန်းများမြှင့်တင်ခြင်းစီမံကိန်း"ဖြင့် တရုတ်နိုင်ငံမှပညာရှင်များ ဖိတ်ခေါ်ပြီး ဌာနရှိ နည်းပြများကို ToT သင်တန်းပေးခြင်း၊ ဌာနရှိ နည်းပြများက ကျေးလက်နှင့် မြို့ပြရှိ အသေးစား ကုန်ထုတ်လုပ်ငန်းရှင်များကို စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ MSME Business Plan Training နှင့် Food Safety Training သင်တန်းများပေးခြင်း၊ စီမံကိန်းစောင့်ကြည့်လေ့လာအကဲဖြတ်ခြင်းများ (M&E) ပြုလုပ်ခြင်း၊ စားသောက်ကုန်ထုတ်လုပ်မှုဆိုင်ရာ အသိပညာများ ပိုမိုသိရှိလာစေရေးအတွက် လေ့လာရေးခရီးစေလွှတ်ခြင်းတို့ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်မည့် ဝန်ကြီးဌာနကိုယ်စားပြုအားကစားအဖွဲ့များအား တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၄**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်မည့် ဝန်ကြီးဌာနကိုယ်စားပြုအားကစားအဖွဲ့များအား တွေ့ဆုံပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ်(၃၄)၌ ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ယနေ့အချိန်အခါတွင် နိုင်ငံတော်အနေဖြင့် လူမှုရေးဦးတည်ချက်(၃)ရပ် ချမှတ်ပြီး အားကစားကဏ္ဍ တိုးတက်လာရေးကို အားပေးမြှင့်တင်ဆောင်ရွက်ပေးလျက်ရှိရာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အနေဖြင့်လည်း တက်ကြွစွာ ပါဝင်အားဖြည့်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အဆင့်ကျင်းပသည့် အမျိုးသားအားကစားပွဲတော်တွင် "အနိုင်/အရှုံးသည် ပဓာနမဟုတ်၊ ယှဉ်ပြိုင်ခြင်းသာအဓိက" ဟူသော အားကစားစိတ်ဓာတ်ကိုအခြေခံ၍ ယှဉ်ပြိုင်ကြရန်ဖြစ်ကြောင်း၊ နိုင်ငံတော်ကကြီးမှူးကျင်းပသည့် အားကစားပြိုင်ပွဲများတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် အောင်မြင်မှုအစဉ်အလာများစွာ ရှိခဲ့ကြောင်း၊ ဝန်ကြီးဌာန၏ဂုဏ်ကို မြှင့်တင်နိုင်စေရေးနှင့် နိုင်ငံတော်အတွက် ထူးချွန်အားကစားသမားများ ပေါ်ထွန်းလာစေရေးအတွက်






အစွမ်းကုန် ကြိုးစားယှဉ်ပြိုင်သွားကြရန်နှင့် အောင်ပန်းဆွတ်ခူးရရှိနိုင်စေရန် ဆန္ဒပြုတိုက်တွန်းကြောင်း ပြောကြားသည်။

ယင်းနောက် ဝန်ကြီးဌာနကိုယ်စားပြုအားကစားအဖွဲ့ တစ်ခုချင်းစီ၏ အုပ်ချုပ်သူများက ကြိုးပမ်းလေ့ကျင့်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ဘောလုံး၊ ဖူဆယ်၊ ဂေါက်သီး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်းနှင့် ပြေးခုန်ပစ် အားကစားနည်းခြောက်မျိုးတွင် အားကစားသမား ၁၁၅ ဦးတို့ဖြင့် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ပညာရေးဝန်ကြီးဌာနအားကစားအဖွဲ့ထံ အောင်နိုင်ရေးအလံအပ်နှင်း

**နေပြည်တော် ဒီဇင်ဘာ ၄**

၂၀၂၄ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ပညာရေးဝန်ကြီးဌာန အားကစားအဖွဲ့အား အောင်နိုင်ရေးအလံအပ်နှင်းခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃)ရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဒေါက်တာမိုးဇော်ထွန်း၊ တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာန ကိုယ်စားပြုအားကစားအဖွဲ့များမှ အုပ်ချုပ်သူများ၊ နည်းပြများ၊ အားကစားသမားများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပညာရေးဝန်ကြီးဌာနအနေဖြင့်လည်း ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝန်ကြီးဌာနအဆင့်၌ ပြေးခုန်ပစ်(အမျိုးသား/အမျိုးသမီး)၊ ဘောလုံး




(အမျိုးသား)၊ ဖူဆယ်(အမျိုးသား)၊ ဂေါက်သီး (အမျိုးသား)၊ ပိုက်ကျော်ခြင်း(အမျိုးသား)နှင့် ဘော်လီဘော (အမျိုးသား/ အမျိုးသမီး) အားကစားနည်း ခြောက်မျိုးတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အဖွဲ့ခေါင်းဆောင်၊ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားစုစုပေါင်း ၁၅၅ ဦးဖြင့် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း။

ပညာရေးဝန်ကြီးဌာနအနေဖြင့် အရည်အသွေးပြည့်ဝသော အားကစားသမားများက အားကစားစိတ်ဓာတ်အပြည့်အဝနှင့် ပြိုင်ပွဲများအားလုံးကို တက်တက်ကြွကြွပါဝင်ယှဉ်ပြိုင်ပြီး ကြိုးပမ်းမှုနှင့် ထိုက်ထိုက်တန်တန် အောင်မြင်မှုများဆွတ်ခူးရရှိနိုင်မည်ဟုယုံကြည်ပါကြောင်း၊ အားကစားစိတ်ဓာတ်အပြည့်ဖြင့် မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယများနှင့် လေ့ကျင့်ချည်းကျန် အလံမလှဲအားသွန်ခွန်စိုက်ကြိုးပမ်းပါဝင်ယှဉ်ပြိုင်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားပြီး ပညာရေးဝန်ကြီးဌာန အားကစားအဖွဲ့များကိုယ်စား အဖွဲ့ခေါင်းဆောင် ပါမောက္ခချုပ် ဒေါက်တာတင်ထွန်းကို အောင်နိုင်ရေးအလံအပ်နှင်းသည်။

ဆက်လက်၍ အားကစားအဖွဲ့များခေါင်းဆောင် ဒေါက်တာတင်ထွန်းက အားကစားအဖွဲ့များ၏ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက အမျိုးသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ကြမည့် အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးကိုယ်စားပြု အားကစားသမားများထံ အောင်နိုင်ရေးအလံပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၄**

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ကိုယ်စားပြု အားကစားသမားများအား အောင်နိုင်ရေးအလံပေးအပ်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး၊ ဒုတိယစာရင်းစစ်ချုပ်နှင့် တာဝန်ရှိသူများ၊ အားကစားအသင်းအုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြပြီး ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံးမှ တာဝန်ရှိသူများက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုစာရင်းစစ်ချုပ်က ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်၌ ပါဝင်ယှဉ်ပြိုင်ရာတွင် အနိုင်၊ အရှုံးကို အဓိကမထားဘဲ အားကစားနည်းအလိုက် အားကစားစိတ်ဓာတ် အပြည့်အဝထားရှိ၍ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြစေလိုကြောင်း၊ အားကစားသမားအချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် သတ်မှတ်ထားသည့်အားကစားနည်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို




လိုက်နာ၍ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများဖြစ်စေရေး အကောင်းဆုံးကြိုးစားသွားကြစေလိုကြောင်းပြောကြားပြီး အားကစားအသင်းများ၏ အဖွဲ့ခေါင်းဆောင်အား အောင်နိုင်ရေးအလံပေးအပ်ကာ အားကစားပစ္စည်း၊ ဆေးဝါးနှင့် အားဖြည့်အစားအစာများကို ဆက်လက်ပေးအပ်ရာ အားကစားနည်းအလိုက် အသင်းခေါင်းဆောင်များက လက်ခံရယူကြသည်။

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက ပြေးခုန်ပစ်(အမျိုးသား/အမျိုးသမီး)၊ ဖူဆယ်(အမျိုးသား)၊ တန်းကျော်ပြေး(မီတာ ၂၀၀၊ မီတာ ၄၀၀)၊ သံလုံး သံပြားဝိုင်းပစ်နှင့် အပြေး(မီတာ ၂၀၀) စသည့် အားကစားနည်းများတွင် အားကစားအဖွဲ့ဝင် ၂၂ ဦးဖြင့် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးသုတေသနဦးစီးဌာန သုတေသနစာတမ်းများ ဖိတ်ခေါ်

**နေပြည်တော် ဒီဇင်ဘာ ၄**

မွေးမြူရေးသုတေသနဦးစီးဌာန(ရေဆင်း) နေပြည်တော်၌ တတိယအကြိမ်မြောက် မွေးမြူရေးဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲကို ၂၀၂၅ ခုနှစ် ဧပြီ ၁ ရက်တွင် "Towards Sustainable Food System through Collaboration in Livestock and Aquaculture Research" "စားရေရိက္ခာ ရေရှည်တည်တံ့ဖူလုံဖို့ သားငါးသုတေသန ပူးပေါင်းဆောင်ရွက်စို့" ခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်သည်။

ဈေးကွက်ဝင် တန်ဖိုးမြှင့် မွေးမြူရေးထုတ်ကုန်ဆိုင်ရာများ၊ ရေရှည်တည်တံ့စေမည့် မွေးမြူထုတ်လုပ်ရေးနည်းစနစ်ဆိုင်ရာများ၊ တိရစ္ဆာန်အစာနှင့် အာဟာရဗေဒဆိုင်ရာများ၊ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာများ၊ မွေးမြူရေးအခြေပြု လူမှုစီးပွားရေးဆိုင်ရာနယ်ပယ်များမှ သုတေသနစာတမ်းများကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၀ ရက် နောက်ဆုံးထား၍ တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်နှိုးဆော်အပ်ပါသည်။

အသေးစိတ်ကို ဦးစီးဌာန၏ ဝက်ဘ်ဆိုက်လိပ်စာ https://www.dlar.moali.gov.mm တွင်လည်းကောင်း၊ ဒေါက်တာဆောဘောမ် ဒုတိယညွှန်ကြားရေးမှူးချုပ် ဖုန်း ၀၉-၂၅၀၂၀၅၉၉၀၊ email sawwetdlar@gmail.com သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်သည်။ **သတင်းစဉ်**



ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ကရင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။
ဓာတ်ပုံ – မျိုးထက်ဦး



ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးအသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

❖ **ကျောဖုံးမှ**

နှစ်ပွဲပြတ်၊ မန္တလေးတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ ကရင်ပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ ရှမ်းပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက မွန်ပြည်နယ်အသင်းကို နှစ်ပွဲ တစ်ပွဲ၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**အမျိုးသမီးပိုက်ကျော်ခြင်းပြိုင်ပွဲ**

အမျိုးသမီး နှစ်ယောက်တွဲပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ကရင်ပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို နှစ်ပွဲပြတ်၊ မကွေးတိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲ၊ ပဲခူးတိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ မန္တလေးတိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို နှစ်ပွဲပြတ်၊ မကွေးတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲ တစ်ပွဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ မွန်ပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီး အသင်းကို နှစ်ပွဲ တစ်ပွဲ၊ ရခိုင်ပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်၂၃နှစ်အောက်ဘတ်စကက်ဘောပြိုင်ပွဲကို ရွှေကြာပင်အားကစားရုံ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို ရမှတ်(၈၃–၃၀) မှတ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အသင်းက တနင်္သာရီတိုင်းဒေသကြီး အသင်းကို ရမှတ် (၇၉–၃၂) မှတ်ဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို ရမှတ်(၉၆–၆၆) မှတ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက ကယားပြည်နယ်အသင်းကိုရမှတ် (၇၀–၃၄) မှတ်ဖြင့်လည်းကောင်း၊ ကချင်ပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို ရမှတ် (၇၅–၂၆) မှတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲ ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဖူဆယ်အားကစားရုံ၌ ကျင်းပရာအမျိုးသား ဖူဆယ်ဘောလုံးပြိုင်ပွဲတွင် ရခိုင်ပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို လေးဂိုး – နှစ်ဂိုး၊ မကွေးတိုင်းဒေသကြီး အသင်းက မွန်ပြည်နယ်အသင်းကို နှစ်ဂိုး – ဂိုးမရှိ၊ ရှမ်းပြည်နယ်အသင်းက စစ်ကိုင်း တိုင်းဒေသကြီးအသင်းကို ငါးဂိုး–တစ်ဂိုး၊ မန္တလေးတိုင်းဒေသကြီးအသင်းက ကယားပြည်နယ်အသင်းကို ခြောက်ဂိုး – ဂိုးမရှိ၊ ကချင်ပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို၁၀ ဂိုး– တစ်ဂိုး၊ ရန်ကုန်တိုင်းဒေသကြီး အသင်းက ပဲခူးတိုင်းဒေသကြီး အသင်းကို နှစ်ဂိုး– ဂိုးမရှိဖြင့် လည်းကောင်း၊ အမျိုးသမီးဖူဆယ်ဘောလုံးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး အသင်းက ကချင်ပြည်နယ်အသင်းကို တစ်ဂိုး– ဂိုးမရှိ၊ မွန်ပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို သုံးဂိုး– ဂိုးမရှိ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ပဲခူးတိုင်းဒေသကြီး အသင်းကို ငါးဂိုး– တစ်ဂိုးဖြင့် လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**စာမျက်နှာ ၉ သို့ ✰**



ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသားဘော်လီဘော ပြိုင်ပွဲတွင် နေပြည်တော် အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီး အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။
ဓာတ်ပုံ – မျိုးထက်ဦး



ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် နေပြည်တော်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီးပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသားဘောလုံးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီးဖူဆယ်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ဓာတ်ပုံ- မျိုးထက်ဦး



ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား ဘော်လီဘောပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ဓာတ်ပုံ- မျိုးထက်ဦး

☆ စာမျက်နှာ ၈ မှ

ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၀ နှစ်အောက် ဘော်လီဘောပြိုင်ပွဲများကို ဝဏ္ဏသိဒ္ဓိ အားကစားကွင်း(B)ရှိ၌ ကျင်းပရာ အမျိုးသား ဘော်လီဘောပြိုင်ပွဲတွင် ကယားပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို သုံးပွဲ နှစ်ပွဲ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ရန်ကုန်တိုင်းဒေသကြီး အသင်းကို သုံးပွဲ နှစ်ပွဲ၊ မန္တလေးတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို သုံးပွဲ နှစ်ပွဲဖြင့် လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**အမျိုးသားဘောလုံးပြိုင်ပွဲများ**

ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲများကို ဝဏ္ဏသိဒ္ဓိ အားကစားကွင်း လေ့ကျင့်ရေးကွင်း(၃)/(၄) တို့တွင် ယှဉ်ပြိုင်ကစားကြရာ မွန်ပြည်နယ်အသင်းနှင့် ချင်းပြည်နယ်အသင်းတို့က ဂိုးမရှိ သရေဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို လေးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။



ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသားဘောလုံးပြိုင်ပွဲတွင် မွန်ပြည်နယ်အသင်းနှင့် ချင်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်၂၅ နှစ်အောက် အမျိုးသမီး ဘောလုံးပြိုင်ပွဲ ပွဲစဉ်များကို ဘောဂဝတီ အားကစားကွင်းနှင့် လယ်ဝေးမြို့နယ် အားကစားကွင်းတို့၌ ယှဉ်ပြိုင်ကစားကြရာ ပဲခူးတိုင်းဒေသကြီးအသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့က တစ်ဖက်နှစ်ဂိုးစီဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲများကို ပေါင်းလောင်းအားကစားကွင်း၊ ရွှေကြာပင်အားကစားကွင်းနှင့် လယ်ဝေး TC-2 အားကစားကွင်းတို့၌ ယှဉ်ပြိုင်ကစားကြရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းက စွမ်းအင်ဝန်ကြီးဌာနအသင်းကို နှစ်ဂိုး- ဂိုးမရှိဖြင့်လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန အသင်းက လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန အသင်းကို တစ်ဂိုး - ဂိုးမရှိဖြင့် လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အသင်းကို ငါးဂိုး- ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ယနေ့ကျင်းပသည့် အားကစားပြိုင်ပွဲများသို့ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အားကစားနည်းအလိုက်အဖွဲ့ချုပ်များမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများနှင့် အားကစားဝါသနာရှင် ပြည်သူများ စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုအားပေးကြသည်။

အမျိုးသား အားကစားပွဲတော်ကို ရန်ကုန်မြို့၌ ၁၉၅၂ ခုနှစ်တွင် ပထမအကြိမ်၊ ၁၉၅၄ ခုနှစ်တွင် ဒုတိယအကြိမ်၊ ၁၉၅၇ ခုနှစ်တွင် တတိယအကြိမ် ကျင်းပခဲ့ပြီး နေပြည်တော်၌ ၂၀၁၅ ခုနှစ်တွင် စတုတ္ထအကြိမ် ကျင်းပခဲ့ကာ ယခု ၂၀၂၄ ခုနှစ်တွင် ပဥ္စမအကြိမ် အမျိုးသား အားကစားပွဲတော်ကြီးကို ပြန်လည်ကျင်းပနိုင်ခဲ့ခြင်းဖြစ်ပြီး အားကစားသမား ၉၀၀၀ ကျော် ပါဝင်ယှဉ်ပြိုင်ကစားလျက်ရှိကြောင်း သိရသည်။

မသန်စွမ်းရေကူး(အမျိုးသား/အမျိုးသမီး) မီတာ ၅၀ အလွတ်ကူးပြိုင်ပွဲနှင့် ရင်ပေါင်တန်းကူးပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိရေကူးကန်၌ လည်းကောင်း၊ မသန်စွမ်းမျက်မြင်စစ်တုရင်(အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲများကို လယ်ဝေးအားကစားကွင်း၌ လည်းကောင်း၊ မသန်စွမ်းထိုင်လျက် ဘော်လီဘော(အမျိုးသား)ပြိုင်ပွဲနှင့် မသန်စွမ်း ပြေးခုန်ပစ် (အမျိုးသား/ အမျိုးသမီး) ပြိုင်ပွဲများကို လယ်ဝေး TC-2အားကစားကွင်း၌လည်းကောင်း ဒီဇင်ဘာ ၅ ရက် နံနက်ပိုင်းမှစတင်၍ ယှဉ်ပြိုင်ကစားသွားကြမည် ဖြစ်ရာ အားကစားဝါသနာရှင် မိတ်ပြည်သူများအနေဖြင့် မည်သူမဆို လာရောက်ကြည့်ရှု အားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ဓာတ်ပုံ- မျိုးထက်ဦး



ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ကချင်ပြည်နယ်အသင်းနှင့် ကယားပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ပြည်ထောင်စုနယ်မြေ မကျည်းပင်ကျေးရွာအုပ်စု ညောင်ပင်သာကျေးရွာ ပြန်လည်ထူထောင်ရေးစီမံကိန်း ဖော်ဆောင်နေမှုသွားရောက်ကြည့်ရှု



နေပြည်တော် ဒီဇင်ဘာ ၄

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း၊ အမြဲတမ်းအတွင်းဝန်၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့်အတူ နေပြည်တော်ပြည်ထောင်စုနယ်မြေ မကျည်းပင်ကျေးရွာအုပ်စု ညောင်ပင်သာကျေးရွာသို့ သွားရောက်၍ ပြန်လည်ထူထောင်ရေးစီမံကိန်းဖော်ဆောင်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုသည်။

ပြောကြား

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ညောင်ပင်သာကျေးရွာမှ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ ဒေသခံများနှင့်တွေ့ဆုံ၍ ကျေးရွာအား ဝန်ကြီးဌာနမှ ဖော်ဆောင်လျက်ရှိသည့် ခရီးသွားစံပြကျေးရွာများအနက် တစ်ရွာအဖြစ်ပါဝင်လာနိုင်ရန် ဟိုတယ်နှင့် ခရီးသွားအသင်းအဖွဲ့များ၊ ကျေးရွာသူ ကျေးရွာသားများ ဝိုင်းဝန်းပူးပေါင်းကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကျေးရွာ၌ လူထုအခြေပြု သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖော်ဆောင်နိုင်ပါက ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များကို ဆွဲဆောင်ဖိတ်ခေါ်နိုင်ပြီး ဒေသခံများ၏ လူမှုစီးပွား ဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည်ဖြစ်ကြောင်း၊ ကျေးရွာရှိဒေသခံများအနေဖြင့် မိမိတို့၏ ရပ်ရွာအေးချမ်းသာယာဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုအခြေအနေများ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားမည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက ညောင်ပင်သာကျေးရွာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် နေပြည်တော်ကောင်စီဝင်တို့က ဒေသခံများထံသို့ စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ပြီး ကျေးရွာအတွင်း Community Center တည်ဆောက်မှုအခြေအနေနှင့် လူထုအခြေပြု သဘာဝအခြေခံခရီးသွားလုပ်ငန်းဖော်ဆောင်နိုင်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ရေဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်သည့် တောင်သူများနှင့် တွေ့ဆုံပွဲအခမ်းအနားတက်ရောက်



ပုသိမ် ဒီဇင်ဘာ ၄

ဧရာဝတီတိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် ယနေ့ညနေပိုင်းတွင် ဟင်္သာတမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သော ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်သည့်တောင်သူများနှင့် တွေ့ဆုံပွဲအခမ်းအနား တက်ရောက်သည်။

ဦးစွာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆီထွက်သီးနှံများဖြစ်သော မြေပဲ၊ နှမ်း၊ နေကြာများ သတ်မှတ်ကာလအတွင်း စိုက်ပျိုးနိုင်မှုအခြေအနေ၊ မျိုးရရှိမှု၊ ရေရရှိမှုအခြေအနေ၊ မြေအခြေအနေများကို သိရှိပေါင်းစပ်ညှိနှိုင်းပေးရန်ဖြစ်ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးသည် မြေသယံဇာတ ကြွယ်ဝသောကြောင့် သီးနှံမျိုးစုံ နွေ၊ မိုး၊ ဆောင်း စိုက်ပျိုးလျက်ရှိကြောင်း၊ ဆီဖူလုံရေးအတွက် ပဲပုပ်ဆီထုတ်လုပ်နိုင်ရေး တိုးချဲ့စိုက်ပျိုးရန်နှင့် ပဲပုပ်သည် စားသုံးဆီရရှိသည့်အပြင် ပဲပုပ်ဖတ်ကို တိရစ္ဆာန်အစာအဖြစ် အသုံးပြုနိုင်သဖြင့် တိုးချဲ့စိုက်ပျိုးရန် လိုအပ်ကြောင်း၊ မိုးစပါးပျက်စီးကေသုံးသိန်းကျော်ကိုလည်း ရာနှုန်းပြည့် ပြန်လည်စိုက်ပျိုးပြီးဖြစ်ကြောင်းနှင့် ဆီထွက်သီးနှံ ပန်းတိုင်အထွက်နှုန်းရရှိစေရေးနှင့် စိုက်ကေများ ပြည့်မီစွာ စိုက်ပျိုးနိုင်ရေး ဆီထွက်သီးနှံ အထူးဇုန် တာဝန်ခံများ၊ တိုင်းတာဝန်ခံများ၊ တောင်သူများက ဆီထွက်သီးနှံ စိုက်ပျိုးရန် လိုအပ်သည့် မျိုး၊ ရေ၊ မြေအခြေအနေများ၊ စိုက်ပျိုးရန် အချိန်ကာလသင့်တော်မှု၊ အောင်မြင်ဖြစ်ထွန်းမှုများကို ဆွေးနွေးပေးရန် အမှာစကားပြောကြားသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက ဆီထွက်သီးနှံစိုက်ပျိုးထားရှိမှု၊ ပန်းတိုင်အထွက်နှုန်းရရှိနိုင်ရေး ဆောင်ရွက်ထားရှိမှု၊ ၂၀၂၃-၂၀၂၄ ခုနှစ် ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှု၊ ၂၀၂၄-၂၀၂၅ ဆီထွက်သီးနှံ စိုက်ပျိုးမှု၊ ၂၀၂၄ - ၂၀၂၅မှ ၂၀၂၇-၂၀၂၈ ခုနှစ်အထိ နှစ်အလိုက် နေကြာသီးနှံ တိုးချဲ့စိုက်ပျိုးမည့် အစီအစဉ်များ၊ ဧရာဝတီတိုင်းဒေသကြီး ဆီထွက်သီးနှံအထူးဇုန်(၁) တာဝန်ခံ၊ ဧရာဝတီ ဆီထွက်သီးနှံ အထူးဇုန် (၂) တာဝန်ခံတို့က ဆီထွက်သီးနှံ အထူးဇုန်လုပ်ငန်းဆောင်ရွက်မှု၊ အထွက်တိုးမျိုးကောင်းမျိုးသန့်များ စုဆောင်းထားရှိမှု၊ သွင်းအားစုရရှိမှု အခြေအနေများ၊ အချိန်မီ စိုက်ပျိုးနိုင်ရေးဆောင်ရွက်ထားရှိမှု၊ ပျားပုံးများစုဆောင်းထားရှိမှု၊ တောင်သူအသိပညာပေး ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ဆီစက်လုပ်ငန်းရှင်တစ်ဦးက ဆီကြိတ်ခွဲမှုအခြေအနေများကို ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဦးရဲတင့် မန္တလေးမြို့ Art Centre နှင့် မန္တလေးပုံနှိပ်စက်ရုံ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၄

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ Art Centre သို့ရောက်ရှိပြီး တာဝန်ရှိသူများ၊ ဆက်လက်ဆောင်ရွက်မည့်ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ တည်ဆောက်ရေးဆိုင်ရာကိစ္စများ ညှိနှိုင်းဆွေးနွေးကာ ရေရှည်ဆောင်ရွက်ရမည်ဖြစ်သော်လည်း ယခုဘဏ္ဍာနှစ်အတွင်း ပြီးစီးနိုင်မည့် အခြေခံလိုအပ်ချက်များ ဆက်လက်တည်ဆောက်ရေး ညှိနှိုင်းခဲ့သည်။

မွန်းလွဲပိုင်းတွင် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန မန္တလေးပုံနှိပ်စက်ရုံသို့ ရောက်ရှိပြီး ကျောင်းသုံးစာအုပ်များ ပုံနှိပ်ထုတ်လုပ်မှု၊ စက်များပြုပြင်ကွဲခိုင်ရေးပြုလုပ်နေမှု၊ ပစ္စည်းများသိုလှောင်ထားရှိမှုနှင့် အဆောက်အအုံများကို ကြည့်ရှုစစ်ဆေးသည်။ (ယာပုံ)

ထို့နောက် စက်ရုံအစည်းအဝေးခန်းမ၌ စက်ရုံမှူးနှင့်မန္တလေးမြို့ရှိ ပြန်ကြားရေးဝန်ကြီးဌာနအောက် ဌာနများမှ တာဝန်ခံအရာရှိများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ စစ်ကိုင်းဇုန်နယ်မှူးတို့အားတွေ့ဆုံ၍ လုံခြုံရေးကိစ္စ၊ ဝန်ထမ်းရေးရာကိစ္စများနှင့် လုပ်ငန်းဆိုင်ရာကိစ္စများ၊ သန့်ရှင်းရေးနှင့် မီးဘေးအန္တရာယ် ကာကွယ်ရေးတို့အတွက် လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့သည်။

သတင်းစဉ်





# သနပ်ပင်မြို့၌ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အကြိုပြိုင်ပွဲများကျင်းပ

သနပ်ပင် ဒီဇင်ဘာ ၄

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အကြို ဉာဏစွမ်းရည်ပြိုင်ပွဲများကို အခြေခံပညာအထက်တန်းကျောင်း(သနပ်ပင်)ရှိ ဇီဇဝါခန်းမ၌ ဒီဇင်ဘာ ၃ ရက်က စတင်ကျင်းပသည်။

အဆိုပါပြိုင်ပွဲများကို မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြရာ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ၁၇ ဦး၊ အလယ်တန်းအဆင့်တွင် ၂၃ ဦး၊ ကျပန်းစကားပြောပြိုင်ပွဲတွင် အထက်တန်းဆင့် ၁၄ ဦး၊ စာဖတ်စွမ်းရည်ပြိုင်ပွဲတွင် ၁၃ ဦး၊ ပန်းချီပြိုင်ပွဲတွင် အထက်တန်းဆင့် ၁၀ ဦး၊အလယ်တန်းဆင့် ၁၅ ဦး၊ ကဗျာရွတ်ဆိုပြိုင်ပွဲတွင် မူလတန်းအဆင့် ၁၉ ဦးနှင့် ပုံပြင်ပြောပြိုင်ပွဲတွင် အလယ်တန်းဆင့် ၁၇ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၁၂၈ ဦး ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# မြန်မာ့အမွေအနှစ် ဒြပ်မဲ့ယဉ်ကျေးမှုများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ပင်ဖြစ်သည်

ကိုညာဏ်လေး (စေရာမြေ)

၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့မှ ၇ ရက်နေ့အထိ ပါရာဂွေးနိုင်ငံတွင် ကျင်းပလျက်ရှိသည့် (၁၉)ကြိမ်မြောက် UNESCO (United Nations Educational, Scientific and Cultural Organization) ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာညီလာခံ (Intergovernmental Committee for the Safeguarding of the Intangible Cultural Heritage) ၌ မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်အား မြန်မာတို့၏ ကိုယ်ပိုင်ဒြပ်မဲ့ယဉ်ကျေးမှုအဖြစ် မဲခွဲအတည်ပြုဆုံးဖြတ်ကြရန် စီစဉ်ထားကြောင်း ကြားသိရပါသည်။ အတာသင်္ကြန်ပွဲတော်ဟူသည် ရှေးနှစ်ထောင်ပေါင်းများစွာမှသည် ယနေ့တိုင်အောင် နှစ်စဉ် မပျက်မကွက် ကျင်းပလျက်ရှိသည့် မြန်မာ့ရိုးရာနှစ်သစ်ကူးပွဲတော်တစ်ခုပင်ဖြစ်ပါသည်။ နှစ်စဉ်နှစ်တိုင်း မြန်မာတစ်မျိုးသားလုံး အပါအဝင် ကမ္ဘာလှည့်ခရီးသွားများ၊ လူမျိုး၊ ဘာသာ၊ လူတန်းစားမရွေး ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲလေ့ရှိကြသည့် ကမ္ဘာသိ ရိုးရာပွဲတော်တစ်ခုဖြစ်ပါသည်။



**ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုစာရင်းတွင် အဆိုတင်သွင်းဖြစ်ခဲ့သည့် အကြောင်းရင်း**

အတာသင်္ကြန်ပွဲတော်ကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုစာရင်းတွင် အဆိုတင်သွင်းဖြစ်ခဲ့သည့် အကြောင်းရင်းခံမှာ ၂၀၂၃ ခုနှစ်တွင် ထိုင်းနိုင်ငံ၏ နှစ်သစ်ကူးဆုန်ခရမ်ပွဲတော်ကို ယူနက်စကိုအဖွဲ့ကြီးက ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်တစ်ခုအဖြစ် အသိအမှတ်ပြုခဲ့ရာမှ အစပြုခဲ့ပါသည်။ ထိုသို့ အသိအမှတ်ပြုခံခဲ့ရပြီးနောက် ၂၀၂၄ ခုနှစ် ဆုန်ခရမ်ပွဲတော်ကို ကျင်းပခဲ့ရာတွင် ထိုင်းနိုင်ငံ အမျိုးသားယဉ်ကျေးမှုတိုးတက်မြှင့်တင်ရေး မဟာဗျူဟာကော်မတီ (National Soft Power Strategy Committee / NSPSC) က ကြီးမှူး၍ ဘတ်ဂျက်ထိုင်းဘတ်ငွေ ၅ ဒသမ ၁ ဘီလီယံကျော် အသုံးပြု၍ ကျင်းပရန် စီစဉ်ခဲ့ပါသည်။ တစ်နိုင်ငံလုံးတွင် ခရိုင်အလိုက် ရိုးရာယဉ်ကျေးမှုများကိုထုတ်ဖော်၍ ရေကစားပွဲတော်အခမ်းအနားပေါင်း တစ်သောင်းကျော် ကျင်းပရန် စီမံဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ ကျင်းပနိုင်ရန်အတွက်လည်း ကျေးရွာအလိုက် ဒေသခံများကို ပွဲတော်များဦးစီးကျင်းပနိုင်ရေး သင်တန်းများပေး၍ ဆုန်ခရမ်ပွဲတော်ကို ကမ္ဘာလှည့်ခရီးသွားများအား ဆွဲဆောင်စရာ ကမ္ဘာသိပွဲတော်တစ်ခုဖြစ်လာအောင် စီမံဆောင်ရွက်ခဲ့ကြပါသည်။

> **မြန်မာ့တိုင်းရင်းသားမျိုးနွယ်တို့၏ မျိုးဆက်တစ်ခုမှတစ်ခုသို့ လက်ဆင့်ကမ်းကြသည့် ရိုးရာဓလေ့ထုံးစံများနှင့် ရိုးရာယဉ်ကျေးမှုများကို ဖော်ထုတ်ခြင်း၊ သုတေသနပြုလုပ်ခြင်း၊ ပြပွဲများ ပြုလုပ်ခြင်း၊ ပြတိုက်များတွင် ပြသခြင်း၊ စာကြည့်တိုက်များဖွင့်လှစ်ခြင်းများကို ဆောင်ရွက်ခြင်းကဲ့သို့ နည်းလမ်းများဖြင့် ရိုးရာယဉ်ကျေးမှုကို ဆက်လက်ရှင်သန်အောင် အားပေးဆောင်ရွက်ကြရန် လိုအပ်လျက်ရှိပါသည်။ မိမိတို့၏ ဒေသနှင့် ဓလေ့ထုံးစံများအလိုက် ထိန်းသိမ်းစောင့်ရှောက်ရမည့် ဒြပ်မဲ့ယဉ်ကျေးမှုများကို ဒေသအဆင့်မှ နိုင်ငံတော်အဆင့်၊ ထိုမှတစ်ဆင့် ကမ္ဘာ့အမွေအနှစ်အဆင့်အထိအောင် တက်လှမ်းရာတွင် ဒေသခံပြည်သူများ၏ အခန်းကဏ္ဍသည်သာ အခရာဖြစ်**

ထိုကိစ္စနှင့်ပတ်သက်၍ မြန်မာပြည်သူလူထုအကြားတွင် “တို့မြန်မာသင်္ကြန်ပွဲကို အစိုးရကရော ယူနက်စကိုမတင်ဘူးလား”၊ “သင်္ကြန်ဆိုတာတို့နိုင်ငံရဲ့ ရိုးရာယဉ်ကျေးမှုအမွေအနှစ်လေ” စသဖြင့် ဝေဖန်မှုများစွာ ပေါ်ပေါက်လာခဲ့ပါသည်။ ပြည်သူ ပြည်သားအများစု စိုးရိမ်ပူပန်ကြခြင်း၊ ဝေဖန်ကြခြင်းသည် မိမိယဉ်ကျေးမှုကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်လိုသည့် ပြင်းပြသော အမျိုးသားရေးစိတ်ဓာတ်ကို ညွှန်ပြနေသဖြင့် ကောင်းသည့်လက္ခဏာတစ်ရပ်ဟု မိမိအနေဖြင့် ထင်မြင်ယူဆမိပါသည်။ သို့သော် ထိုဖြစ်စဉ်တွင် ပြည်သူလူထုအတွင်း၌ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ (Intangible Cultural Heritage – ICH)နှင့် ပတ်သက်၍ အသိပညာ ဗဟုသုတများပြန့်ပွားမှု အားနည်းနေသည့်အချက်ကို စိုးရိမ်ဖွယ်အချက်တစ်ခုအဖြစ် တွေ့ရှိခဲ့ပါသည်။ ထို့ကြောင့် ဤဆောင်းပါးတွင် မြန်မာ့ရိုးရာအတာသင်္ကြန်နှစ်သစ်ကူးပွဲတော်ကို ယူနက်စကိုသို့ အဆိုပြုတင်သွင်းခဲ့ပုံအဆင့်ဆင့်နှင့် အခြားသော ဒြပ်မဲ့ယဉ်ကျေးမှုများကိုလည်း မည်သို့မည်ပုံ စာရင်းတင်သွင်းရမည်ဆိုသည့်အကြောင်းကို ဦးစားပေးတင်ပြသွားပါမည်။

ပြည်သူအများစု မသိရှိသောအချက်မှာ ထိုင်းနိုင်ငံ၏ ဆုန်ခရမ်ပွဲတော်ကို ICH (Intangible Cultural Heritage) ဟူသည့် ဒြပ်မဲ့ယဉ်ကျေးမှုအဖြစ် ယူနက်စကိုသို့ တင်ပြရာတွင် မြန်မာ့ရိုးရာအတာသင်္ကြန်ကို ဆွဲယူတင်သွင်း၍မရဘဲ ထိုင်းနိုင်ငံတွင် နှစ်စဉ်ဆင်နွှဲလေ့ရှိသည့် ရိုးရာပွဲတော်တစ်ခုအနေဖြင့်သာ တင်သွင်းခဲ့သည့် အချက်ပင်ဖြစ်သည်။ သို့သော် ပြည်သူအများစု၏ ဝေဖန်အကြံပြုမှုများအပြင် မိမိတို့နိုင်ငံ၏ ရိုးရာဒြပ်မဲ့ယဉ်ကျေးမှုများကို ထိန်းသိမ်းစောင့်ရှောက်သည့်အနေဖြင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (Myanmar Cultural Heritage Trust – MCHT)က ကမကထပြုကာ မြန်မာ့ရိုးရာယဉ်ကျေးမှုများကို ချစ်မြတ်နိုးသည့် အသိပညာရှင်/အတတ်ပညာရှင်များ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၊ Living Myanmar Media Group နှင့် Ko Hein’s Vlog ကဲ့သို့ သတင်းနှင့် လူမှုကွန်ရက်မီဒီယာလုပ်ငန်းများနှင့် စိတ်ပါဝင်စားသူပြည်သူများ ပူးပေါင်း၍ မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်ကိုလည်း ယူနက်စကို၏ ICH စာရင်းဝင်ရန်အတွက် ၂၀၂၃ ခုနှစ်တွင် စတင်ကြိုးပမ်း ဆောင်ရွက်ခဲ့ကြကြောင်း ကြားသိရပါသည်။

ထို့ကြောင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (MCHT) သည် Living Myanmar Media Group၊ Ko Hein’s Vlog စသည့် သတင်းမီဒီယာများနှင့် ပူးပေါင်းကာ မြန်မာ့ရိုးရာအတာသင်္ကြန်သည် ရှေးနှစ်ပေါင်းများစွာမှသည် ယနေ့အထိ မြန်မာတစ်မျိုးသားလုံး ပါဝင်ဆင်နွှဲလျက်ရှိသော ပွဲတော်တစ်ခုဖြစ်ကြောင်း၊ အတာသင်္ကြန်ပွဲတော်ကျင်းပရန် မြန်မာ့ရိုးရာပြက္ခဒိန်တွင် နှစ်သစ်ကူးကာလကို တွက်ချက်ခြင်း၊ သမိုင်းစာပေအထောက်အထားများ၊ အကြိုနေ့မှ အတက်နေ့အထိ ရေသဘင်ပွဲတော်ကို တစ်နိုင်ငံလုံးတွင် ပျော်ရွှင်စွာကျင်းပပုံများနှင့် သင်္ကြန်ပွဲတော်တွင် ဗုဒ္ဓဘာသာဝင်တို့၏ ဓလေ့ထုံးစံအရ ကျွေးမွေးညွှန့်ခံကြပုံ၊ ဘေးမဲ့လွှတ်ကြပုံ၊ သက်ကြီးဘိုးဘွားများကို ပြုစုစောင့်ရှောက်ကြပုံ၊ ဥပုသ်သတင်းသီလဆောက်တည်၍ အလှူဒါနပြုကြပုံများ စသဖြင့် သက်ဆိုင်သော အချက်အလက်များကို စုဆောင်း၍ မြန်မာ့ရိုးရာနှစ်သစ်ကူးသင်္ကြန် (ရေသဘင်ပွဲတော်) ကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းတွင် တင်သွင်းရန်အတွက် အဆိုပြုလွှာကို ၂၄-၃-၂၀၂၃ ရက်နေ့တွင် Living Heritage Entity Culture Sector (France) သို့ DHL ဖြင့် ပေးပို့ခဲ့ကြောင်း သိရှိရပါသည်။

ထိုသို့ပေးပို့ရာတွင် အဆိုပြုလွှာအပြင် သင်္ကြန်ပွဲတော်နှင့် သက်ဆိုင်သော အချက်အလက်များကို ၁၀ မိနစ်ထက်မကျော်သည့် အင်္ဂလိပ်စကားပြောမှတ်တမ်းရုပ်သံအဖြစ် ဖန်တီးကာ ပေးပို့ခဲ့ရခြင်းဖြစ်ကြောင်း၊ ထိုသို့ဖန်တီးရာတွင် လူမှုကွန်ရက်မီဒီယာများ၌ တစ်နိုင်ငံလုံးရှိ မြန်မာပြည်သူများ သင်္ကြန်ပွဲတော်တွင် ပျော်ရွှင်စွာဆင်နွှဲခဲ့ကြပုံ ရုပ်သံအစစ်အမှန်များကိုသာ လူမှုကွန်ရက်တွင် ရှာဖွေစုဆောင်း၍ ဖန်တီးခဲ့ခြင်းဖြစ်ကြောင်း Living Myanmar Media ၏ ထုတ်ပြန်ချက်အရ သိရှိရပါသည်။ ထို့နောက် ၂၆-၉-၂၀၂၃ ရက်နေ့တွင် Community voice ဟုခေါ်သည့် အသိပညာရှင်၊ အတတ်ပညာရှင် ပြည်သူများနှင့် တိုင်းရင်းသားယဉ်ကျေးမှုအသင်းအဖွဲ့များ၏ ထောက်ခံချက်နှင့် အသံဖိုင်ကို ထပ်မံပေးပို့ခဲ့ကြောင်း သိရှိရပါသည်။

၅-၈-၂၀၂၄ ရက်နေ့တွင် ယူနက်စကိုက ထပ်မံမေးမြန်းလာသည့် မေးခွန်းနှစ်ခုကို အင်္ဂလိပ်၊ ပြင်သစ်နှစ်ဘာသာဖြင့် ရေးသားဖြေဆို၍ ၅-၈-၂၀၂၄ ရက်နေ့တွင် ပေးပို့ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

မြန်မာပြည်သူအများစု မသိရှိသည့်အချက်မှာ ထိုသို့ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းအတွက် အဆိုပြုတင်သွင်းရာတွင် ယူနက်စကိုအနေဖြင့် အစိုးရမဟုတ်သော အရပ်ဘက်ယဉ်ကျေးမှု/လူမှုအဖွဲ့အစည်းများ၊ ဒေသခံပြည်သူတို့၏ ကိုယ်တိုင်တင်ပြလျှောက်ထားချက်များကိုသာ လက်ခံ၍ ဆုံးဖြတ်ဆောင်ရွက်ခြင်းပင်ဖြစ်ပါသည်။ ယူနက်စကို၏ စည်းမျဉ်းများအရ အစိုးရအနေဖြင့် တိုက်ရိုက်လျှောက်ထားလုပ်ကိုင်၍မရသဖြင့် အစိုးရဌာနဆိုင်ရာများသည် တင်ပြလျှောက်ထားရာတွင် လိုအပ်သော အချက်အလက်များကိုကူညီ၍ ရှာဖွေပြုစုပေးခြင်း၊ ရုံးလုပ်ငန်းဆိုင်ရာကိစ္စများနှင့် အခြားလိုအပ်သော အရင်းအမြစ်များ ကူညီထောက်ပံ့ပေးခြင်း စသည့် ပံ့ပိုးကူညီမှုများကိုသာလျှင် ဆောင်ရွက်ပေးနိုင်ပါသည်။ ယခုကဲ့သို့ MCHT ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ကြိုးပမ်းဆောင်ရွက်မှုများတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနကဲ့သို့ နိုင်ငံတော်အစိုးရ၊ ဌာနဆိုင်ရာများ၏ အကူအညီပေးမှုများလည်း ပါဝင်နေကြောင်းကို ကြားသိရပါသည်။

**အဖွဲ့ဝင်နိုင်ငံပေါင်း ၁၇၅ နိုင်ငံ ပါဝင်လက်မှတ်ရေးထိုး**

နိုင်ငံအသီးသီးတို့၏ဒြပ်မဲ့ယဉ်ကျေးမှုများသည် တူညီမှုရှိသကဲ့သို့ ကွဲပြားခြားနားမှုများလည်း ရှိပါသည်။ နိုင်ငံအသီးသီးရှိ ဒြပ်မဲ့ယဉ်ကျေးမှုများကို ကာကွယ်ထိန်းသိမ်း စောင့်ရှောက်နိုင်ရန်အတွက် ယူနက်စကိုအဖွဲ့ကြီးသည် ပြင်သစ်နိုင်ငံ ပါရီမြို့၌ ၂၀၀၃ ခုနှစ် စက်တင်ဘာလ ၂၉ ရက်နေ့မှ အောက်တိုဘာလ ၁၇ ရက်နေ့အထိ ကျင်းပခဲ့သည့် (၃၂)ကြိမ်မြောက် အထွေထွေအစည်းအဝေး၌ ၂၀၀၃ ခုနှစ် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ပဋိညာဉ်စာချုပ် (2003 Convention for the Safeguarding of the Intangible Cultural Heritage)ကို ရေးဆွဲချမှတ်ခဲ့ပြီး ယခုအခါ အဖွဲ့ဝင်နိုင်ငံပေါင်း ၁၇၅ နိုင်ငံ ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် ၂၀၁၄ ခုနှစ် မေလ ၇ ရက်နေ့တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ပါသည်။

၂၀၀၃ ကွန်ဗင်းရှင်း သတ်မှတ်ချက်အရ ဒြပ်မဲ့ယဉ်ကျေးမှုတွင် နယ်ပယ်ငါးခုပါဝင်ပြီး

(က) ပါးစပ်ရာဇဝင်နှင့် ဖော်ပြချက်များ၊ ဘာသာစကားများ
(ခ) ဖျော်ဖြေတင်ဆက်မှုအနုပညာများ
(ဂ) လူမှုရေးအစဉ်အလာအလေ့အထများ၊ ရိုးရာဓလေ့များနှင့် ပွဲတော်များ
(ဃ) သဘာဝနှင့် စကြဝဠာဆိုင်ရာဗဟုသုတနှင့် ရိုးရာအစဉ်အလာဓလေ့များ
(င) ရိုးရာလက်မှုပညာရပ်များ ပါဝင်ပါသည်။

ယခု မြန်မာ့ရိုးရာအတာသင်္ကြန်ကိုသာ ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအဖြစ် သတ်မှတ်ခြင်းကို ခံခဲ့ရမည်ဆိုလျှင် မြန်မာနိုင်ငံအတွက် ပထမဆုံး ယူနက်စကို ICH စာရင်းဝင်ခဲ့သည့် ဒြပ်မဲ့ယဉ်ကျေးမှုတစ်ခုဖြစ်လာလိမ့်မည်ဖြစ်သည်။ **စာမျက်နှာ ၁၂ သို့** ❒

# ကချင်ပြည်နယ်ဝန်ကြီးချုပ် ခရိုင်/ မြို့နယ်အလိုက် စိုက်ပျိုးရေးလုပ်ငန်း တိုးတက်မှုအခြေအနေများနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေး

မြစ်ကြီးနား ဒီဇင်ဘာ ၄

ကချင်ပြည်နယ်အတွင်း (၅)နှစ်စီမံကိန်းဖြင့် သီးထပ်စွမ်းအား ၂၀၀ ရာခိုင်နှုန်းရရှိရေးနှင့် ဆီထွက်သီးနှံ ၁၀၀ ရာခိုင်နှုန်းပြည့်မီကျော်လွန်စေရေး၊ ဆန်စက်၊ ဆီစက်နှင့် ပဲခွဲစက်များ အဆင့်မြှင့်တင်/အသစ်တိုးချဲ့တည်ဆောက်ခြင်းများအတွက် ပန်းတိုင်ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိရာ ၂၀၂၄-၂၀၂၅ ခုနှစ် စိုက်ပျိုးရာသီတွင် ခရိုင်/ မြို့နယ်များအလိုက် လုပ်ငန်းတိုးတက်မှုအခြေအနေများနှင့်စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီခွဲက ပြည်နယ်အစိုးရအဖွဲ့ရုံး ခါကာဘိုရာဇီခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးက ပြည်နယ်အတွင်း ၂၀၂၄ -၂၀၂၅ ခုနှစ်အတွင်း မိုးစပါးစိုက်ပျိုးထုတ်လုပ်နိုင်မှုအခြေအနေများ၊ သီးနှံစိုက်စွမ်းအား တိုးမြှင့်စိုက်ပျိုးရန် လျာထားချက်ထားရှိမှုအပေါ် ကြိုတင်ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ဆီထွက်သီးနှံနေကြာ အပါအဝင် ပဲပုပ်၊ ဆီမုန်ညင်း၊ ပန်းနှမ်း စသည့် မျိုးကွဲအလိုက် တိုးချဲ့စိုက်ပျိုးနိုင်ရေး မျိုးစေ့ဖြန့်ဝေပေးနိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက သက်ဆိုင်ရာ ခရိုင်များအလိုက် မိုးစပါးစိုက်ပျိုးရိတ်သိမ်းနေမှု အခြေအနေများ၊ ပန်းတိုင်ရည်မှန်းချက်ပြည့်မီစေရေး သတ်မှတ်လျာထားချက်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ကြိုတင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ မျိုးစေ့ဖြန့်ဝေပေးနိုင်မှုနှင့် မြို့နယ်အလိုက် လျာထားချက်ပြည့်မီအောင် ကွင်းဆင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ဒေသတွင်း ဆန်စက်၊ ဆီစက်နှင့် ပဲခွဲစက်များ တည်ထောင်ထားရှိမှုအပေါ် အဆင့်မြှင့်တင်နိုင်မှု/ အသစ်တည်ဆောက်နိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

**လျာထားဆောင်ရွက်**

ကချင်ပြည်နယ်အနေဖြင့် ၂၀၂၄-၂၀၂၅ ခုနှစ်အတွင်း မိုးစပါးစိုက်ပျိုးထုတ်လုပ်မှုတွင် စိုက်ဧကစုစုပေါင်း ၄၇၄၄၇၇ ဧကအနက် နိုဝင်ဘာလကုန်ထိ ဧကသုံးသိန်းကျော်ရိတ်သိမ်းခဲ့ရာ အထွက်နှုန်း ၇၀ ဒသမ ၇၇ ရာခိုင်နှုန်း ရရှိထားပြီး သီးထပ်စိုက်ပျိုးမှုကို ဧကပေါင်း ၂၆၈၀၀၀ ထိ တိုးချဲ့စိုက်ပျိုးရန် လျာထားလျက်ရှိသည့်အပြင် ဆီဖူလုံမှုရာခိုင်နှုန်း ပြည့်မီကျော်လွန်စေရေး ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နေကြာ၊ နှမ်း၊ ပန်းနှမ်း၊ ဆီမုန်ညင်း၊ ပဲပုပ် စသည်တို့ကို စိုက်ဧကသုံးသိန်းကျော်ထိ တိုးချဲ့စိုက်ပျိုးနိုင်ရေး လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



# ဟသ်ာတမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ပေးအပ်

ဟသ်ာတ ဒီဇင်ဘာ ၄

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်အတွင်း ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေလုံးငွေရင်းအသုံးစရိတ် ရန်ပုံငွေကျပ်သိန်း ၁၀၀၀ ဖြင့် ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေပေးအပ်ပွဲကို ယနေ့နံနက် ၁၀ နာရီက ဟသ်ာတမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဟသ်ာတမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညွန့်ဆန်းထွန်းက ဒေသဖွံ့ဖြိုးရေးရန်ပုံငွေပေးအပ်ရခြင်းအကြောင်းနှင့် ရပ်ရွာဒေသအတွက် ပိုမိုအကျိုးဖြစ်ထွန်းစေမည့်လုပ်ငန်းများကို စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်သွားရန်ပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးရန်ပုံငွေရရှိသည့် ကျေးရွာအုပ်စု ၁၅ အုပ်စုတို့မှ လုပ်ငန်း ၁၆ ခုတို့ လုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ရန်အတွက် ရန်ပုံငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ဒေါပုံမြို့နယ်၌ ကျန်းမာရေးအသိပညာပေးဟောပြောပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၄

ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ်၌ ဗိုလ်တထောင်ခရိုင်၊ သန်လျင်ခရိုင်၊ ကျောက်တံတားခရိုင်၊ အလုံခရိုင်တို့မှ အမျိုးသမီးရေးရာအဖွဲ့တို့က ကြီးမှူး၍ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ ထိန်းသိမ်းစောင့်ရှောက်နိုင်ရေး၊ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေနိုင်သောဆေးဝါးများအန္တရာယ်၊ အမျိုးသမီးများဆိုင်ရာ အကာအကွယ်ပေးထားသည့် အခွင့်အရေးဥပဒေအကြောင်းနှင့် ကျန်းမာရေးအသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ဒေါပုံမြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန



အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ဗိုလ်တထောင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်လွင်က အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ အဖွဲ့ဝင် ဒေါ်စမ်းစမ်းထွေးက "အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ ထိန်းသိမ်းစောင့်ရှောက်နိုင်ရေး"၊ ဗိုလ်တထောင်ခရိုင် ဥပဒေအရာရှိ ဦးဆွေဦးက "သက်ငယ်မုဒိမ်း၊ အိမ်တွင်းအကြမ်းဖက်မှု၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု"၊ ရန်ကုန်တိုင်းဒေသကြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးရဲတပ်ဖွဲ့စုရဲအုပ်သန်းထွန်းနိုင်က "လူကုန်ကူးမှုများ လျော့နည်းပပျောက်စေရေး"၊ ရန်ကုန်( အရှေ့ပိုင်း) မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ရဲမှူးလှသိန်းစိုးက "မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေနိုင်သော ဆေးဝါးများအန္တရာယ်"၊ ဗိုလ်တထောင်ခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်သီတာဦးက "မျိုးဆက်ပွားနှင့် ပျိုရွယ်သူကျန်းမာရေး" ခေါင်းစဉ်များဖြင့် အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **ခင်ဝင်း**

**❂ အစ်ဆွစ်အသင်းမှ**

တစ်လုံးတည်းသောအနိုင်ဂိုးကို တိုက်စစ်မှူး မာတီတာက ဒုတိယပိုင်းပွဲကစားချိန် ၅၉ မိနစ်မှာ သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

အစ်ဆွစ်အသင်းကို အနိုင်ရရှိခဲ့ခြင်းဟာ ခရစ္စတယ်ပဲလေ့စ်အသင်းအတွက် ယခုဘောလုံးရာသီမှာ ပရီမီယာလိဂ်ပြိုင်ပွဲ၌ ဒုတိယမြောက်နိုင်ပွဲရရှိခဲ့ခြင်းဖြစ်ပြီး အမှတ်ပေးဇယားအဆင့်(၁၆)နေရာကို တက်လှမ်းခွင့်ရရှိခဲ့ကာ တန်းဆင်းဇုန်အတွင်းမှလည်း လွတ်မြောက်ခဲ့တာဖြစ်ပါတယ်။

အစ်ဆွစ်အသင်းဟာ အခုပွဲစဉ်မှာ ခရစ္စတယ်ပဲလေ့စ်အသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ယခုဘောလုံးရာသီမှာ အိမ်ကွင်းနိုင်ပွဲတစ်ပွဲမှ ရရှိထားခြင်းမရှိသေးတဲ့အသင်းအဖြစ် မှတ်တမ်းဝင်ထားပြီး အိမ်ကွင်းစုစုပေါင်း ခုနစ်ပွဲမှာ လေးပွဲသရေ၊ သုံးပွဲရှုံး ရမှတ်ကိုးမှတ်ဖြင့် ပရီမီယာလိဂ်အဆင့်(၁၉)နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

ငွေကြယ်

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

❒ စာမျက်နှာ ၁၁ မှ

သို့သော် ပထမဆုံးတင်သွင်းခဲ့ခြင်းတော့ မဟုတ်ခဲ့ချေ။ မြန်မာ့ရိုးရာသနပ်ခါးကို ယူနက်စကို ICH စာရင်းဝင်အဖြစ်သို့ လျှောက်ထားရန် ၂၀၁၉ ခုနှစ်ကတည်းက ကြိုးပမ်းခဲ့ကြပြီး ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ် မတ်လ ၃ ရက်နေ့ကတည်းက ယူနက်စကိုသို့ တင်ပြထားခဲ့သော်လည်း ယနေ့အထိ တိုးတက်မှုမရှိသေးကြောင်း သိရှိခဲ့ရပါသည်။ မြန်မာ့ရိုးရာအတာသင်္ကြန်ကဲ့သို့ပင် သနပ်ခါးဟူသည် မြန်မာလူမျိုးအများစု နေ့စဉ် လိမ်းကျံအလှဆင်ကြသည့် ရိုးရာဓလေ့တစ်ခုဖြစ်ပြီး ကမ္ဘာပေါ်တွင် မြန်မာတစ်နိုင်ငံထဲ၌သာ ရှိသည့် မြန်မာ့ယဉ်ကျေးမှုစစ်စစ်ဖြစ်ပါသည်။ ထို့ကြောင့် ထိုသို့ တိုးတက်မှုမရှိခြင်းအပေါ် ပြန်လည်သုံးသပ်၍ ပြင်ဆင်တင်ပြသင့်ပါကြောင်း အကြံပြုတင်ပြလိုပါသည်။

**ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း စုစုပေါင်း ၂၂၈၉ ခုကို မှတ်တမ်းကောက်ယူ**

မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်နှင့် သနပ်ခါးကဲ့သို့ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ၌ မျက်မြင်အားဖြင့် အကောင်အထည်မဖော်ပြနိုင်ဘဲ မြန်မာတိုင်းရင်းသားတို့၏ နှလုံးသား၌ စွဲကျန်နေသည့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ များစွာရှိပါသည်။ တစ်နည်းအားဖြင့် မျိုးဆက်တစ်ခုမှ တစ်ခုထံသို့ ယဉ်ကျေးမှုအမွေအနှစ်များကို နှုတ်ဖြင့်ဖြစ်စေ၊ လက်တွေ့သင်ကြားပေးခြင်းဖြင့်ဖြစ်စေ၊ မှတ်တမ်းမှတ်ရာများ ထားရှိပေး၍ဖြစ်စေ ရှေးယခင်မှ ယခုမျက်မှောက်ကာလအထိ ဆင့်ကဲ ဆင့်ကဲရောက်ရှိလာခြင်းသည် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ပေါ်ထွန်းလာခြင်းပင်ဖြစ်ပါသည်။ လက်ရှိအချိန်တွင် မြန်မာနိုင်ငံတစ်ဝန်း၌ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း စုစုပေါင်း ၂၂၈၉ ခုကို မှတ်တမ်းကောက်ယူပြီးဖြစ်ကြောင်း သိရှိရပါသည်။ ယခု MCHT ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ကြိုးပမ်းဆောင်ရွက်မှုနည်းလမ်းများသည် မြန်မာတိုင်းရင်းသားအများစု လမ်းလှမ်းမီ၍ လိုက်ပါလုပ်ဆောင်နိုင်သော လုပ်ငန်းစဉ်များပင် ဖြစ်ပါသည်။

ထို့ကြောင့် မြန်မာ့တိုင်းရင်းသားမျိုးနွယ်တို့၏ မျိုးဆက်တစ်ခုမှတစ်ခုသို့ လက်ဆင့်ကမ်းကြသည့် ရိုးရာဓလေ့ထုံးစံများနှင့် ရိုးရာယဉ်ကျေးမှုများကို ဖော်ထုတ်ခြင်း၊ သုတေသနပြုလုပ်ခြင်း၊ ပြပွဲများပြုလုပ်ခြင်း၊ ပြတိုက်များတွင် ပြသခြင်း၊ စာကြည့်တိုက်များ ဖွင့်လှစ်ခြင်းများကို ဆောင်ရွက်ခြင်းကဲ့သို့ နည်းလမ်းများဖြင့် ရိုးရာယဉ်ကျေးမှုကို ဆက်လက်ရှင်သန်အောင် အားပေးဆောင်ရွက်ကြရန် လိုအပ်လျက်ရှိပါသည်။ မိမိတို့၏ ဒေသနှင့် ဓလေ့ထုံးစံများအလိုက် ထိန်းသိမ်းစောင့်ရှောက်ရမည့် ဒြပ်မဲ့ယဉ်ကျေးမှုများကို ဒေသအဆင့်မှ နိုင်ငံတော်အဆင့်၊ ထိုမှတစ်ဆင့် ကမ္ဘာ့အမွေအနှစ်အဆင့်အထိအောင် တက်လှမ်းရာတွင် ဒေသခံပြည်သူများ၏ အခန်းကဏ္ဍသည်သာ အခရာဖြစ်ပါသည်။ ထိုသို့ ကြိုးပမ်းဆောင်ရွက်မှုများကိုလည်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနကဲ့သို့ နိုင်ငံတော်အစိုးရ၏ ဌာနဆိုင်ရာများကလည်း ထောက်ပံ့ကူညီပေးလျက်ရှိကြောင်း ဝမ်းမြောက်ဖွယ် ကြားသိရပါသည်။ အချုပ်အားဖြင့်ဆိုရလျှင် မြန်မာ့အမွေအနှစ် ဒြပ်မဲ့ယဉ်ကျေးမှုများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ခြင်းလုပ်ငန်းသည် နိုင်ငံသားအားလုံး ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်သည့် အမျိုးသားရေးတာဝန်တစ်ရပ်ပင်ဖြစ်ကြောင်း ဤဆောင်းပါးဖြင့် အကြံပြုတင်ပြလိုက်ရပါသည်။ ။

## အမေရိကန်ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရမ့်၏ စည်းကြပ်ခွန်သစ်အစီအစဉ်နှင့်ပတ်သက်ပြီး ဂျပန်ကားကုမ္ပဏီများ စိုးရိမ်




**တိုကျို ဒီဇင်ဘာ ၄**

ကနေဒါနှင့် မက္ကဆီကို နှစ်နိုင်ငံကို ပစ်မှတ်ထားသည့် အမေရိကန် ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရမ့်၏ စည်းကြပ်ခွန်သစ် အစီအစဉ်နှင့်ပတ်သက်ပြီး ဂျပန်ကားထုတ်လုပ်သည့်ကုမ္ပဏီများက စိုးရိမ်စပြုလာကြောင်း သိရသည်။

ယင်းနှစ်နိုင်ငံသည် အမေရိကန် ဈေးကွက်အတွက် အရေးကြီးသော ထုတ်လုပ်မှုအခြေခံများဖြစ်သည်။

ဂျပန်ကားကုမ္ပဏီများ ဖြစ်သည့် တိုယိုတာမော်တာ (Toyota Motor) နှင့် ဟွန်ဒါမော်တာ (Honda Motor) တို့သည် ကနေဒါနိုင်ငံ၌ ကားထုတ်လုပ်ရေးစက်ရုံများရှိကြောင်း သိရသည်။

တိုယိုတာမော်တာသည် ဂျပန်နိုင်ငံအတွင်း ကားထုတ်လုပ်သည့်အကြီးဆုံး ကုမ္ပဏီဖြစ်ကြောင်း ဂျပန် ပြည်ပကုန်သွယ်ရေးအဖွဲ့က ပြောကြားသည်။ ယမန်နှစ်တွင် အစီးရေ ၅၂၀၀၀၀ ကျော် ထုတ်လုပ်ခဲ့ပြီး ကနေဒါနိုင်ငံထုတ် မော်တော်ကားအချို့ကို အမေရိကန်နိုင်ငံသို့ တင်ပို့လျက်ရှိကြောင်း သိရသည်။

ဟွန်ဒါမော်တာသည် ၂၀၂၃ ခုနှစ်တွင် မော်တော်ကားအစီးရေ ၃၇၀၀၀၀ ကျော် ထုတ်လုပ်ခဲ့ပြီး ၇၇ ရာခိုင်နှုန်းသည် အမေရိကန်နိုင်ငံသို့ နယ်စပ်ဖြတ်ကျော် ဝင်ရောက်ခဲ့သည်။

အမေရိကန်-မက္ကဆီကို-ကနေဒါ သဘောတူညီချက် စတင်အသက်ဝင်သည့် ၂၀၂၀ ပြည့်နှစ်တွင် ဒေါ်နယ်ထရမ့်၏ အခွန်စည်းကြပ်မှုမူဝါဒသည် ဂျပန်မော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီများအား ၎င်းတို့၏ လုပ်ငန်းလည်ပတ်မှုကို ချိန်ညှိရန် တွန်းအားပေးခဲ့သည်။

ကနေဒါနှင့် မက္ကဆီကိုနိုင်ငံတို့မှ သွင်းကုန်အားလုံးအပေါ် ဒေါ်နယ်ထရမ့်၏ ၂၅ ရာခိုင်နှုန်း အခွန်စည်းကြပ်မှု မူဝါဒ စတင်အသက်ဝင်မည်ဆိုပါက ဂျပန်မော်တော်ကားထုတ်လုပ်သည့် ကုမ္ပဏီများသည် ၎င်းတို့၏ မော်တော်ကားများ အမေရိကန်နိုင်ငံအတွင်းသို့ တင်ပို့မှု နည်းလမ်းပုံစံများကို ပြောင်းလဲရန် လိုအပ်မည်ဖြစ်သည်။

သမ္မတဂျိုးဘိုင်ဒင် လက်ထက်တွင် အခွန် လျှော့ပေါ့ကောက်ခံလျက်ရှိသည့် လျှပ်စစ်ကားများ တင်သွင်းမှုအပေါ် ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရမ့်က မည်သို့ဆက်လက်ကိုင်တွယ်သွားမည်ဆိုသည်ကို စောင့်ကြည့်ရမည်ဖြစ်သည်။

မြောက်အမေရိက ဒေသတွင် ထုတ်လုပ်သည့် ဘက်ထရီအစိတ်အပိုင်းများကို တပ်ဆင်အသုံးပြုသည့် လျှပ်စစ်ကားများသည် လက်ရှိတွင် အခွန် လျှော့ပေါ့ကောက်ခံမှုတွင် အကျုံးဝင်ကြောင်း သိရသည်။

ဟွန်ဒါကုမ္ပဏီသည် ကနေဒါနိုင်ငံ၌ လျှပ်စစ်ကားထုတ်လုပ်ရေးနှင့် ဘက်ထရီ စက်ရုံများကို ၂၀၂၈ ခုနှစ်တွင် စတင်လည်ပတ်ရန် စီစဉ်ထားသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အောင်ကျော်ကျော်**



## အမေရိကန်သမ္မတဂျိုးဘိုင်ဒင်၏ သားဖြစ်သူ ဥပဒေအထက်တွင် ရှိနေဟု အီလွန်မတ်စ်ပြောကြား

**ဝါရှင်တန် ဒီဇင်ဘာ ၄**

အမေရိကန်သမ္မတဂျိုးဘိုင်ဒင်၏ သားဖြစ်သူ ဟန်းတားဘိုင်ဒင်ကို လွတ်ငြိမ်းချမ်းသာခွင့်ပေးလိုက်ခြင်းက အမေရိကန်သမ္မတ၏ သားဖြစ်သူသည် ဥပဒေအထက်တွင် ရှိနေသည်ဆိုသည့်အချက်မှာ ထင်ရှားကြောင်း အိက်စ်လူမှုကွန်ရက်တည်ထောင်သူ အီလွန်မတ်စ်က ၎င်း၏အိက်စ်လူမှုမီဒီယာစာမျက်နှာတွင် ပြောကြားခဲ့သည်။

ဒီဇင်ဘာ ၁ရက်နေ့တွင် အိမ်ဖြူတော်က ထုတ်ပြန်သည့် ကြေညာချက်အရ ဟန်းတားဘိုင်ဒင်အား သီးခြားတရားစွဲဆိုထားသည့် ရာဇဝတ်မှုနှစ်ခုအတွက် သမ္မတဂျိုးဘိုင်ဒင်က လွတ်ငြိမ်းချမ်းသာခွင့်ပြုကြောင်း ကြေညာခဲ့သည်။

ဟန်းတားဘိုင်ဒင်အား ခွင့်ပြုခဲ့သည့် လွတ်ငြိမ်းချမ်းသာခွင့်သည် ခြွင်းချက်မရှိ လွတ်ငြိမ်းချမ်းသာခွင့်ဖြစ်၍ ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရမ့်အနေဖြင့် ပြန်လည်ရုပ်သိမ်းခြင်းမပြုနိုင်ကြောင်း သိရသည်။

ဟန်းတားဘိုင်ဒင်အား တရားစွဲဆိုထားခြင်းမှ ကင်းလွတ်ခွင့်ပြုရန် သမ္မတဘိုင်ဒင်၏ ဆုံးဖြတ်ချက်သည် ဒီမိုကရေစီစနစ်ကို ပြက်ရယ်ပြုခြင်းဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မာရီယာဇာကာရိုဗာက ပြောကြားသည်။ **ကိုးကား-တက်စ်သတင်းဌာန၊ ဘာသာပြန်-စိုးသူရ**

## တောင်ကိုရီးယားနိုင်ငံ ဂျယ်ဂျူးအပန်းဖြေကျွန်းသို့ လာရောက်သည့် ဗီယက်နမ်ခရီးသွား ၃၈ ဦး ပျောက်ဆုံး

**ဟန္နိုင်း ဒီဇင်ဘာ ၄**

တောင်ကိုရီးယားနိုင်ငံတောင်ပိုင်း ဂျယ်ဂျူးအပန်းဖြေကျွန်းသို့ လာရောက်လည်ပတ်သည့် ဗီယက်နမ်ခရီးသွား ၃၈ ဦး ပျောက်ဆုံးနေကြောင်း တာဝန်ရှိသူများက ဒီဇင်ဘာ ၃ ရက်တွင် ပြောကြားခဲ့သည်။

ယင်းအပန်းဖြေကျွန်းသို့ ဗီယက်နမ်ခရီးသွား ၉၀ သည် ဗီယက်ဂျက်စင်းလုံးငှားလေယာဉ်ဖြင့် နိုဝင်ဘာ ၁၄ ရက်တွင် လာရောက်လည်ပတ်ခဲ့သည်။

၎င်းတို့အနက်မှ ခရီးသွား ၃၈ ဦးသည် ခရီးစဉ်နောက်ဆုံး ရပ်နားရာနေရာတွင် ပျောက်ဆုံးသွားခဲ့ပြီး အပြန်ခရီးတွင် ပြန်လည်လိုက်ပါနိုင်ခြင်းမရှိဘဲ ပျောက်ဆုံးနေကြောင်း သိရသည်။

နိုင်ငံခြားသားများကို ဗီဇာမလိုဘဲ အဆိုပါကျွန်းပေါ်တွင် ရက် ၃၀ အထိ နေထိုင်ခွင့်ပြုထားသဖြင့် ဒီဇင်ဘာ ၁၄ ရက်နောက်ပိုင်းတွင် ယင်းကျန်ရစ်ခဲ့သည့် ခရီးသည်များသည် တရားမဝင် ရွှေ့ပြောင်းနေထိုင်သူများအဖြစ်သို့ ရောက်ရှိသွားမည်ဖြစ်သည်။

ဂျယ်ဂျူးကျွန်းရှိ လူဝင်မှုကြီးကြပ်ရေးရုံးသည် ၎င်းတို့၏ တည်နေရာကို သိရှိရန် စီစီတီဗွီကင်မရာများကို စစ်ဆေးခဲ့ကြသည်။ **ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

## ကင်ညာနိုင်ငံ၌ ရေကြီးရေလျှံမှုကြောင့် အိမ်ထောင်စု ၄၀၀၀ ခန့် အိုးအိမ်မဲ့ဖြစ်ခဲ့ရ

**နိုင်ရိုဘီ ဒီဇင်ဘာ ၄**




ကင်ညာနိုင်ငံတွင် ရေကြီးရေလျှံမှုကြောင့် အိမ်ထောင်စု ၄၀၀၀ ခန့် အိုးအိမ်မဲ့ဖြစ်ခဲ့ရကြောင်း ကင်ညာအစိုးရတာဝန်ရှိသူတစ်ဦးက ဒီဇင်ဘာ ၃ ရက်တွင် ပြောကြားခဲ့သည်။

ပြည်ထဲရေးနှင့် အမျိုးသားအုပ်ချုပ်ရေးဝန်ကြီးဌာန အတွင်းဝန် ရေမွန်အိုမိုလိုက ထိခိုက်မှု အများဆုံးဒေသခံများမှာ နိုင်ငံအနောက်ဘက်ခြမ်းမှ ဒေသခံများဖြစ်ကြောင်း ထပ်လောင်းပြောကြားခဲ့သည်။

ဘူဆီယာနှင့် ကီမူရူခရိုင်များတွင် လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းပြီးနောက် အိမ်ထောင်စု ၃၉၇၀ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့သည်။

လက်ရှိအချိန်တွင် ကယ်ဆယ်ရေးစခန်းများသို့ ရောက်ရှိနေသည့် ဒေသခံများအား တာဝန်ရှိသူများက အကူအညီများ ပေးလျက်ရှိသည်။

ထို့ပြင် ယူဂန္ဓာ၊ ကင်ညာ၊ ရဝမ်ဒါ၊ ဘူရွန်ဒီ၊ တန်ဇန်းနီးယား၊ ဆိုမာလီယာ၊ အီသီယိုးပီးယားနှင့် တောင်ဆူဒန်စသည့် အာဖရိကဦးချိုဒေသ ရှစ်နိုင်ငံတွင် မိုးပိုမိုရွာသွန်းရာမှ ရေကြီးရေလျှံမှုများ ဖြစ်လာနိုင်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

## ၂၀၂၅ ခုနှစ်တွင် နိုင်ငံခြားသားခရီးသွား သုံးသန်းလာရောက်ရန် သီရိလင်္ကာနိုင်ငံ မျှော်မှန်း

**ကိုလံဘို ဒီဇင်ဘာ ၄**

သီရိလင်္ကာနိုင်ငံသည် ၂၀၂၅ ခုနှစ်တွင် နိုင်ငံခြားသားခရီးသွား သုံးသန်းလာရောက်ရန် မျှော်မှန်းထားပြီး ခရီးသွားလုပ်ငန်းမှ အမေရိကန်ဒေါ်လာငါးဘီလီယံဝင်ငွေရရှိရန် ကြိုးပမ်းလျက်ရှိကြောင်း ခရီးသွားလုပ်ငန်း ဒုတိယဝန်ကြီး ရူဝန်ရာနာဆင်းဂျ်က လွှတ်တော်အစည်းအဝေး၌ ယနေ့ပြောကြားသည်။

၂၀၂၄ ခုနှစ် ပထမ ၁၀ လအတွင်း နိုင်ငံအတွင်းသို့ နိုင်ငံခြားသားခရီးသွား ၁ ဒသမ ၆၂ သန်းကျော် လာရောက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံကျော် ဝင်ငွေရရှိကြောင်း သိရသည်။

ထို့ပြင် ယခုနှစ်ကုန်ပိုင်းအထိ နိုင်ငံခြားသားခရီးသွား နှစ်သန်းကျော် လာရောက်ရန်နှင့် အမေရိကန်ဒေါ်လာသုံးဘီလီယံကျော် ဝင်ငွေရရှိရန် မျှော်မှန်းထားကြောင်း ခရီးသွားလုပ်ငန်း ဒုတိယဝန်ကြီး ရူဝန်ရာနာဆင်းဂျ်က ပြောကြားသည်။

သီရိလင်္ကာအစိုးရက အမျိုးသားခရီးသွားလုပ်ငန်းမူဝါဒကို ၂၀၂၅ ခုနှစ်တွင် အကောင်အထည်ဖော်မည်ဖြစ်ပြီး ၂၀၂၉ ခုနှစ်တွင် ခရီးသွားငါးသန်းကို ဆွဲဆောင်ကာ အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံရရှိရန် မျှော်မှန်းထားကြောင်း ၎င်းက ဆက်လက်ပြောသည်။ **ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အောင်ကျော်ကျော်**

## ဆီးရီးယားနိုင်ငံ၌ တိုက်ပွဲများပိုမိုပြင်းထန်လာ၊ ပြည်သူ ၄၈၀၀၀ ကျော် ထွက်ပြေးတိမ်းရှောင်

**ဒမတ်စကတ် ဒီဇင်ဘာ ၄**

ဆီးရီးယားနိုင်ငံအတွင်း၌ ဆီးရီးယားတပ်မတော်နှင့် လက်နက်ကိုင်အဖွဲ့များအကြား ဖြစ်ပွားလျက်ရှိသည့် တိုက်ပွဲများ ပိုမိုပြင်းထန်လာသည့်အတွက် ပြည်သူ ၄၈၀၀၀ ကျော်သည် အီလစ်နှင့် အလက်ပိုမြို့များသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြောင်း သိရသည်။

ရွှေ့ပြောင်းဒုက္ခသည်များ၏ ထက်ဝက်ကျော်သည် ကလေးသူငယ်များဖြစ်ကြောင်း ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံးက ပြောကြားသည်။

အပြန်အလှန် ပစ်ခတ်မှုများကြောင့် နိုင်ငံအတွင်းရှိ ကျန်းမာရေးအဆောက်အအုံများ၊ စာသင်ကျောင်းများနှင့် ရွှေ့ပြောင်းရေးစခန်းများ အပါအဝင် အဓိကအခြေခံ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။

အစိုးရတပ်ဖွဲ့များသည် မြောက်ပိုင်းဟာမာဒေသ၌ ဒီဇင်ဘာ ၂ ရက်က လက်နက်ကိုင်တပ်ဖွဲ့ဝင်များအား လေကြောင်းတိုက်ခိုက်မှု ၄၅ ကြိမ်ထက်မနည်း ပြုလုပ်ခဲ့ပြီး အဆိုပါတိုက်ခိုက်မှုသည် နိုဝင်ဘာ ၂၇ ရက်မှစပြီး လက်ရှိအချိန်အထိ အကြီးမားဆုံး တိုက်ခိုက်မှုဖြစ်ကြောင်း သိရသည်။

ဟာမာပြည်နယ်သည် မြို့တော်ဒမတ်စကတ်နှင့် နယ်မြေများကို ဆက်သွယ်ပေးသည့် မဟာဗျူဟာကျသော သယ်ယူပို့ဆောင်ရေးဆိုင်ရာ အချက်အချာနေရာတစ်ခု ဖြစ်သည်။

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ဖြစ်ပွားခဲ့သည့် ပစ်ခတ်မှုများကြောင့် အရပ်သားများ အပါအဝင် လူပေါင်း ၅၁၀ ကျော် သေဆုံးခဲ့ကြောင်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အောင်ကျော်ကျော်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဒီဇင်ဘာ ၄

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်း ထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဒီဇင်ဘာ ၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ်မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Win Naing” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မွန်ပြည်နယ် ရေးမြို့နယ် အောင်မေတ္တာရပ်ကွက်နေ ဝင်းနိုင်အား မွန်းလွဲ ၂ နာရီတွင် သံဖြူဇရပ်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် လိုင်စင်မဲ့ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဒီဇင်ဘာ ၄



မြန်မာ့စက်မှုဆိပ်ကမ်း၌ သိမ်းဆည်းရမိမှု။

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာအလုံး ၂၀ အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၃၁၀၂၄၈၀)ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာခြောက်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၉၃၄၄၆၆၄)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်တစ်ဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၄၇၄၄၇၁၄၄ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဒီဇင်ဘာ ၃ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ ဆင်ဖြူဈေးအတွင်း တစ်နေရာ၌စုပုံထားသော အကောက်ခွန်မဲ့ လူသုံးကုန်ပစ္စည်းရှစ်မျိုး၊ စားသောက်ကုန်ပစ္စည်းတစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၉၅၃၀၀၀၀ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲ မှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရွှေဘိုမြို့နယ် မြောင်းကြီးကျေးရွာ၌ လိုင်စင်မဲ့ယာဉ်ငါးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၀၀၀၀၀၀)ကို လည်းကောင်း၊ စစ်ကိုင်းမြို့နယ် ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ယာဉ်သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၀၀၀၀၀၀)ကို လည်းကောင်း၊ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌လိုင်စင်မဲ့ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၀၀၀၀၀၀ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့် အညီအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၃၉ မိုင်၌ တောင်ကြီးမြို့မှ ရန်ကုန်မြို့သို့မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၄၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Sunlong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၄၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးစခန်း၌ ဘားအံမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၇၄၈၇၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၀၀၀၀၀၀)ကို လည်းကောင်း၊ ပလိပ်မြို့ Max ဆီဆိုင်အနီး၌ ရပ်တန့်ထားသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၃၈၁၇၈၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Giga Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၄၅၆၆၅၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဒီဇင်ဘာ ၂ ရက်နှင့် ၃ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၉ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၁၇၂၅၆၇၉၄ကို သိမ်းဆည်းရမိခဲ့ပါသည်။ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ထိခိုက်နစ်နာမှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းတို့ဖြစ်ပေါ်စေပြီး နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေပါသည်။ သို့ဖြစ်ပါ၍ ဆိပ်ကမ်းများနှင့် နယ်စပ်ဒေသများမှ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

### မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၅-၁၂-၂၀၂၄ ကြာသပတေးနေ့

**MRTV HD**

- ၀၆:၀၀ အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ရတနသုတ်၊ခေမာရ်သုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၉:၂၀ NRC အစီအစဉ်
- ၁၀:၃၅ မျိုးမှန်မြေမှန်စိုက်ပျိုးနည်းမှန် မြေဆီပွဲ့ဖြိုးဝင်ငွေတိုး
- ၁၁:၂၅ NEXT LEVEL
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ ‘ဆုတောင်းပြည့်ကြယ်တာရာစတောလာ’ (အပိုင်း-၉)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ ‘ယုံကြည်ရာလမ်း’ (အပိုင်း-၃၃)
- ၁၅:၃၀ မျိုးဝက်တင့်စေဆိုကာရေးတီးအဖွေ
- ၁၆:၄၅ ပါဝင်နွဲပျော်ဝက်ယူဖွယ်ရာ အမျိုးသားအားကစားပွဲတော်
- ၁၇:၁၀ Soccer View
- ၁၇:၂၅ လူမှုစီးပွားသတင်းများ
- ၁၈:၃၀ အမျိုးသမီးများအပေါ်အကြမ်းဖက်မှု ပပျောက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ
- ၁၈:၄၀ ပြည်ချစ်သားမွန်တေးသဝဏ်
- ၁၈:၅၀ သံစဉ်ချိုမြမြန်မာတေးအလှ
- ၁၉:၁၅ မြန်မာဇာတ်လမ်းတွဲ ‘ရတနာပုံ’ (အပိုင်း-၁)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၅ အမျိုးသားအားကစားပွဲတော် (Highlights) (2)
- ၂၁:၂၀ ပြည်ချစ်သားမွန်တေးသဝဏ်
- ၂၁:၄၅ နိုင်ငံခြားဇာတ်လမ်းတွဲ ‘ယုံကြည်ရာလမ်း’ (အပိုင်း-၃၄)
- ၂၂:၃၀ ရုပ်မြင်သံကြားဇာတ်လမ်း

**mitv**

- 07:01 Evergreen Classic: Sone Taw Myaing (Takkatho Lae Lae)
- 07:10 The Four Famous of Bagan
- 07:29 World Soil Day (5th December)
- 07:35 Ecotourism: The Tourist Attractions of Mingun, Sagaing
- 08:01 News
- 08:26 Myanmar Master Class "Still Life" (Fruit)
- 08:33 Ramayana Classic Talk & Discussion (Episode-1)
- 09:01 Making a Living as Horticulturist
- 09:14 Let's Taste Delicious Insects: Barbequed Sago Worm Salad and Bamboo Worm Fried Rice
- 09:35 Alms Bowl
- 09:54 Local Talents Show (2)
- 10:01 News

**MRTV NRC**

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)**
ကချင်ရိုးရာဝတ်စားဆင်ယင်ခြင်း

**ကယား (၀၈:၀၀ မှ ၁၀:၀၀)**
အဏ္ဏာရီဆန်တဲ့ကြတ်ဂူဆီသို့

**ဝကောကရင် (၁၀:၀၀ မှ ၁၁:၀၀)**
သံတောင်ကြီးနော်ဘူဘောဆုတောင်းတောင်

**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)**
ကရင်ငါးဆုပ်ဆန်လှော်ဟင်းနှင့်ဆန်လှော်ကြော်

**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့် ချစ်ကြည်စေမည့်အမိမြန်မာပြည် (အပိုင်း-၂)

**ချင်း (လိုင်ဇိုး) (၁၃:၀၀ မှ ၁၄:၀၀)**
တောင်ကြာပန်းများပျော်စံရာဇိန်မှုတောင်

**ချင်း (ချိုး) (၁၄:၀၀ မှ ၁၅:၀၀)**
ရိုးရာဝတ်စားဆင်ယင်မှုများနှင့်အဓိပ္ပာယ်များ

**မွန် (၁၅:၀၀ မှ ၁၇:၀၀)**
ဆံတော်ရှင်ကျိုက်ထီးရိုး

**ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)**
ပြူးပဒေသာ(ဘသာနှင့်အီတိဖိုး)

**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)**
ရှားစောင်းလက်ပပ်ရဲ့ကောင်းကျိုးများ

**ဝ (၂၁:၀၀ မှ ၂၃:၀၀)**
ဝက်နံရိုးချဉ်စပ်ဟင်းရည်

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၉:၄၅ Festivals Around the World
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၂၀:၄၅ ကမ္ဘာဝန်းကျင်ဇီဝမျိုးကွဲစုံလင်

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ ‘ကိုရီးယားနိုင်ငံ’
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို ‘ယုန်ကပတိုးဗိုက်ကတိုး’
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ ‘ဝင်ကာပူနိုင်ငံ’
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဗီဂျီသမ္မတနိုင်ငံ)
- ၁၁:၃၀ ရှေ့သို့ချီမည့်ပန်းတိုင်ဆီ (အပိုင်း-၃၄)

**MRTV FARMERS' HTV Channel**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၀၅ စားရေရိက္ခာဖူလုံဖို့ပိုမိုကြီးစားထုတ်လုပ်စို့
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၀:၃၅ Family Farmers - the Future of Asia and the Pacific
- ၁၉:၁၀ 200 Futuristic Agriculture Machines That are Next Level
- ၁၉:၄၅ International Music Hits
- ၂၀:၀၀ လူတောသားနှင့်ယောက္ခမလောင်း
- ၂၂:၀၀ New Year Blues

**MRTV SPORTS HTV Sports**

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၅၀ Football Highlights
- ၀၇:၄၀ အမျိုးသားအားကစားပွဲတော် အစီအစဉ်
- ၁၁:၀၀ အားကစားသတင်း
- ၁၄:၄၅ ၂၀၂၄ ခုနှစ်၊ ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ပြည်နယ်နှင့်တိုင်းဒေသကြီး U-21အမျိုးသားဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ပဲခူးတိုင်း နှင့် တနင်္သာရီတိုင်း)

Scan Here

MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

စိုက်ပျိုးရေးတက္ကသိုလ် နှစ် (၁၀၀) ပြည့် ဂုဏ်ပြုဆောင်းပါး

# စိုက်ပျိုးရေးပညာ နှစ် (၁၀၀) တိုင်ပြီ

■ ဒေါက်တာစောထိုလွီထူး (ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်)

**အကြင်အလုပ်တစ်ခု၏ ရလဒ်သည် စစ်ကိုလည်းအားမပေး၊ ရွှေငွေရတနာကိုလည်း အဓိကမပြု၊ လူတန်းစားခွဲခြားခြင်းကိုလည်း မမှုဘဲ အတ္တဟိတနှင့် ပရဟိတအကျိုးနှစ်ဝကို တစ်ပြိုင်တည်းရစေလျက် အလုံးစုံသော ဝိဇ္ဇာပညာနှင့် သိပ္ပံပညာတို့၏ ဦးခိုက်ရာဖြစ်အံ့။ ထိုအလုပ်ကား စိုက်ပျိုးရေးသာလျှင်တည်း။**

**(ဂါးဖီးလ်)**

စိုက်ပျိုးရေးလုပ်ငန်းသည် မြန်မာနိုင်ငံသား၊ တိုင်းရင်းသားပြည်သူအများစု၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်ပြီး နိုင်ငံ့စီးပွားရေး၏ အသက်သွေးကြော ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် ဒေသအလိုက် သီးနှံမျိုးစုံဖြစ်ထွန်းရှင်သန်ရန် မတူညီသော ရာသီဥတု၊ မြေအမျိုးအစား၊ စိုက်ပျိုးရေအရင်းအမြစ် အစရှိသည့် စိုက်ပျိုးရေးဆိုင်ရာ သဘာဝအရင်းအမြစ်များ ကုံလုံပြည့်စုံသည့် နိုင်ငံဖြစ်ပါသည်။

နိုင်ငံတစ်ဝန်း တိုင်းရင်းသားလူမျိုးပေါင်းစုံ စုပေါင်းမှီတင်းနေထိုင်သည့်အတွက်ကြောင့်လည်း စိုက်ပျိုးရေးဆိုင်ရာ လူသားစွမ်းအင်အရင်းအမြစ် ခိုင်မာတောင့်တင်းသည့် နိုင်ငံအဖြစ် ဂုဏ်ယူဖွယ်ရပ်တည်နေပါသည်။ စိုက်ပျိုးရေးဖြစ်ထွန်းပြီး သီးနှံထွက်ကုန်များဖြင့် နိုင်ငံတကာကုန်သွယ်မှု အကျိုးအမြတ်ကြီးမားလှသည့် ကောင်းကျိုးကြောင့် အင်္ဂလိပ်ကိုလိုနီလက်အောက် ကျရောက်စဉ်ကတည်းက မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းသည် တိုင်းတစ်ပါးသားတို့၏ အလေးထားအာရုံစိုက်ရာလုပ်ငန်း ဖြစ်ခဲ့ပါသည်။

### အဆင့်မြင့်စိုက်ပျိုး ထုတ်လုပ်မှုစနစ်နှင့် နည်းပညာများ

နိုင်ငံတကာ ဈေးကွက်ဝင်သီးနှံထွက်ကုန်ရရှိရန် မြန်မာလူမျိုးတို့၏ မိရိုးဖလာသီးနှံစိုက်ပျိုးထုတ်လုပ်မှုစနစ်သည် ထိရောက်မှုအားနည်းသည်ကိုလည်း သတိပြုမိခဲ့ကြသည်။ စက်မှုခေတ်ပြောင်းတော်လှန်ရေးကြောင့် အနောက်နိုင်ငံများတွင် တွင်ကျယ်လာသော အဆင့်မြင့်စိုက်ပျိုးထုတ်လုပ်မှုစနစ်နှင့် နည်းပညာများသည် မြန်မာနိုင်ငံ၏ သီးနှံစိုက်ပျိုးထုတ်လုပ်မှုအတွက် အခွင့်အလမ်းသဖွယ်ဖြစ်လာပါသည်။ အခြားတစ်ဖက်တွင်လည်း တိုးတက်ဖွံ့ဖြိုးလာသော စိုက်ပျိုးထုတ်လုပ်မှုနည်းစနစ်များနှင့်အညီ လိုက်ပါတွေးခေါ်ဆောင်ရွက်နိုင်သော ဒေသခံစိုက်ပျိုးရေးပညာရှင်များရှိပါမှ ထိရောက်မှန်ကန်ပြီး အကျိုးအမြတ်ခိုင်မာသေချာသော သီးနှံစိုက်ပျိုးထုတ်လုပ်မှုဖြစ်လာမည်ကိုသိရှိသောကြောင့် မြန်မာလူငယ်များအတွက် ခေတ်မီစိုက်ပျိုးရေးအတတ်ပညာလိုအပ်မှုကို တိုင်းတစ်ပါးသားတို့က သတိမူခဲ့ကြပါသည်။

အခြားကဏ္ဍများနည်းတူ ခေတ်မီစိုက်ပျိုးရေးပညာရပ်အတွက် မြန်မာလူငယ်များကို ရှေးဦးစွာ အင်္ဂလန်နိုင်ငံနှင့် ထိုမှတစ်ဆင့် အိမ်နီးချင်းအိန္ဒိယနိုင်ငံသို့ စေလွှတ်ပညာသင်ယူစေခဲ့ပါသည်။ ၎င်းနောက် ၁၉၂၄ ခုနှစ်တွင် မြန်မာနိုင်ငံ၌ စိုက်ပျိုးရေးကောလိပ်ကို ဖွင့်လှစ်ပြီး ခေတ်မီစိုက်ပျိုးရေးနည်းပညာများကို ပြည်တွင်း၌ သင်ယူစေခဲ့ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံအတွင်း ခေတ်မီစိုက်ပျိုးရေးအတတ်ပညာ စတင်ခဲ့သည်မှာ ယခု ၂၀၂၄ ခုနှစ်တွင် နှစ် (၁၀၀) ပြည့်မြောက်ပြီဖြစ်ပါသည်။

စိုက်ပျိုးရေးအတတ်ပညာသမိုင်းကြောင်း၏ အစဦးဖြစ်သော ၁၉၂၄ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့သည် မြန်မာနိုင်ငံ၏ ခေတ်မီစိုက်ပျိုးရေး အတတ်ပညာကဏ္ဍကို မန္တလေးမြို့ရှိ စိုက်ပျိုးရေးကောလိပ်နှင့် သုတေသနဗိမာန်ဖွင့်လှစ်ခြင်းဖြင့် ခမ်းနားထည်ဝါစွာ စတင်မိတ်ဆက်ကြိုဆိုခဲ့သည့်နေ့ရက် ဖြစ်ခဲ့ပါသည်။ ကောလိပ်ဟုခေါ်တွင်သော်လည်း ဘွဲ့ဒီဂရီအဆောင်အယောင်ကို အပ်နှင်းနိုင်သည့် ရန်ကုန်တက္ကသိုလ်၏ အသိအမှတ်ပြုမှုမရရှိသေးသဖြင့် စိုက်ပျိုးရေး



၁၉၂၄ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့က စိုက်ပျိုးရေးကောလိပ်နှင့် သုတေသနဗိမာန်ကို ဖွင့်လှစ်စဉ်။

ဒီပလိုမာ သုံးနှစ်သင်တန်းအနေဖြင့်သာ စတင်ခဲ့ရပါသည်။

ဝင်ခွင့်လျှောက်ထားသူ ၂၀၀ ခန့်အနက်မှ သင်တန်းသား ၂၄ ဦးဖြင့် ခေတ်မီစိုက်ပျိုးရေးအတတ်ပညာကန့်လန့်ကာကို စတင်ဖွင့်လှစ်ခဲ့ပါသည်။ စတင်ဖွင့်လှစ်ပြီးနောက် ၁၉၃၃ ခုနှစ်မှ ၁၉၃၇ ခုနှစ်အထိ ကာလတွင်မူ ကမ္ဘာ့စီးပွားရေးပျက်ကပ်ကြောင့် ကျောင်းကို ကာလတစ်ခုကြာမျှ ပိတ်ထားခဲ့ရပါသည်။ ကျောင်းပြန်ဖွင့်ပြီးနောက် ၁၉၃၈ ခုနှစ် ဇွန်လ ၁၆ ရက်နေ့တွင် ရန်ကုန်တက္ကသိုလ်က အသိအမှတ်ပြုသည့် စိုက်ပျိုးရေးကောလိပ် ဖြစ်လာခဲ့သဖြင့် မူလမျှော်မှန်းချက်အတိုင်း ဘွဲ့ဒီဂရီအဆင့်ပညာရေး ဖြစ်လာခဲ့ပါသည်။ ရန်ကုန်တက္ကသိုလ်၏ လက်အောက်ခံကောလိပ်ဖြစ်သောကြောင့် စိုက်ပျိုးရေးအတတ်ပညာကို စိတ်ပါဝင်စားသူများအနေဖြင့် ရန်ကုန်တက္ကသိုလ်တွင် ဥပစာသိပ္ပံ (Intermediate Science – I.Sc.) တက်ရောက်အောင်မြင်ပါက စိုက်ပျိုးရေးကောလိပ်တွင် နောက်ထပ် နှစ်နှစ် ဆက်လက်တက်ရောက်ပြီး စိုက်ပျိုးရေးပညာဘွဲ့ B.Sc. (Agri) ကို ရရှိစေသည့် ပညာရေးစနစ်ဖြစ်ပါသည်။

၁၉၄၂ ခုနှစ် အတန်းတင်စာမေးပွဲပြီးချိန်တွင်မူ ဒုတိယကမ္ဘာစစ်ကြောင့် အကန့်အသတ်မရှိ ကျောင်းပိတ်ခဲ့ရပြန်ပါသည်။ သို့ရာတွင် ၁၉၄၅ ခုနှစ်မှ ၁၉၄၆ ခုနှစ်အတွင်း၌ ကျောင်းပြီးဆုံးရန် ကျန်ရှိနေသည့် ဒုတိယနှစ် သင်တန်းသားများအတွက် မလှိုင်စိုက်ပျိုးရေးဥယျာဉ်တွင် ကြားဖြတ်ကောလိပ်ကို ခေတ္တဖွင့်လှစ်ပေးပြီး B.Sc. (Agri) ဘွဲ့ကို ချီးမြှင့်ပေးခဲ့ပါသည်။ ဒုတိယကမ္ဘာစစ်ပြီးဆုံးချိန်တွင် ရန်ကုန်တက္ကသိုလ်၌ မဟာဌာနများစုပေါင်းဖွဲ့စည်းထားသည့် တလုံးတစည်းတည်းဖွဲ့သောစနစ် (Unitary System) ကို စတင်ကျင့်သုံး အကောင်အထည်ဖော်ခဲ့ပါသည်။

၁၉၄၇ ခုနှစ်မှစတင်ပြီး ရန်ကုန်တက္ကသိုလ်လက်အောက်ခံ စိုက်ပျိုးရေးကောလိပ်မဟုတ်တော့ဘဲ စိုက်ပျိုးရေးမဟာဌာန (Faculty) ဖြစ်လာခဲ့ပါသည်။ ၁၉၅၈ ခုနှစ်တွင်မူ မန္တလေးဥပစာကောလိပ်သည်လည်း မန္တလေးတက္ကသိုလ်အဖြစ်သို့ အဆင့်မြှင့်တင်ပြောင်းလဲပြဋ္ဌာန်းခြင်းခံခဲ့ရသဖြင့် မြန်မာနိုင်ငံတွင် တက္ကသိုလ်နှစ်ခုဖြစ်လာခဲ့ပါတော့သည်။ ယင်းအခြေအနေတွင် မန္တလေးမြို့၌ရှိနေသော ရန်ကုန်တက္ကသိုလ်၏ စိုက်ပျိုးရေးမဟာဌာနသည်လည်း မန္တလေးတက္ကသိုလ်၏ စိုက်ပျိုးရေးမဟာဌာနအဖြစ် ပြောင်းလဲသတ်မှတ်ခြင်းခံခဲ့ရပါသည်။

၁၉၆၄ ခုနှစ်တွင် မြန်မာနိုင်ငံ၌ စနစ်သစ်ပညာရေးမူဝါဒကို ထပ်မံ၍ ပြောင်းလဲကျင့်သုံးခဲ့ကြပါသည်။ ဤပြောင်းလဲကျင့်သုံးမှုကြောင့် စိုက်ပျိုးရေးမဟာဌာနသည် မန္တလေးတက္ကသိုလ်၏ လက်အောက်ရှိဌာနမဟုတ်တော့ဘဲ သီးခြားတက္ကသိုလ်အဖြစ် ပြောင်းလဲဖွဲ့စည်းခွင့်ရရှိသွားပါတော့သည်။ ထိုအချိန်မှစ၍ စိုက်ပျိုးရေးတက္ကသိုလ် (Institute of Agriculture) အဖြစ် သီးခြားရပ်တည်ခဲ့ပြီး အပ်နှင်းသည့်ဘွဲ့ကိုလည်း စိုက်ပျိုးရေးပညာဘွဲ့ (B.Ag.) ဟု အမည်ပြောင်းလဲသတ်မှတ်ခဲ့ပါသည်။

အခြေခံပညာအထက်တန်း (၁၀ တန်း) စာမေးပွဲအောင်မြင်သူများ ငါးနှစ် တက်ရောက်ရသည့် တက္ကသိုလ်ဖြစ်ပြီး ဖွင့်လှစ်သည့် ပထမဆုံးနှစ်တွင် ကျောင်းသား ၅၀ ကိုသာ စတင်လက်ခံခဲ့သော်လည်း ၁၉၆၅ ခုနှစ်မှစတင်ပြီး ကျောင်းသားဦးရေ ၂၀၀ အထိ တိုးမြှင့်လက်ခံသင်ကြားခဲ့ပါသည်။ တက္ကသိုလ်အဖြစ်ရောက်ရှိပြီး ကျောင်းသားကျောင်းသူဦးရေလည်း တိုးပွားလာသဖြင့် တက္ကသိုလ်၏ ရေရှည်ကာလနှင့် သင်ကြားသင်ယူမှုပတ်ဝန်းကျင်ကောင်းအတွက် အထင်ကရအလှည့်အပြောင်း စတင်ခဲ့ပါသည်။

### အဓိကလိုအပ်ချက်မှာ လက်တွေ့ကွင်းဆင်းလုပ်ငန်းများအတွက် လုံလောက်သောမြေနေရာ

ထိုအချိန်က စိုက်ပျိုးရေးတက္ကသိုလ်၌ အဓိကလိုအပ်ချက်မှာ ကျောင်းသား ကျောင်းသူများ၏ လက်တွေ့ကွင်းဆင်းလုပ်ငန်းများအတွက် လုံလောက်သောမြေနေရာဖြစ်ပါသည်။ ထို့ကြောင့် မန္တလေးမြို့ရှိ မူလစတင်သန္ဓေတည်ခဲ့သောနေရာမှ ပြောင်းရွှေ့ရပ်တည်ရန်လိုအပ်လာပါသည်။ စိုက်ပျိုးရေးအတွက် ရာသီဥတုနှင့် ရေခံမြေခံကောင်းသည့် ပျဉ်းမနားမြို့၏ မြောက်ဘက် ၁၁ မိုင်ခန့်အကွာ၌ရှိသော ရေဆင်းရွာနှင့် ရေဆင်းဆည်အနီးရှိနေရာ (ယခုရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် တည်ရှိရာနေရာ) ကို ရွေးချယ်ခဲ့ကြကာ မြေဧရိယာ ၃၃၈ ဒသမ ၈၆ ဧကအပေါ်တွင် ၁၉၆၆ ခုနှစ်မှစတင်ပြီး စိုက်ပျိုးရေးတက္ကသိုလ်အသစ်ကို စတင်တည်ဆောက်ပြင်ဆင်မှုပြုလုပ်ခဲ့ကြပါသည်။ ပြောင်းရွှေ့အခြေချရန်အသင့်ဖြစ်သည့် ၁၉၇၃ – ၁၉၇၄ ပညာသင်နှစ်မှစတင်၍ ပြောင်းရွှေ့မှုကို အစီအစဉ်တကျ တစ်ဆင့်ပြီးတစ်ဆင့် ပြုလုပ်ခဲ့ကြပါသည်။ ယင်းပညာသင်နှစ်တွင် မန္တလေး၌ တတိယနှစ်၊ စတုတ္ထနှစ်နှင့်နောက်ဆုံးနှစ် ကျောင်းသား ကျောင်းသူများကို ချန်ရစ်သင်ကြားပို့ချပေးပြီး ဒုတိယနှစ်နှင့် ပထမနှစ် ကျောင်းသား ကျောင်းသူများကို ရေဆင်းတွင် စတင်ပြောင်းရွှေ့သင်ကြားပို့ချမှု လုပ်ဆောင်ခဲ့ပါသည်။ မန္တလေး၌ ကျန်ရှိနေသောအတန်းများကို မန္တလေးတွင်ပင်ကျောင်းပြီးသည်အထိ ဆက်လက်သင်ကြားပေးသကဲ့သို့ ပထမနှစ်အတန်းများကို ရေဆင်းတွင်သာ ဆက်လက်ဝင်ခွင့်ပြု၍ မန္တလေးမှရေဆင်းသို့ ပြောင်းရွှေ့မှုကို ပြေပြစ်စွာ လုပ်ဆောင်ခဲ့ကြပါသည်။ **စာမျက်နှာ ၁၆ သို့** ✪

**❝ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်သည် ရေဆင်းဟူသော စိုက်ပျိုးရေးလုပ်ငန်းအခြေပြု ကျေးရွာငယ်၏အမည်ကို အစွဲပြု၍ ခေါ်ဆိုခြင်းခံရသည့် မြန်မာနိုင်ငံအတွင်းရှိ တစ်ခုတည်းသောတက္ကသိုလ်ဖြစ်ပါသည်။ စိုက်ပျိုးရေးကောလိပ်နှင့် သုတေသနဗိမာန်အဖြစ် စတင်တည်ထောင်စဉ်မှစ၍ ယခုတိုင်အောင် မြန်မာတစ်နိုင်ငံလုံးတွင် တစ်ခုတည်းသာရှိနေခဲ့သော စိုက်ပျိုးရေးတက္ကသိုလ်လည်းဖြစ်၍ မြန်မာနိုင်ငံအနှံ့အပြားမှ တိုင်းရင်းသားလူမျိုးပေါင်းစုံတို့ စုစည်းပေါင်းဆုံပြီး စိုက်ပျိုးရေးပညာကို ချစ်ခင်စည်းလုံးစွာ ဆည်းပူးသင်ယူကြရသည့် တက္ကသိုလ်ဖြစ်သောကြောင့် "ပြည်ထောင်စုကြီးအထဲမှ ပြည်ထောင်စုကလေး" ဟု တင်စားခေါ်ဝေါ် သမုတ်ခြင်းခံရသော နှစ်လိုဖွယ်တက္ကသိုလ်လည်းဖြစ်❞**

# စဉ့်ကိုင်မြို့နယ်၌ မုန်လာဥဖြူများ စတင်ထွက်ပေါ်၍ ဈေးကောင်းရ

**ကျောက်ဆည် ဒီဇင်ဘာ ၄**

ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်ရှိ ကျေးရွာများတွင် လယ်ယာလုပ်ငန်းကို အဓိကထား လုပ်ကိုင်ကြပြီး ရာသီအလိုက် သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ စားဖိုဆောင် သီးနှံတစ်မျိုး ဖြစ်သော မုန်လာဥဖြူကို စီးပွားဖြစ် စိုက်ပျိုးကြကြောင်း သိရသည်။



**ငွေကျပ် ကိုးသိန်းခန့် အမြတ်ရ**

မုန်လာဥဖြူကို အောက်တိုဘာလတွင် စတင်စိုက်ပျိုးပြီး ရက်ပေါင်း ၃၀-၄၀ အကြာတွင် တူးဖော်ရကြောင်း၊ အထွက်နှုန်းကောင်းမွန်သည့် မျှားနီတံဆိပ်နှင့် ဆင်စွယ်မုန်လာတံဆိပ်ပါ မုန်လာဥဖြူမျိုးများကို အများဆုံးစိုက်ပျိုးကြကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် ငါးသိန်းခန့် ကုန်ကျပြီး အထွက်နှုန်းမှာ တစ်ဧကလျှင် မုန်လာဥဖြူ ၆၀၀၀- ၇၀၀၀ ခန့် ထွက်ရှိကြောင်း၊ လက်ကားဈေး မုန်လာဥဖြူတစ်ဥလျှင် ငွေကျပ် ၂၀၀ နှင့် ငါးဥပါ တစ်စည်းလျှင် ငွေကျပ် ၁၀၀၀ ဖြင့် ရောင်းချရပြီး တစ်ဧကလျှင် ငွေကျပ် ကိုးသိန်းခန့် အမြတ်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကုန်စိမ်းပွဲစားများမှ စိုက်ခင်းအရောက် အခင်းပြတ် လာရောက်ဝယ်ယူ၍ စဉ့်ကိုင်မြို့ပေါ်ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချကြပြီး အချို့တောင်သူများမှာလည်း မန္တလေး - ကျောက်ဆည် ကားလမ်းဘေးတွင် ရောင်းချမှုများလည်း ရှိကြောင်း၊ ယခုနှစ် မုန်လာဥဖြူ စတင်ထွက်ပေါ်ချိန်တွင် ဈေးကောင်းရရှိ၍ တောင်သူများ အကျိုးအမြတ် ပိုမိုရရှိကြောင်း သိရသည်။



# ဓနုဖြူမြို့နယ်၌ အုန်းသီးများ စတင်ထွက်ပေါ်၍ ဈေးကောင်းရ

**ဧရာဝတီ ဒီဇင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ အုန်းပင်များကို ဧက ၁၀၁၀ ခန့် စိုက်ပျိုးထားရှိပြီး ယခုအချိန်တွင် ဧက ၇၀၀ ခန့်မှ အုန်းသီးများ စတင်ထွက်ရှိကြောင်း သိရသည်။

အုန်းပျိုးပင်တစ်ပင်လျှင် ငွေကျပ် ၃၅၀၀ ဖြင့် ဝယ်ယူ၍ တစ်ဧကလျှင် အုန်းပင် ၂၀၀ ခန့် စိုက်ပျိုးရပြီး စတင်စိုက်ပျိုးချိန်တွင် သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၁၀ သိန်းခန့် ကုန်ကျကြောင်း၊ စိုက်ပျိုးပြီး သုံးနှစ်သားအရွယ်တွင် အုန်းသီးများ စတင်ခူးဆွတ်နိုင်ကြောင်း၊ တစ်လလျှင် တစ်ကြိမ် ခူးဆွတ်နိုင်ပြီး အုန်းသီးအလုံးရေ ၇၀၀ ခန့် ထွက်ရှိကြောင်း၊ ဈေးနှုန်းမှာ အုန်းသီးတစ်လုံးလျှင် လက်ကားဈေး ငွေကျပ် ၂၀၀၀၊ လက်လီဈေး ငွေကျပ် ၂၅၀၀ ဖြင့် ရောင်းချရသည့်အတွက် တစ်လလျှင် ငွေကျပ် လေးသိန်းခန့် အမြတ်ရရှိကြောင်း၊ ဓနုဖြူမြို့နယ်အတွင်း အုန်းခြစ်လုပ်ငန်း၊ အုန်းညှစ်လုပ်ငန်းများသို့ ရောင်းချသည့်အပြင် ရန်ကုန်မြို့သို့ တင်ပို့ရောင်းချကြောင်း၊ ဓနုဖြူမြို့နယ်ထွက် အုန်းသီးများမှာ ဈေးနှုန်းကောင်းမွန်ခြင်း၊ ဝယ်ယူမှုများပြားခြင်းကြောင့် အုန်းပင်စိုက်တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**သတင်းရင်းမြစ်- စီးပွား/ကူးသန်း**

# ပြည်မြို့နယ်၌ သခွားသီးများ ဈေးကောင်းရ

**ပဲခူး ဒီဇင်ဘာ ၄**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်၌ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်ကြပြီး ရာသီအလိုက် သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ တောင်ခွေးရဲကျေးရွာတွင် သခွားသီးနှံများကို မိသားစုတစ်နိုင်တစ်ပိုင် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

သခွားသီးကို စက်တင်ဘာလတွင် စတင်စိုက်ပျိုးပြီး နိုဝင်ဘာလ



တွင် ခူးဆွတ်ရောင်းချရကြောင်း၊ မျိုးအနေဖြင့် သခွား- ၃၉၅ မျိုးကို စိုက်ပျိုးကြပြီး မျိုးစေ့ကို ပျိုးထောင်၍ နှစ်ပတ်အကြာတွင် စိုက်ပေါင်၌ ပင်ကြားတန်းကြား နှစ်ပေ၊ နှစ်ပေခွဲခန့်ထား၍ စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးပြီး ၄၅ ရက်အကြာတွင် စတင်ခူးဆွတ်နိုင်ပြီး ကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် ရှစ်သိန်းခန့်ကုန်ကျကြောင်း၊ သခွားသီးအနုအရင့် ပေါ်မူတည်၍ ခုနစ်ရက်ခြားတစ်ကြိမ် ခူးဆွတ်ရကြောင်း၊ တစ်ကြိမ်ခူးဆွတ်လျှင် သခွားသီးအလုံးရေ ၁၀၀၀၀-၁၃၀၀၀ ခန့်ထွက်ရှိကြောင်း ယခုအချိန်တွင် သခွားသီးများ စတင်ထွက်ပေါ်၍ အရောင်းအဝယ်ဖြစ်လျက်ရှိပြီး လက်ကားဈေး သခွားသီးတစ်လုံးလျှင် ငွေကျပ် ၁၅၀-၂၀၀ ဖြင့် ရောင်းချရသည့်အတွက် တစ်ဧကလျှင် ငွေကျပ် ၁၈ သိန်းခန့် အမြတ်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကုန်စိမ်းပွဲစားများမှ သခွားစိုက်ခင်းအထိ လာရောက်ဝယ်ယူကြပြီး ပြည်မြို့ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ယခုနှစ်တွင် သခွားသီးဈေးနှုန်းများ ကောင်းမွန်သည့်အတွက် တောင်သူများ အကျိုးအမြတ်ပိုမိုရရှိကြောင်း သိရသည်။

# မအူပင်မြို့နယ်၌ အာဒါလွတ် (ခေါ်) သင်ဥ စိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်များရရှိ

**ဧရာဝတီ ဒီဇင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် လေးမိုင်ကျေးရွာတွင် သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိပြီး အာဒါလွတ် (ခေါ်) သင်ဥကို တစ်နှစ်လျှင် နှစ်ကြိမ် စိုက်ပျိုးကြကြောင်း၊ အာဒါလွတ်(ခေါ်)သင်ဥကို ယခင်နှစ်က ဧက ၅၀ ခန့် စိုက်ပျိုးခဲ့ပြီး ယခုနှစ်တွင် ဧက ၆၀ ကျော် စိုက်ပျိုးထားကြောင်း သိရသည်။

အာဒါလွတ် (ခေါ်) သင်ဥကို ဇွန်လတွင် စိုက်ပျိုးပြီး ငါးလကျော်အကြာ နိုဝင်ဘာလတွင် စတင်တူးဖော်ရကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် မြေပြုပြင်၍ ပင်ကြားတန်းကြား ခြောက်ပေ၊ ရှစ်ပေခြားစိုက်ပျိုးရပြီး တစ်ဧကလျှင် အပင်ရေ ၄၀၀၀၀ ခန့် စိုက်ပျိုးကြောင်း၊ ကုန်ကျစရိတ်မှာ မျိုး၊ သွင်းအားစု၊ မြေပြုပြင်ခ၊ လုပ်သားခ အပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် ရှစ်သိန်းခန့် ကုန်ကျကြောင်း၊ တစ်ဧကလျှင် အာဒါလွတ်(ခေါ်) သင်ဥ ပိဿာချိန် ၄၀၀ ခန့်ထွက်ရှိပြီး တစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀ ဖြင့် ရောင်းချရသည့်အတွက် ငွေကျပ် ခြောက်သိန်းခန့် အမြတ်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် ဒေသတွင်းရောင်းချမှုအပြင် ပုသိမ်၊ အိမ်မဲနှင့် ရန်ကုန်မြို့တို့သို့ အဓိကတင်ပို့ရောင်းချကြောင်း သိရသည်။

**၄-၁၂-၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ**

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ဧစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | | ၉၅၀၀ | ၂၆၀၀၀ | ၉၇၆၀ | ၂၂၀၀၀ | ၇၀၀၀ | ၂၃၀၀၀ | ၂၅၀၀၀ | ၁၁၀၀၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၅၀၀၀ | ၁၃၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၄၀၀၀၀ | ၄၀၀၀၀ | ၂၈၀၀၀ | ၃၅၀၀၀ | ၂၈၀၀၀ |
| ၂ | ကျိုင်းတုံ | ၅၅၀၀ | | ၈၀၀၀ | ၂၂၀၀၀ | - | ၁၇၅၀၀ | ၇၀၀၀ | ၂၀၀၀၀ | ၁၉၀၀၀ | ၁၄၀၀၀ | ၆၅၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၇၈၀၀ | ၆၅၀၀ | ၇၀၀၀ | ၁၉၀၀၀ | ၃၃၀၀၀ | ၃၀၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၆၀၀ | ၃၄၀၀ | ၇၃၀၀ | ၂၀၀၀၀ | ၈၃၀၀ | ၁၇၅၀၀ | ၅၅၀၀ | ၁၇၀၀၀ | ၁၃၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၈၅၀၀ | ၅၅၀၀ | ၂၃၀၀၀ | ၃၂၀၀၀ | ၂၃၅၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၄ | လှိုင်ကော် | ၅၀၀၀ | | ၈၅၀၀ | ၂၀၀၀၀ | ၇၃၀၀ | ၁၅၀၀၀ | ၄၅၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | | ၄၀၀၀ | ၁၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၄၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၂၃၀၀၀ | ၂၅၀၀၀ | ၂၄၀၀၀ | ၃၈၀၀၀ | ၁၈၀၀၀ |
| ၅ | ဘားအံ | ၃၈၀၀ | | ၆၅၀၀ | ၂၀၀၀၀ | ၈၁၀၀ | ၁၇၀၀၀ | ၅၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၁၉၀၀၀ | ၂၃၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ |
| ၆ | မော်လမြိုင် | ၃၂၀၀ | | ၅၁၀၀ | ၁၈၀၀၀ | ၈၀၆၀ | ၁၄၀၀၀ | ၄၅၀၀ | ၂၀၀၀၀ | ၂၃၀၀၀ | ၁၅၀၀၀ | ၉၀၀၀ | ၁၂၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၁၃၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၂၁၀၀၀ | ၃၀၀၀၀ | ၁၈၀၀၀ | ၃၃၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၃၇၀၀ | | ၆၆၀၀ | ၂၀၀၀၀ | ၈၁၀၀ | ၁၇၀၀၀ | ၅၀၀၀ | ၁၉၀၀၀ | ၂၀၀၀၀ | | ၁၂၀၀၀ | ၆၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၈၅၀၀ | ၈၅၀၀ | ၅၅၀၀ | ၂၃၀၀၀ | ၃၃၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | |
| ၈ | မြိတ် | ၃၇၅၀ | | ၆၂၅၀ | ၁၈၀၀၀ | ၈၃၀၅ | ၁၇၀၀၀ | ၅၀၀၀ | ၁၇၅၀၀ | ၂၂၀၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၁၀၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၂၃၀၀၀ | ၃၃၀၀၀ | ၂၈၀၀၀ | ၃၂၀၀၀ | |
| ၉ | ရန်ကုန် | ၃၄၀၀ | | ၅၅၀၀ | ၁၉၀၀၀ | ၇၇၀၀ | ၁၅၀၀၀ | ၅၀၀၀ | ၂၂၀၀၀ | ၂၄၀၀၀ | ၁၄၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၇၅၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၅၄၀၀ | ၂၀၀၀၀ | ၃၁၀၀၀ | ၂၆၀၀၀ | ၃၁၀၀၀ | ၉၀၀၀ |
| ၁၀ | ပုသိမ် | ၃၅၅၀ | | ၅၂၀၀ | ၂၀၀၀၀ | ၈၁၀၀ | ၈၅၀၀ | ၄၀၀၀ | ၁၇၀၀၀ | ၂၄၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၄၀၀ | ၉၀၀၀ | ၇၂၀၀ | ၉၀၀၀ | ၁၁၀၀၀ | ၅၅၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၂၀၀၀၀ | ၂၇၀၀၀ | ၁၀၀၀၀ |
| ၁၁ | ဟားခါး | | | ၁၁၀၀၀ | ၂၆၀၀၀ | - | ၅၈၀၀၀ | ၈၅၀၀ | ၃၀၀၀၀ | | | ၅၀၀၀ | ၁၄၀၀ | | ၁၃၅၀၀ | | ၈၀၀၀ | ၉၀၀၀ | ၃၃၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | | ၃၀၀၀၀ |
| ၁၂ | မုံရွာ | ၃၇၀၀ | | ၆၅၀၀ | ၁၄၅၀၀ | ၈၃၅၀ | ၁၅၀၀၀ | ၄၀၀၀ | ၁၃၅၀၀ | ၂၃၀၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၁၀၀၀ | ၈၁၀၀ | ၈၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၉၀၀၀ | ၂၂၀၀၀ | ၁၁၀၀၀ |
| ၁၃ | မန္တလေး | ၄၀၀၀ | | ၆၅၀၀ | ၁၆၀၀၀ | ၈၄၄၀ | ၁၄၀၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၉၀၀၀ | ၅၆၀၀ | ၂၄၀၀၀ | ၃၂၀၀၀ | ၂၆၀၀၀ | ၂၈၀၀၀ | ၁၆၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၅၀၀၀ | ၈၁၀၀ | ၁၁၀၀၀ | ၃၅၀၀ | ၁၄၀၀၀ | ၂၁၀၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၇၀၀ | ၈၆၀၀ | ၈၅၀၀ | ၁၂၀၀၀ | ၇၅၀၀ | ၅၅၀၀ | ၂၄၀၀၀ | ၂၈၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၁၁၀၀၀ |
| ၁၅ | မကွေး | ၄၃၀၀ | | ၆၇၀၀ | ၁၆၀၀၀ | ၈၁၁၀ | ၁၄၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၂၀၀ | ၇၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၇၀၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၁၃၅၀၀ |
| ၁၆ | ပြည် | ၃၀၀၀ | | ၅၁၀၀ | ၁၆၀၀၀ | ၈၀၀၀ | ၁၁၅၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၂၁၅၀၀ | | ၅၀၀၀ | ၄၅၀ | ၁၂၀၀၀ | ၇၄၀၀ | ၉၀၀၀ | ၈၅၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၁၀၀၀ |
| ၁၇ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၈၀၀၀ | ၁၁၀၀၀ | ၄၂၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၆၀၀၀ | ၅၅၀၀ | ၄၅၀ | ၉၀၀၀ | ၇၅၀၀ | ၉၀၀၀ | ၇၅၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၅၀၀ | | ၆၅၀၀ | ၁၆၀၀၀ | ၈၂၂၅ | ၁၅၀၀၀ | ၄၅၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၉၂၀၀ | ၃၅၀၀ | ၆၀၀ | ၈၅၀၀ | ၇၅၀၀ | ၆၂၀၀ | ၇၅၀၀ | ၅၁၅၀ | ၂၀၅၀၀ | ၂၈၀၀၀ | ၂၂၀၀၀ | ၂၆၀၀၀ | ၁၂၀၀၀ |
| ၁၉ | နေပြည်တော် | ၃၅၀၀ | | ၆၅၀၀ | ၁၆၀၀၀ | ၈၂၂၅ | ၁၅၅၀၀ | ၅၀၀၀ | ၁၅၅၀၀ | ၂၀၅၀၀ | ၁၀၀၀၀ | ၄၀၀၀ | ၆၀၀ | ၉၀၀၀ | ၇၈၀၀ | ၆၅၀၀ | ၈၀၀၀ | ၅၁၅၀ | ၂၁၅၀၀ | ၂၈၅၀၀ | ၂၂၀၀၀ | ၂၇၀၀၀ | ၁၂၅၀၀ |
| ၂၀ | ကလေး | ၃၈၀၀ | ၃၃၀၀ | | ၁၈၀၀၀ | ၁၅၀၀၀ | ၂၈၀၀၀ | ၄၅၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ | ၁၂၀၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၇၅၀၀ | ၂၈၀၀၀ | ၃၂၀၀၀ | ၂၉၀၀၀ | | ၁၇၀၀၀ |

# ဒေသတွင်းကုန်စျေးနှုန်းတည်ငြိမ်ရေးအတွက် ကိုယ်တိုင်စိုက်ပျိုး၊ မွေးမြူထုတ်လုပ်သူ တိုက်ရိုက်အရောင်းဆိုင်များအား သွားရောက်ကြည့်ရှုအားပေး

**ပဲခူး ဒီဇင်ဘာ ၄**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ယနေ့နံနက်ပိုင်းက ပဲခူးမြို့ မြို့မစျေးကြီး သီရိဥဿာစျေးရုံကြီးရှေ့၌ ဒေသတွင်းကုန်စျေးနှုန်း တည်ငြိမ်ရေးနှင့် ပြည်သူများ အသား/ငါး/ဥ စျေးနှုန်း သက်သာစွာ နေ့စဉ်ဝယ်ယူစားသုံးနိုင်ရေး ကိုယ်တိုင် စိုက်ပျိုး၊ မွေးမြူထုတ်လုပ်သူ တိုက်ရိုက်အရောင်း ဆိုင်များဖွင့်လှစ်ရောင်းချနေမှုကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း သွားရောက်ကြည့်ရှု အားပေးသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ ပဲခူးမြို့ မြို့မစျေးကြီး သီရိဥဿာစျေးရုံကြီးရှေ့၌ ကိုယ်တိုင်စိုက်ပျိုး၊ မွေးမြူထုတ်လုပ်သူ အရောင်းဆိုင်များ ဖွင့်လှစ် ရောင်းချနေမှုကို လှည့်လည်ကြည့်ရှုအားပေး သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမျိုးအမည်စုံလင်စွာနှင့် စျေးနှုန်းချိုသာစွာဖြင့် ရောင်းချနိုင်ရေး၊ စည်းကမ်းတကျ ကုန်ပစ္စည်းများ တင်ချနိုင်ရေး စီစဉ်ဆောင်ရွက်ရန်နှင့် ပြည်သူလူထု၏ အဓိကအခြေခံစားကုန်ဖြစ်သည့် ဆန်၊ ဆီ၊ ဥ၊ အသား၊ ငါး ပြတ်လပ်မှုမရှိစေရေး ရောင်းချပေးရန် တာဝန်ရှိသူများကို လမ်းညွှန်မှာကြားပြီး ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ပဲခူးမြို့တွင် ၂၀၂၃ ခုနှစ် ဇွန် ၁၇ ရက်မှစ၍ နေ့စဉ်ရောင်းချလျက်ရှိ ကြောင်း သိရသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပဲခူးမြို့မစျေးကြီးနှင့် ဇိုင်းဂနိုင်းမြောက်ပိုင်းသို့ ဆက်သွယ်ထားသည့် ဘေလီတံတားသံကူ ကွန်ကရစ် တည်ဆောက်နေမှုကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး၊ တံတားချဉ်းကပ်လမ်းများ ကောင်းမွန်မှုရှိစေရေးနှင့် မြေထိန်းနံရံများကို ရေတိုက်စားမှုကာကွယ်ရေးစနစ်များ ထည့်သွင်း ဆောင်ရွက်ရန် တာဝန်ရှိသူများအား လမ်းညွှန် မှာကြားသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီး ချုပ်သည် စက်တင်ဘာ ၈ ရက် ညနေပိုင်းက မိုးသည်းထန်စွာရွာသွန်းပြီး မိုးကြိုးခဲ့သည့် ပဲခူးမြို့ ကလျာဏီရပ်ကွက်ရှိ ရေးဟောင်းသမိုင်းဝင် ရွှေဂူလေးဘုရားအား ဘက်စုံပြုပြင်မွမ်းမံနိုင်ရေး သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ် သည် ဟံသာဝတီရေးဟောင်းမြို့ရိုး သိန္နီတံခါး ပေါက်သို့ ရောက်ရှိခဲ့ပြီး ကျုံးပတ်လမ်းတစ် လျှောက်လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။



**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဦးရင်မောင်ညွှန့် မကွေးတိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်စီမံကိန်း၊ စက်ရုံနှင့် စက်မှုသင်တန်းကျောင်းတို့သို့ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၄**

စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွှန့်သည် ဒီဇင်ဘာ ၂ ရက် နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်ရှိ အမှတ်(၄)အထည်စက်ရုံ (ပွင့်ဖြူ)သို့ ရောက်ရှိပြီး စက်ရုံမှူးနှင့် တာဝန်ရှိသူများအား တွေ့ဆုံရာ စက်ရုံမှူးက စက်ရုံသမိုင်းအကျဉ်း၊ စက်ရုံဆိုင်ရာ အချက်အလက်များ၊ လုပ်ငန်း ဆောင်ရွက်နေမှုနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြ သည်။



ထို့နောက် ဒုတိယဝန်ကြီးက စက်ရုံမှထုတ်လုပ်သော ထုတ်ကုန်ပစ္စည်းများ အရည်အသွေးပြည့်မီစေရေးအတွက် အရည်အသွေး စီမံခန့်ခွဲမှုစနစ်များ ထူထောင်ထားရှိရန်နှင့် စျေးကွက်သုတေသနလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ရန် မှာကြားကာ ဝန်ထမ်းများ၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ထောက်ပံ့ငွေများပေးအပ်ပြီး စက်ရုံအတွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး အစိုးရအစီအစဉ်ဖြင့် ဖော်ဆောင်လျက်ရှိသည့် မကွေးစက်မှုဇုန်သို့ ရောက်ရှိပြီး မကွေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ဦးစီးမှူးက စက်မှုဇုန်ဖော်ဆောင်ရေးနှင့် ပတ်သက်၍ လုပ်ငန်းတိုးတက်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို မှာကြား သည်။

ယင်းနောက် အမှတ်(၅) စက်မှုသင်တန်းကျောင်း (မကွေး) သို့ရောက်ရှိပြီး ဆိုင်ကယ်ပြုပြင်ခြင်း ကာလတိုအခြေပြု သုံးလသင်တန်း အလုပ်ရုံခန်းမ၌ သင်တန်းဖွင့်လှစ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် သင်ထောက်ကူပစ္စည်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက သင်တန်းကျောင်းမှ နည်းပြဆရာ ဆရာမများအနေဖြင့် သက်ဆိုင်ရာဘာသာရပ်များကို ကျွမ်းကျင်တတ်မြောက်အောင် ကြိုတင်လေ့လာဆည်းပူး၍ သင်တန်းသားများကို အမှန်တကယ် တတ်မြောက်အောင် သင်ကြားပေးပြီး သင်တန်းပြီးဆုံးပါက ကိုယ်ပိုင်လုပ်ငန်းများ ထူထောင်လုပ်ကိုင်နိုင်သည်အထိ လေ့ကျင့်သင်ကြားပေးရန် မှာကြား ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မရမ်းကုန်းမြို့နယ်၌ အသိပညာပေးဟောပြောပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၄**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ် (၁) အခြေခံပညာအထက်ကျောင်း စန္ဒိမာခန်းမ၌ ယနေ့မွန်းလွဲ ၁နာရီက မရမ်းကုန်းခရိုင်၊ အင်းစိန်ခရိုင်တို့မှ အမျိုးသမီးရေးရာအဖွဲ့တို့က ကြီးမှူး၍ အသိပညာ ပေးဟောပြောပွဲ ကျင်းပသည်။

ဦးစွာ မရမ်းကုန်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သက်ခိုင်က အဖွင့်အမှာစကားပြောကြားပြီး ရာဇသတ်ကြီးဥပဒေနှင့်ပတ်သက်၍ ဒုတိယခရိုင်တရားသူကြီး ဒေါ်နွယ်နီထွန်း၊ အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးနှင့် လူကုန်ကူးမှု တားဆီးကာကွယ်နိုင်ရန်နှင့်ပတ်သက်၍ ဒုတိယခရိုင်ဥပဒေအရာရှိ ဦးအောင်စိုးဝင်း၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေနိုင်သော ဆေးဝါးအန္တရာယ်များအကြောင်းကို မရမ်းကုန်းမြို့နယ်ရဲတပ်ဖွဲ့ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးနေမျိုးသူရိန်၊ ကျန်းမာရေးအသိပညာကို မရမ်းကုန်းခရိုင်တာဝန်ခံ ပြည်သူ့ကျန်းမာရေးဦးစီးဌာနဌာနမှူး ဒေါက်တာ ဝေဆင့်ကျော်တို့က ဆွေးနွေးဟောပြောကြသည်။

ထို့နောက် ဆွေးနွေးခဲ့သော အကြောင်းအရာများနှင့်ပတ်သက်၍ ကျောင်းသား ကျောင်းသူများအား မေးခွန်းများမေးမြန်း၍ ဆုလက်ဆောင်များချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



# ပေါင်မြို့နယ်၌ စာကြည့်တိုက်အလုပ်ရုံဆွေးနွေးပွဲနှင့် စာအုပ်လှူဒါန်းပွဲပြုလုပ်

**ပေါင် ဒီဇင်ဘာ ၄**

မွန်ပြည်နယ် ပေါင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး



ဦးစီးဌာန Community Centre ၌ စာကြည့်တိုက် အလုပ်ရုံဆွေးနွေးပွဲနှင့်စာအုပ်လှူဒါန်းပွဲကို ယနေ့နံနက် ၁၀ နာရီက ပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးကျော်လင်းဦးက ရပ်ကွက်/ကျေးရွာစာကြည့်တိုက်များကို ရှင်သန်ခိုင်မာစေရန်အတွက် ယခုလိုအလုပ်ရုံဆွေးနွေးပွဲပြုလုပ်ရခြင်းဖြစ်ကြောင်း ပြောကြား သည်။

**ပြောကြား**

ဆက်လက်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မျိုးလှိုင်က စာကြည့်တိုက်ရှင်သန်စေရန်အတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ အား၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၏အား၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏အား၊ ပြည်သူလူထုများ၏အားတို့ဖြင့် ပူးပေါင်းဆောင်ရွက်မှသာ ရှင်သန်ခိုင်မာလာမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် မွန်ပြည်နယ် စာကြည့်တိုက်ဖောင်ဒေးရှင်းက လှူဒါန်းသော ပေါင်မြို့နယ်အတွင်းရှိ ရှင်သန်ခိုင်မာ စာကြည့်တိုက် ရှစ်တိုက်သို့ စာအုပ် ၂၁၀ လှူဒါန်းခဲ့သည်။

ထို့နောက် စာကြည့်တိုက်မှူးများက ကျေးရွာစာကြည့်တိုက် ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပြည်သူ့စာကြည့်တိုက်များကြုံတွေ့နေရသည့် အခက်အခဲများနှင့်ကျော်လွှားနိုင်သည့်နည်းလမ်းများ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာကြည့်တိုက်လုပ်ငန်းများ စနစ်တကျဆောင်ရွက်နိုင်ရေး ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးကြသည်။ အဆိုပါဆွေးနွေးပွဲကို ဒီဇင်ဘာ ၄ ရက်မှ ၅ ရက်အထိ နှစ်ရက်ကြာကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မွန်မလေး (ပြန်/ဆက်)**

# မြန်မာ့အားကစားလောက တိုးတက်မြင့်မားရေးနှင့် အားကစားစာပေကဏ္ဍ အညမည

• • • • • အားကစားပရိသတ်တစ်ဦး • • • • •

၁၉၈၀ ပြည့်လွန်နှစ်များအတွင်းက ရန်ကုန်မြို့ အောင်ဆန်းအားကစားကွင်း၌ နှစ်စဉ်ကျင်းပခဲ့သော ပြည်နယ်နှင့်တိုင်းဘောလုံးပြိုင်ပွဲများက အကြိတ်အနယ်ရှိလှသည်။

ရန်ကုန်၊ မန္တလေး၊ မကွေး၊ ရှမ်း စသည့်အသင်းကြီးများက ချန်ပီယံခြေစွမ်းခြေစရှိသော အသင်းကြီးများဖြစ်သည်။ စစ်ကိုင်း၊ ပဲခူး၊ ဧရာဝတီ စသည့် တိုင်းအဆင့်အသင်းကြီးများကလည်း အစဉ်အလာရှိသော အသင်းကြီးများပီပီ ကျော်ဖြတ်ဖို့ရန် ခက်ခဲသည်။

မွန်၊ ကရင်၊ ကချင် စသည့်ပြည်နယ်အသင်းများကလည်း မခေလှပါ။ တိုင်းအဆင့်အသင်းကြီးများကို အုပ်စုအဆင့်ပွဲစဉ်မှာပင် အခက်တွေ့အောင် အကြိတ်အနယ်ခံကစားတတ်သည်။ ရန်ကုန်အိမ်ရှင်ပရိသတ်များကလည်း ပြည်နယ်အသင်းများကို အထူးသဖြင့် တိုင်းအဆင့် အသင်းကြီးများနှင့် ဆုံတွေ့ပါက တစ်ခဲနက်အားပေးလေ့ရှိကြသည်။ သို့နှင့် ပြည်နယ်အသင်းများမှာ ကိုယ့်ကွင်းကိုယ့်အိမ်ရှင် ပရိသတ်ရှေ့မှောက်တွင် ကစားနေရဘိသကဲ့သို့ စိတ်ဓာတ်တက်ကြွကာ ပွဲစပွဲဆုံး ရေကုန်ရေခန်း အသည်းပေါက်မတတ် ကစားလေ့ရှိသဖြင့် အသင်းကြီးများမှာ အခက်တွေ့ကြရသည်။ အခန့်မသင့်လျှင် စောစောစီးစီး အောင်ဖျာလိပ်ပြီး ပြန်ရတတ်သည်။

ထိုခေတ်က နိုင်ငံပိုင်သတင်းစာများကလည်း ပြည်နယ်နှင့်တိုင်းဘောလုံးပြိုင်ပွဲ ပွဲစဉ်များကို ပွဲစပွဲဆုံး သတင်း၊ သတင်းဓာတ်ပုံများ၊ ဆောင်းပါးများ ဝေဝေဆာဆာဖြင့် နေ့စဉ်ဖော်ပြလေ့ရှိသဖြင့် ပရိသတ်များ အထူးစိတ်ဝင်စားခဲ့ကြသည်။ အောင်ဆန်းကွင်းအတွင်းသို့ ကိုယ်တိုင်ကိုယ်ကျ သွားရောက် ကြည့်ရှုအားပေးခဲ့သော ပရိသတ်များသည်ပင်လျှင် နောက်တစ်နေ့တွင် ကိုယ်ကြည့်ရှုခဲ့သော ပွဲစဉ်အကြောင်းကို သတင်းစာများက မည်သို့မည်ပုံ သုံးသပ်ရေးသားဖော်ပြမလဲဟု စိတ်ဝင်တစား စောင့်ဖတ်လေ့ရှိသည်။

ထိုခေတ်က ကြေးမုံ၊ ဗိုလ်တထောင်၊ လုပ်သား၊ မြန်မာ့အလင်း စသည့် နိုင်ငံပိုင်သတင်းစာကြီးများမှ အားကစားသတင်းထောက်များ၊ ဓာတ်ပုံသတင်းထောက်များကလည်း အပြိုင်အဆိုင် ရေးသားရိုက်ကူးဖော်ပြကြသည်။ ယင်းသို့ဖော်ပြရာတွင် ကျွန်တော်က ဗိုလ်တထောင်သတင်းစာကို အကြိုက်ဆုံးဖြစ်သည်။ ဗိုလ်တထောင်သတင်းစာ၏ ဖော်ပြမှုက သွက်သည်၊ ထက်သည်။ သတင်းခေါင်းပေးဖော်ပြရာမှာပင် ပြည်နယ်နှင့် တိုင်းအသီးသီး၏ ထင်ရှားပေါ်လွင်သော အထိမ်းအမှတ်များကို နာမဝိသေသနပြု၍ တင်စားဖော်ပြလေ့ရှိသည်။

**ဒေသခံပရိသတ်များ၏ စိတ်နှလုံးကို အထူးဆွဲဆောင်**

ရန်ကုန်တိုင်းအသင်းကို ရန်ကုန်ဟီးနိုးကြီး၊ ပဲခူးတိုင်းအသင်းကို ပဲခူးဆား၊ မကွေးတိုင်းအသင်းကို မကွေးဖန်ခါးသီး၊ ရှမ်းပြည်နယ်အသင်းကို ရှမ်းအိုးစည်၊ ချင်းပြည်နယ်အသင်းကို တောင်ဇလပ်ပန်း စသည်ဖြင့် ဒေသခံပရိသတ်များ၏ စိတ်နှလုံးကို အထူးဆွဲဆောင်စေသည်။

ထိုသည်မှစ၍ ကျွန်တော်သည် ပြည်တွင်းပြည်ပ အားကစားလောကအကြောင်းကို အထူးစိတ်ဝင်စားလာမိသည်။ နေ့စဉ်ထုတ်သတင်းစာပါ အားကစားကဏ္ဍဖော်ပြချက်တို့နှင့်ပင် ရောင့်ရဲတင်းတိမ်မှုမရှိတော့၍ လက်လှမ်းမီရာ အားကစားစာပေများကို ရှာဖွေဝယ်ယူဖတ်ရှုရတော့သည်။ သို့ရာတွင် ထိုခေတ်အခါက ယခုခေတ်သို့နှယ် ဖတ်စရာ၊ မှတ်စရာလေ့လာဖွယ်ရာများက မများလှချေ။ ဂျာနယ်ဆို၍ သက်တမ်းရင့် တံခွန်ဂျာနယ်မျှသာရှိသေးသည်။

အားကစားစာအုပ်စာပေကလည်း အနည်းငယ်မျှသာ။ လက်ချိုးရေတွက်၍ပင်ရသည်။ သို့ရာတွင် ကျွန်တော်တို့လို အားကစားဝါသနာရှင်၊ အားကစားပရိသတ်များအတွက် တန်ဖိုးမဖြတ်နိုင်ပါပေ။ စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်ဖြစ်သည့် ဆရာကြီး ဗဟိုသိမ်းဆောင်၏ **“အိုလံပစ်”**အမည်ရှိ အားကစားစာအုပ်ကြောင့် ကျွန်တော်သည် ပြည်နယ်နှင့်တိုင်း ဘောလုံးပြိုင်ပွဲ မြင်ကွင်းမှသည် ကမ္ဘာ့အိုလံပစ်စင်မြင့်ကို လှမ်းမျှော်ကြည့်ရှုခွင့်ရခဲ့သည်။

**အာရှအဆင့်တွင်ပင် အောင်မြင်ကျော်ကြားခဲ့ကြသော မြန်မာ့ကြယ်ပွင့်များ**

၁၉၆၇ ခုနှစ် နိုဝင်ဘာလက ထုတ်ဝေခဲ့သော ဆရာကြီး ဗဟိုသိမ်းဆောင်၏ **“အာရှဘောလုံးနှင့် မြန်မာ့ကြယ်ပွင့်”** စာအုပ်ကြောင့် တစ်ချိန်က အရှေ့တောင်အာရှသာမက အာရှအဆင့်တွင်ပင် အောင်မြင်ကျော်ကြားခဲ့ကြသော မြန်မာ့ကြယ်ပွင့်များဖြစ်ကြသည့် ဗဟာဒူး၊ ခင်မောင်ထွန်း၊ ဘပု၊ မောင်မောင်၊ တင်အေး၊ အောင်ခင်၊ ဝင်းမောင်၊ စိုးမြင့်တို့၏ ဘဝကောက်ကြောင်းနှင့် မြန်မာ့ဘောလုံးလောက၏ ရွှေခေတ်တစ်စိတ်တစ်ပိုင်းကို လေ့လာမှတ်သားခွင့်ရခဲ့သည်။ ထို့အတူ ဆရာကြီးဗဟိုသိမ်းဆောင်၏ ၁၉၆၅ ခုနှစ် ဇွန်လထုတ် **“ကမ္ဘာသိသော အားကစားသမားများ”** စာအုပ်ကလည်း မြန်မာ့အားကစားလောကမှ ကမ္ဘာ့အားကစားလောကဆီသို့ တစ်ဖန်ပေါင်းကူးမိတ်ဆက်ပေးခဲ့ပြန်ပါသည်။

> **❛၁၉၆၇ ခုနှစ် နိုဝင်ဘာလကထုတ်ဝေခဲ့သော ဆရာကြီးဗဟိုသိမ်းဆောင်၏ “အာရှဘောလုံးနှင့် မြန်မာ့ကြယ်ပွင့်” စာအုပ်ကြောင့် တစ်ချိန်က အရှေ့တောင်အာရှသာမက အာရှအဆင့်တွင်ပင် အောင်မြင်ကျော်ကြားခဲ့ကြသော မြန်မာ့ကြယ်ပွင့်များဖြစ်ကြသည့် ဗဟာဒူး၊ ခင်မောင်ထွန်း၊ ဘပု၊ မောင်မောင်၊ တင်အေး၊ အောင်ခင်၊ ဝင်းမောင်၊ စိုးမြင့်တို့၏ ဘဝကောက်ကြောင်းနှင့် မြန်မာ့ဘောလုံးလောက၏ ရွှေခေတ်တစ်စိတ်တစ်ပိုင်းကို လေ့လာမှတ်သားခွင့်ရခဲ့သည်။ ထို့အတူ ဆရာကြီးဗဟိုသိမ်းဆောင်၏ ၁၉၆၅ ခုနှစ် ဇွန်လထုတ် “ကမ္ဘာသိသောအားကစားသမားများ” စာအုပ်ကလည်း မြန်မာ့အားကစားလောကမှ ကမ္ဘာ့အားကစားလောကဆီသို့ တစ်ဖန်ပေါင်းကူးမိတ်ဆက်ပေးခဲ့❜**

ဆရာကြီးမောင်ရဲဝင်း၏ **“မြန်မာ့အားကစားလူရည်ချွန်များ”**စာအုပ်ကမူ တစ်ချိန်က မြန်မာ့အားကစားလောကသည်ဘောလုံးအားကစားတစ်ခုတည်း ကွက်ကွက်ကလေး အောင်မြင်ခဲ့သည်မဟုတ်။ အားကစားနည်းအလိုက် အောင်မြင်ခဲ့မှုများ ရရှိခဲ့သည်ကို လေ့လာမှတ်သားတွေ့ရှိရပေသည်။ **“အရှေ့တောင်အာရှ သံလုံးပစ်ဗိုလ် ဂျင်နီဖာတင်လေး၊ တာတိုဘုရင်မ မိုးစံ၊ မြန်မာ့ဂုဏ်ဆောင် တာလတ်အပြေးသမား ဂျင်မီ၊ တာဝေးအပြေးဘုရင် ရှင်မွေ့ဂန်း၊ လူငယ်ပွဲတော်၏ အလှဘုရင်မ မမိုးအေး(ခ) ဂရေစီကား (ပြေးခုန်ပစ်)၊ ‘မရ’ညီနောင်မှတစ်ဦး စိုးမရ၊ ဘော်လီဘောမယ် မဖြူဖြူ ကြက်တောင်မျိုးရိုးကြည်ညွန့်၊ တံခွန်စိုက်ရေကူးသမား တင်မောင်နီ၊ မလျှော့သောဖွဲလုံ့လရှင် တင်ထွန်း (လက်ဝှေ့)၊ လက်ဝှေ့ကြယ်တစ်ပွင့် သိန်းမြင့်၊ မြန်မာ့လူသန်ကြီး ထွန်းမောင် (အလေးမ)၊ ပင်ကိုသန်စွမ်းသူ ချစ်မြ(အလေးမ)၊ ဘောလုံးသမားတို့၏ဆရာကြီး ဦးစိန်လှိုင်၊ ဘုရားပေးသောခြေထောက် ဗဟာဒူး၊ ဂိုးစောင့်ဘုရင် တင်အောင်၊ ဘောလုံးမင်းသားလှငွေး”**တို့၏ ဘဝကောက်ကြောင်းနှင့် နိုင်ငံတကာပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင် အောင်ပန်းဆင်နိုင်ခဲ့မှုများကို လေ့လာမှတ်သားခဲ့ရပေသည်။

အလားတူ ဆရာကြီးမောင်ရဲဝင်း၏ **“အရှေ့အနောက် တောင်နဲ့မြောက်”**အမည်ရစာအုပ်မှာမူ ၁၉၇၄ ခုနှစ်က အနောက်ဂျာမနီနိုင်ငံ မြူးနစ်မြို့၌ ကျင်းပခဲ့သော ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲသို့ ကိုယ်တိုင်ကိုယ်ကျ သွားရောက်ကြည့်ရှုခဲ့သည့် ခရီးသွားအတွေ့အကြုံများနှင့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲပွဲစဉ်များကို မှတ်တမ်းတင်ဖော်ပြခဲ့ခြင်းဖြစ်၍ အားကစားဝါသနာရှင် ပရိသတ်များအဖို့ ကိုယ်တိုင်ကိုယ်ကျ သွားရောက်ကြည့်ရှုရသကဲ့သို့ ခံစားဖတ်ရှုရပေသည်။

ထိုမှတစ်ဖန် ဆရာကြီး မောင်ရဲဝင်း၏ **“ဘောလုံးဘုရင် ပီလီ”**အတ္ထုပ္ပတ္တိစာအုပ်မှာလည်း ခေတ်အဆက်ဆက် ကမ္ဘာကျော် ဘောလုံးသမားမြောက်မြားစွာ မွေးထုတ်ပေးနေသော ဘရာဇီးဘောလုံးလောကနှင့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲများကို မြန်မာပရိသတ်များနှင့် ရင်းနှီးကျွမ်းဝင်စေသည်။

၁၉၉၀ ပြည့်လွန်နှစ်များတွင်မူ အားကစားစာပေကဏ္ဍသည် ပို၍ဝေဆာဖွံ့ဖြိုးလာသည်။ တံခွန်ဂျာနယ်နှင့်အတူ အင်အား အားကစားဂျာနယ်သည်လည်း ပရိသတ်အင်အား အခိုင်အမာဖြစ်လာသည်။ အင်အားအားကစားဂျာနယ်မှ ပင်တိုင်ဆောင်းပါးရှင် ဆရာ ဦးဖေသိန်းက အင်္ဂလန်ပထမတန်း ဘောလုံးပြိုင်ပွဲများကို တစိုက်မတ်မတ်ရေးသားဖော်ပြပေးမှုကြောင့် အင်္ဂလန်ကလပ်အသင်းများနှင့် အင်္ဂလန်ဘောလုံးလောကကို မြန်မာဘောလုံးပရိသတ်များ စတင်ထိတွေ့ခွင့်ရရှိခဲ့ပါသည်။ ထိုစဉ်က ယခု မြန်မာလူကြီးလူငယ်မရွေး အထူးကြိုက်နှစ်သက်နေသည့် အင်္ဂလန်ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲပင် မပေါ်ပေါက်သေးချေ။ ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲကို ၁၉၉၂ ခုနှစ် မေလ ၂၇ ရက်နေ့မှ စတင်တည်ထောင်ခဲ့ခြင်းဖြစ်သည်။ ဝါရင့်အားကစားကလောင်ရှင် ဆရာကြီး ခင်မောင်ထွေး (ပျဉ်းမနား)၏ **“မှားရင်ပြင်ပါ၊ ဆွေးနွေးပါရစေ”** အပတ်စဉ်ဆောင်းပါးများနှင့် ဆရာ ရွှေဘောလုံး၏ အပြန်အလှန် စကားပြောခန်းတို့ကလည်း ထိမိလှပေသည်။

၁၉၉၆ ခုနှစ်တွင် PHILIPS ကုမ္ပဏီ၏ ပံ့ပိုးမှုဖြင့် မြန်မာ့ရုပ်မြင်သံကြားမှ ယူရို ၉၆ (EURO 96) ဥရောပဖလားဘောလုံးပြိုင်ပွဲကို တိုက်ရိုက်ထုတ်လွှင့်ပြသခဲ့ရာ မြန်မာအားကစားပရိသတ်များ အထူးစိတ်ဝင်တစား ရှိခဲ့ကြသည်။ အင်အားအားကစားဂျာနယ်ကလည်း ရာသီစာအဖြစ် ၁၉၉၆ ဥရောပတံခွန်စိုက်ဘောလုံးပြိုင်ပွဲ အမှတ်တရမှတ်တမ်းကို ပြုစုထုတ်ဝေခဲ့သဖြင့် ဥရောပဘောလုံးပြိုင်ပွဲသမိုင်းကို ထဲထဲဝင်ဝင် လေ့လာသိရှိခွင့်ရခဲ့ပြန်ပေသည်။

ထို့အတူ ယနေ့ မြန်မာနှင့် ကမ္ဘာတစ်ဝန်းမှ ဘောလုံးပရိသတ်များအားလုံး စိတ်ပါဝင်စားမှု အရှိဆုံး UEFA ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ စတင်ပေါ်ပေါက်လာပုံနှင့် စပ်လျဉ်း၍လည်း ထိုမှတ်တမ်းစာအုပ်တွင် ဖော်ပြပါရှိသည်။ UEFA ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ စတင်ပေါ်ပေါက်လာရန် စတင်စည်းရုံးလှုံ့ဆော်ပေးခဲ့သူမှာ ပြင်သစ်နိုင်ငံမှ ဝါရင့်သတင်းစာဆရာတစ်ဦးလည်းဖြစ်သူ၊ ဘောလုံးဝေဖန်ရေးသမားတစ်ဦးလည်းဖြစ်သူ၊ ပြင်သစ်လက်ရွေးစင် ဘောလုံးသမားတစ်ဦးလည်းဖြစ်သူ ဂါဘရီရယ်ဟီနွတ်ပင် ဖြစ်သည်။

ဟီနွတ်က ဥရောပမှ မိမိတို့နိုင်ငံ အသီးသီး၏ ဘောလုံးအဆင့်အတန်းတိုးတက်ရေးမှာ **“လက်ရွေးစင်”**အသင်း ဘောလုံးသမားများကိုသာ အားပေးချီးမြှောက်နေရုံနှင့်မပြီးဘဲ လက်ရွေးစင်အသင်းများအတွက် လက်ရွေးစင်ဘောလုံးသမားများကို မွေးထုတ်ပေးရာ **“ကလပ်”**အသင်းများ အဆင့်အတန်းမြင့်မားရေးမှာ အဓိကအခြေခံကျသော အချက်တစ်ချက်ဖြစ်သည်ဟု ခံယူကာ သူ၏ သတင်းစာဖြစ်သော အယ်လ်အီကွိပ်သတင်းစာမှ တစ်ဆင့် စည်းရုံးလှုံ့ဆော်ရေးသားခဲ့ရာမှ ယနေ့ တစ်ကမ္ဘာလုံး စိတ်ဝင်တစားအားပေးလျက်ရှိသော UEFA ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲမှာ ၁၉၅၅ ခုနှစ်တွင် စတင်ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။

၁၉၈၈ ခုနှစ် ပြင်သစ်ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကာလတွင်မူ ဘောလုံးအားကစားနှင့် ပတ်သက်သော မှတ်တမ်းမှတ်ရာစာပေများ ပိုမိုကျယ်ပြန့်စွာထွက်ပေါ်လာသည်။ တံခွန်အယ်ဒီတာအဖွဲ့ကပြုစုသည့် **“ကမ္ဘာ့ဖလား(၁၉၃၀-၁၉၉၈)”** မှတ်တမ်းစာအုပ်နှင့် အင်အားအားကစားဂျာနယ်မှ ထုတ်ဝေသည့် **“၁၉၉၈ ပြင်သစ်ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ(၁၉၃၀ မှ ၁၉၉၈) အမှတ်တရမှတ်တမ်း”** စာအုပ်များမှာ စာဖတ်ပရိသတ်များကြားတွင် ထင်ရှားသည်။

ထို့အတူ ၁၉၉၈ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အပြီးတွင် ထုတ်ဝေခဲ့သော ဆရာကျော့မောင် (မင်္ဂလာတောင်ညွန့်) စုဆောင်းတင်ပြသည့် **“ကမ္ဘာကျော်ကြား ဘောလုံးမင်းသား စူပါစတားများ”** စာအုပ်မှာမူ ခေတ်အဆက်ဆက် ကမ္ဘာကျော် ဘောလုံးသမားများဖြစ်ကြသည့် အူဆီဘီယို၊ မာစီလိုစလတ်စ်၊ ဂိုးသမား ချီလာဗတ်၊ ဂျပ်စ်ဖွန်တိန်၊ ပလာတီနီ၊ အဲရစ်ကန်တိုနာ၊ ဇီနီဒိုင်းဇီဒိန်း၊ ဂတ်မူလာ၊ ယူဝီဆီးလား၊ ဘက်ကင်ဘောင်ဝါ၊ လိုသာမားသီးယပ်စ်၊ ဂျာဂင်ကလင်းစမန်း၊ အိုလီဗာဘီယာဟော့ဖ်၊ လီယိုနီဒတ်စ်၊ ဒီဒီ၊ ဂရင်ချာ၊ ဂျယ်ရာဇင်ဟို၊ ပီလီ၊ ဇစ်ကို၊ ကာရီကာ၊ ဘီဘီတို၊ ရိုမာရီယို၊ ဒီးနယ်စ်စန်၊ ရောဘတ်တိုကားလို့စ်၊ အက်ဒ်မန်ဒိုနှင့် ရိုနယ်ဒို တို့၏အကြောင်း တစေ့တစောင်းကို ဆရာ၏ ရေးဟန်အတိုင်း သွက်သွက်လက်လက် တင်ပြထားသည်။

စာမျက်နှာ ၂၀ သို့ ❂

# “ချစ်စရာ့အရွယ်ကစားကြမယ်”ကလေးအစီအစဉ် မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည်

နေပြည်တော် ဒီဇင်ဘာ ၄

“ချစ်စရာ့အရွယ်ကစားကြမယ်”ကလေးအစီအစဉ်ကို MRTV HD Channel မှ အပတ်စဉ် စနေနေ့တိုင်း ထုတ်လွှင့်ပြသလျက်ရှိရာ ဒီဇင်ဘာ ၇ ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ရှိ ရွှေပြည်သာ အမှတ်(၅) လှိုင်သာယာ မူလတန်းကြိုကျောင်းနှင့် အမှတ်(၂) ရွှေပြည်သာ




(စက်မှုဇုန်) မူလတန်းကြိုကျောင်းတို့မှ ကလေးငယ်များ ပါဝင်ကစားကြပုံများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ဆက်လက်ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါအစီအစဉ်ကို ကလေးများ ကိုယ်ခန္ဓာသန်စွမ်းပြီး စိတ်ရွှင်လန်းစေရန်၊ ကလေးများ၏ ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကလေးငယ်များအချင်းချင်း ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး ပေါင်းသင်းဆက်ဆံတတ်စေရန် ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်း၍ စီစဉ်တင်ဆက်ခြင်းဖြစ်ပြီး MRTV App မှလည်း Streaming ထုတ်လွှင့်မည်ဖြစ်ရာ တစ်ချိန်တည်း ကြည့်ရှုနိုင်မည်ဖြစ်သည်။

ယင်းအစီအစဉ်ကို MRTV App ၏ Youth Sector နှင့် MRTV Telegram တို့တွင်လည်း ဆက်လက်လွှင့်တင်ထားမည်ဖြစ်၍ ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်သည့်အပြင် ဒီဇင်ဘာ ၉ ရက် (တနင်္လာနေ့) ညနေ ၄ နာရီ သတင်းအပြီးတွင်လည်း ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




# “အမျိုးသားအားကစားပွဲတော်”ဂုဏ်ပြုတေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

နေပြည်တော် ဒီဇင်ဘာ ၄

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန် ရည်ရွယ်ပြီး Friday Night Live Show တေးဂီတဖျော်ဖြေပွဲများကို ဆန်းသစ်တင်ဆက်လျက်ရှိရာ ဒီဇင်ဘာ ၆ ရက် (သောကြာနေ့) ည ၉ နာရီခန့်တွင် “အမျိုးသားအားကစားပွဲတော်” ဂုဏ်ပြုတေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည် ဖြစ်သည်။

အဆိုပါတေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံတေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ နာမည်ကျော်တေးသံရှင်များဖြစ်ကြသည့် D ဖြိုး၊ ရဲထိုက်၊ နေခွေး၊ ချမ်းဟိန်းဝင်းထွန်း၊ ကောင်းမိုးယံ၊ လင်းဘုန်းကျော်၊ ခိုင်သဇင်ဦး၊ ရေကြီးနား၊ ထွန်းပပအောင်နှင့် မြနန္ဒာတို့က ဒီဇင်ဘာ ၉ ရက်မှ ၂၀ ရက်အထိ ကျင်းပမည့် ပဋ္ဌမအကြိမ် အမျိုးသားအားကစားပွဲတော်ကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် အမျိုးသားအားကစားပွဲတော်၊ အာရှမြန်မာ၊ ရွှေရောင်လွှမ်းတဲ့လက်ခုတ်သံ၊ ဂိုးသွင်းကောင်းတဲ့ကိုကို စသည့် ဂုဏ်ယူတက်ကြွဖွယ် အားကစားတေးသီချင်းကောင်းများဖြင့် ရွေးချယ်သီဆိုဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ယင်းအစီအစဉ်ကို MRTV App ၏ Entertainment Sector နှင့် MRTV Telegram တို့တွင်လည်း Streaming ထုတ်လွှင့်မည်ဖြစ်၍ ဝင်ရောက်ကြည့်ရှုနိုင်မည့်အပြင် ဒီဇင်ဘာ ၈ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင်လည်း ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ကလေးဝမြို့နယ်ရှိ ကျေးရွာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒရုန်းဖြင့်တိုက်ခိုက်ခဲ့သည့်အတွက် ပြည်သူများ ထိခိုက်သေဆုံးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများ လှုံ့ဆော်ဝါဒဖြန့်

နေပြည်တော် ဒီဇင်ဘာ ၄

စစ်ကိုင်းတိုင်း ဒေသကြီး ကလေးဝမြို့နယ် မထုကြီး ကျေးရွာနှင့် မထုလေးကျေးရွာ တို့ကို ဒီဇင်ဘာ ၁ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒရုန်းဖြင့် တိုက်ခိုက်ခဲ့ကြောင်း၊ အဆိုပါ တိုက်ခိုက်မှုကြောင့် ပြည်သူသုံးဦး သေဆုံးပြီး လေးဦး ထိခိုက်ဒဏ်ရာများရရှိခဲ့သည်ဟု သတင်းတု၊ သတင်းမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက လှုံ့ဆော်ရေးသား ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




ဖြစ်စဉ်အမှန်မှာ ၎င်းရက်နေ့တွင် မထုကြီးကျေးရွာ အနီးဝန်းကျင်တွင် PDF အမည်ခံ အကြမ်းဖက်သမားများ စုဖွဲ့ရောက်ရှိနေကြောင်း အကြမ်းဖက်မှုကို အားပေးထောက်ခံခြင်းမရှိသည့် တာဝန်သိပြည်သူတစ်ဦးက လျှို့ဝှက်စွာ သတင်းပေးပို့ခဲ့သည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေလုံခြုံရေး ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သမားများ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်းနှင့် ၎င်းကျေးရွာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒရုန်းဖြင့် တိုက်ခိုက်ခဲ့ခြင်းမရှိကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

**မဟုတ်မမှန်ရေးသားဖြန့်ဝေ**

တရားမဝင် ပြည်ဖျက်မီဒီယာများက နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် ယခုကဲ့သို့ သတင်းတု၊ သတင်းမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

■ ASEAN Cup မှ

မြန်မာ့လက်ရွေးစင်အသင်းသည် ပြိုင်ပွဲမတိုင်မီ နောက်ဆုံးကစားသည့်ခြေစမ်းပွဲဖြစ်သောကြောင့် ကစားသမားများ အဓိကစမ်းသပ်ခဲ့ပြီး ဦးဆောင်ဂိုးရသော်လည်း အနိုင်ရလဒ်မထိန်းနိုင်သဖြင့် ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။ MNL All Stars အသင်းတွင် MNL နှင့် MNL-2 ၌ ကစားနေသည့် နိုင်ငံခြားသားကစားသမားများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပြီး ဂိုးသမားအဖြစ် ပြည့်ဖြိုးအောင်တစ်ဦးတည်းသာ ပြည်တွင်းကစားသမား ပါဝင်ခဲ့သည်။

ပွဲအစသုံးမိနစ်မှာပင် မောင်မောင်လွင်၏ ဖန်တီးပေးမှုမှတစ်ဆင့် အောင်ကောင်းမာန်က မြန်မာ့လက်ရွေးစင်အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် မြန်မာ့လက်ရွေးစင်အသင်းက တစ်သင်းလုံးနီးပါး အပြောင်းအလဲပြုလုပ်ခဲ့ရာ MNL All Stars အသင်းက တစ်ကျော့ပြန်ဖိကစားနိုင်ခဲ့သည်။ ၅၃ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် မိုဂူက MNL All Stars အသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့ပြီး နောက်ထပ် ၁၅ မိနစ်အကြာတွင် MNL All Stars အသင်း ဒုတိယအကြိမ် ပင်နယ်တီကန်ခွင့်ရသော်လည်း ပက်ထရစ်၏ကန်သွင်းမှုကို လက်ရွေးစင်ဂိုးသမား ဆန်းဆက်နိုင်က ကာကွယ်နိုင်ခဲ့သည်။ ဒုတိယပိုင်းတွင် ခြေအသာရနေသည့် MNL All Stars အသင်းသည် ၇၆ မိနစ်တွင် အနိုင်ဂိုးရခဲ့ပြီး ဟာလီဒိုက သွင်းယူခဲ့ခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် နိုဝင်ဘာ ၂၅ ရက်တွင် ပြန်လည်လေ့ကျင့်ပြီးနောက် ပြည်တွင်းခြေစမ်းပွဲ နှစ်ပွဲကစားထားရာ တစ်ပွဲနိုင်၊ တစ်ပွဲရှုံးနိမ့်ခဲ့သည်။ **သတင်း - ကိုညီလေး၊ ဓာတ်ပုံ - သော်ကြီး**

❂ စာမျက်နှာ ၁၉ မှ

ဆရာ၏ “**ကမ္ဘာ့ဖလားပြိုင်ပွဲများနှင့် ထူးခြားဖြစ်အင်စုံစုံလင်လင်**”၊ “**၉၈ ကမ္ဘာ့ဖလားပြိုင်ပွဲလမ်းညွှန်**”၊ “**ဇမ္ဗူတစ်လူ ဒေးဗစ်ဘက်ဟမ်း**”နှင့် “**ဒေးဗစ်ဘက်ဟမ်းကိုယ်တိုင်ပြောပြတဲ့ သူ့သဘောထား**”စာအုပ်များမှာလည်း စာဖတ်ပရိသတ်များ၏ နှစ်ခြိုက်အားပေးမှု များစွာရရှိခဲ့သည်။

၂၀၀၃ ခုနှစ်တွင် စာပေလောကစာအုပ်တိုက်က ထုတ်ဝေခဲ့သော ဆရာအောင်ဝင်း၏ “**၂၀၀၂ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမား ရိုနယ်ဒို**” စာအုပ်မှာလည်း အတ္ထုပ္ပတ္တိစာအုပ်ကောင်းတစ်အုပ် ဖြစ်ပါသည်။

ဆင်းရဲသော မိဘနှစ်ပါးမှ မွေးဖွားလာခဲ့သူ၊ မိခင်ဖြစ်သူ ဆိုနီယာက ပီဇာမုန့်အရောင်းဆိုင်တွင် သန့်ရှင်းရေးအလုပ် နှစ်ဆိုင်းဆင်း၍ ပင်ပန်းကြီးစွာ ဘဝကိုရုန်းကန်ခဲ့ရရုံမက ရိုနယ်ဒိုလေးကို မွေးဖွားချိန်တွင်လည်း ပိုက်ဆံမရှိသောကြောင့် မွေးစာရင်းလုပ်ရန် နောက်ကျခဲ့သဖြင့် ဒဏ်ကြေးမပေးနိုင်၍ တစ်နေ့ ကမ္ဘာကျော်ဘောလုံးသမား သန်းကြွယ်သူဌေးတစ်ဦးဖြစ်လာမည့် ရိုနယ်ဒို၏ မွေးနေ့ကို လေးရက်နောက်ဆုတ်ကာ စာရင်းပေးသွင်းခဲ့ရသည်အထိ ဘဝကကြမ်းတမ်းခဲ့သည်။

“**ကလေးတုန်းက သိပ်ဆင်းရဲတာဗျ၊ ဒါတွေပြောဖို့ ကျွန်တော်မရှက်ပါဘူး၊ ဒီပြင် ကောင်လေးတွေက သူတို့ဘောလုံးလေးတွေနဲ့ အိမ်ပြင်ထွက်ပြီး လွတ်လွတ်လပ်လပ် ဆော့နေတာမြင်ရတော့ ကျွန်တော် သိပ်အားကျတာပေါ့၊ နောက် အဖေက ဘောလုံးတစ်လုံးပေးတယ်၊ မကြာဘူး၊ ကျွန်တော်လည်း ကစားစရာနေရာတွေ့တယ်၊ အဲဒီမှာကတည်းက ဘောလုံးကစားရတာကို ကျွန်တော်စွဲသွားတာ**” ဟု ရိုနယ်ဒိုက သူ၏ငယ်ဘဝကို ပြောပြဖူးသည်။

ဆရာအောင်ဝင်း၏ လက်ရာ ရိုနယ်ဒိုအတ္ထုပ္ပတ္တိက စာဖတ်ပရိသတ်များအတွက်သာမက မျိုးဆက်သစ် မြန်မာလူငယ်ဘောလုံးသမားများအတွက်လည်း စံပြအဖြစ် အားကျအတုယူဖွယ် ကောင်းလှသည်။ ၂၀၀၀ ပြည့်နှစ်တွင် အင်တာမီလန်အသင်းနှင့်အတူ အီတလီ ရှုံးထွက်ဖလား ဗိုလ်လုပွဲအဖြစ် လာဇီယိုအသင်းနှင့် ယှဉ်ပြိုင်ကစားစဉ် ဒူးဒဏ်ရာ ထပ်မံရရှိပြီး ဘောလုံးသမားဘဝနိဂုံးကမ္ပတ်ချုပ်ငြိမ်းလုနီးနီးအခြေအနေမှ ပြန်လည်ရုန်းကန်ကာ ၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် မိခင်ဘရာဇီးလက်ရွေးစင်အသင်းကို ငါးကြိမ်မြောက် ကမ္ဘာ့ဖလားရရှိစေရန် ကြိုးပမ်းခဲ့မှုများကလည်း အတုယူဖွယ်ပင်။

စိတ်ကူးချိုချို အနုပညာစာပေတိုက်က ထုတ်ဝေပြီး ဆရာမြတ်သက် မြန်မာပြန်ဆို ပြုစုသည့် “**ထာဝရအထွန်းပြောင်ဆုံး ဘောလုံးသမား ပီလီ**”စာအုပ်ကလည်း ပြီးပြည့်စုံသော အတ္ထုပ္ပတ္တိစာပေကောင်းတစ်အုပ်ဖြစ်သည်။ ဆရာမောင်ရဲဝင်း၏ “**ဘောလုံးဘုရင်ပီလီ**”၏ မပြီးသေးသောဘဝခရီးကို အစအလယ်အဆုံး အပြီးသတ်လေ့လာဖတ်ရှုရဘိသို့နှယ် ဆိုရပေမည်။ ၂၀၁၈ ခုနှစ်ကမှ ထုတ်ဝေခဲ့ခြင်းဖြစ်၍ ပီလီ၏ အားကစားဝန်ကြီးဘဝကိုပါ လေ့လာဖတ်ရှုခွင့်ရရှိခဲ့ပါသည်။ မကြာသေးမီက ကမ္ဘာ့ဂန္ထဝင်ဘောလုံးသမားကြီး ပီလီ ဆုံးပါးသွားချိန်တွင် မှတ်မှတ်ရရ ကျွန်တော်နောက်တစ်ကြိမ် ထပ်မံဖတ်ရှုခဲ့ပါသေးသည်။

မြန်မာ့စာနယ်ဇင်းလောကတွင် အားကစားနှင့် ပတ်သက်၍ နည်းစနစ်၊ ပညာပေး၊ အားကစားသုတရသ၊ အတ္ထုပ္ပတ္တိစာအုပ်စာတမ်းများကား ရှားပါးနေဆဲဖြစ်ပါသည်။ သို့သော် ထွက်ရှိပြီးသမျှ အားကစားစာပေစာအုပ်၊ မှတ်တမ်းမှတ်ရာများကား မြန်မာ့အားကစားလောက တိုးတက်မြင့်မားရေးအတွက်သာမက တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေး၊ မျိုးဆက်သစ်အားကစားသမားများ၊ မျိုးဆက်သစ်လူငယ်မောင်မယ်များအတွက်လည်း အားကျအတုယူဖွယ်ရာအဖြစ် အကျိုးပြုလျက်ရှိပါသည်။

စင်စစ်အားဖြင့် မြန်မာ့အားကစားလောက တိုးတက်မြင့်မားရေးနှင့် အားကစားစာပေကဏ္ဍသည် အညမညသဘောအရ အပြန်အလှန်အကျိုးပြုလျက်ရှိသည်ဟု ဆိုရပါမည်။ ။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၄–တိုးချဲ့၊ မြေကွက်အမှတ်–၁၅၊ ဧရိယာ (၄၈၀၀ စ/ပေ)၊ မြေအမျိုးအစား နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ်(၁၅)၊ သုနန္ဒာလမ်း၊ ရတနာကျွန်းရိပ်သာ (၄)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အိမ်အကျိုးခံစားခွင့်အရပ်ရပ်သည် မြို့မြေစာရင်းတွင် ဦးဇေယျကို [၁၂/အစန(နိုင်)၁၅၉၀၁၈] အမည်ပေါက်လျက်ရှိပြီး ဖခင်ဦးဇေယျကိုနှင့် မိခင်ဒေါ်မြမြသန်းတို့ အသီးသီးကွယ်လွန်သဖြင့် တရားဝင်အမွေဆက်ခံခွင့်ရှိသူ သားများဖြစ်သည့် ဦးဇော်ဇော်မင်းထွန်း [၁၂/အစန(နိုင်)၁၅၀၇၀၂] နှင့် ဦးဖြိုးဖြိုးမင်းထွန်း [၁၂/အစန(နိုင်)၁၇၈၃၉၀] တို့က ဆက်ခံပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသည့် ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးသန့်ဇော်**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၇၃၄၁)**
**အမှတ် (၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ယခင်(တောင်ပိုင်း)ခရိုင်၊ ယခု(တွံတေး)ခရိုင်၊ တွံတေးမြို့နယ်၊ ရန်ကုန်မြို့သစ်ဧရိယာ၊ အုပ်စုအမှတ်(RA–2)၊ အကွက်အမှတ်(တ–၀၄)၊ မြေကွက်အမည်(၀၀၆၈)၊ အကျယ်အဝန်း(၆၀'x၈၀')ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် တွံတေးမြို့နယ်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မြေဌာနတွင် **ဦးဝင်းသိန်း**[၁၂/တတန(နိုင်)၁၁၀၈၂၁] အမည်ပေါက် တည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှ အရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို) ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဒေါ်မွန်မွန်ချို (LL.B)** | **ဒေါ်စန္ဒာဝင်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၂၆၈)** | **အထက်တန်းရှေ့နေ(စဉ်–၂၆၄၀၉)** |

**အမှတ် (၈၂၈/ခ)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ) ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၂၅၀–၆၈၅–၇၁၇၊ ၀၉–၇၉၇–၆၄၀–၆၁၆၊ ၀၉–၅၀၇၉၉၇၈**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၃၉/A၊ မြေကွက်အမှတ်–၄၅/က၊ အကျယ် (၂၀x၆၀) ပေ၊ မြေအမျိုးအစား နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ်–၈၊ သစ္စာ(၃)လမ်း၊ ၃၉/A–ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အိမ်အကျိုးခံစားခွင့်အရပ်ရပ်တို့သည် မြို့မြေစာရင်းတွင် ဦးမျိုးမောင်မောင်စိုး [၁၂/ကမရ(နိုင်)၀၄၇၉၁၁] အမည်ပေါက်လျက်ရှိပြီး မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသောရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား မူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးကောင်းမြတ်ဇော် တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၇၉၂)**
**အမှတ် (၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## အများသိစေရန်ကြော်ငြာ

သန်လျင်မြို့နယ်၊ မြို့ဟောင်းအနောက်ရပ်ကွက်၊ ကြယ်စင်မြို့တော် အိမ်ရာစီမံကိန်း၊ City Loft အတွင်းရှိ လူနေအဆောက်အဦအမှတ် (CL–8)၊ အခန်းအမှတ် (၄၂၁) သည် ဦးသန်းဇော် [၁၂/ဒလန(နိုင်)၀၄၀၀၇၉] က တရားဝင်ဝယ်ယူပိုင်ဆိုင်၍ ၎င်းတိုက်ခန်းအား ဇနီးဖြစ်သူ ဒေါ်ဆုသက်မွန်မွန် [၁၂/ဗဟန(နိုင်)၀၉၀၉၁၇]ဆိုသူသို့ မေတ္တာဖြင့် အပြီးအပိုင်ပေးကမ်းခြင်းစာချုပ်ဖြင့် တရားဝင်လက်ရောက်လွှဲပြောင်းပေးအပ်ထားပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဦးသန်းညွန့် (စဉ်–၃၄၁၉/၈၅)** | **ဒေါ်အေးမြတ်သူ (စဉ်–၁၄၀၆၀/၁၇)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၅၈)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း–၀၉–၄၄၃၀၃၅၄၂၂၊ ၀၉–၄၂၁၁၃၀၅၂၀**

## လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၈၉)ရပ်ကွက်၊ ကနောင်အိမ်ရာ၊ တိုက်(၂)၊ အခန်း(၁၀၂) နေ ဒေါ်အေးသန္တာဦး [၁၂/ရကန(နိုင်)၀၇၄၆၁၂] ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးသန္တာဦးသည် (၉–၂–၂၀၁၆) ရက်နေ့တွင် ဦးစန်းယုထိုက် [၁၂/ရကန(နိုင်)၀၇၈၇၀၉] နှင့် တရားဝင်လက်ထပ်ပေါင်းသင်းခဲ့ရာ သမီးတစ်ဦးထွန်းကားခဲ့ပါသည်။ ဦးစန်းယုထိုက်သည် ဇနီးနှင့်သမီးတို့အား လင့်ဝတ္တရား၊ မိဘဝတ္တရားတို့နှင့်အညီ ရှာဖွေကျွေးမွေးစောင့် ရှောက်ခြင်းမရှိသည့်အပြင် (၁၅–၁၂–၂၀၁၉) ရက်နေ့တွင် နှစ်ဘက်မိဘများရှေ့မှောက်၌ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်ကို လက်မှတ်ရေးထိုးပေးပြီး နေအိမ်မှထွက်ခွာသွားသည်မှာ ယနေ့အထိဖြစ်ပါသည်။ ဒေါ်အေးသန္တာဦးနှင့် ဦးစန်းယုထိုက်တို့သည် ကွာရှင်းပြတ်စဲထားပြီးဖြစ်ပါ၍ တစ်ဦးနှင့်တစ်ဦး ဆက်သွယ်ပတ်သက်မှုမရှိကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်အေးမြတ်သူ**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၀၆၀/၁၇)**
**အမှတ် (၅၈)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း–၀၉–၄၂၁၁၃၀၅၂၀၊ ၀၉–၇၇၅၃၈၇၀၈၀**

## ကန့် ကွက် နိုင် ကြောင်း ကြော် ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဗိုလ်တေဇလမ်း၊ အမှတ် – ၆၁၊ (B)၊ ၆ – လွှာ(ခြေရင်းခန်း)(ဝဲဘက်)၊ (12½'×50')အကျယ်အဝန်းရှိတိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသည့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်နေထိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟုဝန်ခံပြောဆိုသူ ဒေါ်တင်တင်မာ(၁၂/ဒပန(နိုင်)၀၂၆၃၉၅)မှ ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရန်ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ဤအရောင်းအဝယ်အားကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသောအထောက်အထားစာရွက်စာတမ်း(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –
တရားလွှတ်တော်ရှေ့နေများ

| | | | |
|---|---|---|---|
| ဦးစိုင်းထွန်းဖေအး (စဉ် – ၃၉၁၇) | ဒေါ်အေးအေးအောင် | ဦးမျိုးညွန့် | ဒေါ်ခင်မာဆွေ |
| B.A, M.A(Philo;), H.G.P, R.L, B.D.S(MOFA), | (စဉ် – ၄၃၂၂) | (စဉ် – ၅၁၄၂) | (စဉ် – ၇၈၉၈) |
| DL-101-WIPO, D.I.L, D.M.L | LL.B | LL.B,D.B.L | LL.B,LL.M |

**အမှတ်(၁)၊ ပင်ရွှေညောင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉ ၄၄၃၁ ၆၅၆၅၆ ၊ ၀၉ ၄၄၃၁ ၉၄၄၂၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အကွက်အမှတ်(၂၅)၊ ဗိုလ်ချုပ်ရေနံစက်ကွက်၊ ဦးပိုင်အမှတ်(၄)၊ မြေကွက်အမှတ်(၃၇၃)၊ ဧရိယာ (၀.၀၅၅) ဧကအကျယ်ရှိဦးသောင်းအမည်ဖြင့်ချထားပေးသည့် လ/န –၃၉ ရရှိထားသော မြေကွက်အား ဦးအန်ဂဲဆာမိ (ခ)ဦးအောင်မြင့်မှ ဆက်စပ်စာချုပ်စာတမ်းများဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး အဆိုပါမြေကွက်အတွင်းမှ ခြေရင်းဘက်ခြမ်းဖြစ်သည့် (၂၀ x ၆၀) ပေအကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးအန်ဂဲဆာမိ(ခ)ဦးအောင်မြင့်(ဘ)ဦးနာဒနဆာမိ [၁၂/သလန(ပြု)၀၀၄၀၀၀] ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်သီတာမြင့်(ဘ)ဦးလှမြင့် [၁၂/သဃက(နိုင်)၀၀၀၃၀၈] မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆိုကန့်ကွက်လိုပါက ခိုင်မာသည့်တရားဝင် စာချုပ်စာတမ်းအထောက်အထား၊ စာရွက်စာတမ်း (မူရင်း) အပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ပါမြေကွက်အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ဖြူမြတ်သွယ် (LL.B)** | **ဒေါ်အေးသန္တာ (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ် – ၈၉၇၇/၂၀၁၃)** | **(စဉ် – ၉၇၉၉/၂၀၁၄)** |
| **၀၉ – ၅၁၃၂၆၄၇** | **၀၉ – ၄၂၀၁၉၂၈၂၅** |

**(ရုံးခန်း) သန်လျင်ခရိုင် တရားရုံးရှေ့၊ အောင်သိဒ္ဓိလမ်း၊**
**အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ကျားကွက်သစ်(စံပြ)ရပ်ကွက်၊ မဂ္ဂင်လမ်း၊ အမှတ်(၆)ဟုခေါ်တွင်သော (၂)ခန်းတွဲ (၈)ထပ်တိုက် RC–အဆောက်အဦ၏ မြေညီထပ်(ခြေရင်းခန်း)၊တိုက်ကိုမျက်နှာမူလျှင် ဘယ်ဘက်အခြမ်း၊ အကျယ်အဝန်း(အလျား ၁၅ ပေxအနံ ၆၀ ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းမရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်နန်းမြင့်မြင့်အေး(ခ)မြင့်မြင့်အေး [၁၂/တမန(နိုင်)၀၁၂၆၆၆]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ဦးသန်းစိန်[၁၁/စတန(နိုင်)၀၁၇၂၉၃] က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်ရက်မှ (၁၀) ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးအလုံးမောင်(B.A.(Eng.),R.L.)** | **ဦးမင်းခိုင်(LL.B)** |
| **(စဉ်–၆၆၁၀/၂၀–၇–၁၉၉၈)** | **(စဉ်–၁၈၂၇၂/၁၆–၁၀–၂၀၂၃)** |

**တရားလွှတ်တော်ရှေ့နေများ**

| | |
|---|---|
| **ဦးရဲမျိုးထွန်း(LL.B,WIPO)** | **ဦးအောင်ကျော်လင်း(LL.B.,D.B.L)** |
| **(စဉ်–၃၉၈၆၇/၂၄–၈–၂၀၁၂)** | **(စဉ်–၄၁၀၇၀/၂၆–၁၂–၂၀၁၂)** |

**အထက်တန်းရှေ့နေများ**
**အမှတ်(၆၂)၊ ပထမထပ်၊အခန်း(၁၀)၊ ပန်းဆိုးတန်းလမ်းနှင့်**
**ကုန်သည်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၅၀၅၄၂၇၃၄၊ ၀၉–၇၅၈၄၀၃၇၆၇**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၄)၊ မြေကွက်အမှတ်(၉၉၀)၊ မြေကွက်တည်နေရာအမှတ်(၉၉၀/က)၊ ဗညားဒလလမ်း၊ (၄၄)ရပ်ကွက်၊ ဒဂုံမြောက် (ဦးသန်းစိန်၊ AA–၀၄၃၉၅၀)အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်ဂရန်မြေအား ဒေါ်ဆွေဆွေခိုင်[၁၂/သလန(နိုင်)၀၆၅၁၅၈]၊ ဂရန်အမည်ပေါက် ဦးသန်းစိန်နှင့် ဒေါ်ဆွေဆွေခိုင် နှစ်ဦးအနက် အမည်ပေါက်တစ်ဦးဖြစ်သူ ဦးသန်းစိန်ထံမှ အရောင်းအဝယ် စာချုပ်အမှတ် (၈၇၄/၂၀၂၃) (၇–၂–၂၀၂၃)ဖြင့်တရားဝင်မခွဲစိတ်ရသေးသော မြေကွက်ကြီး၏ ဧရိယာ (၄၀'x၆၀') ပေအနက်မှ မြေအကျယ်အဝန်း (၂၀x၆၀) ပေအား Portion ဝယ်ယူပိုင်ဆိုင်လာသူ ဦးနေဝင်းထွန်း [၁၂/ဗတထ(နိုင်)၀၃၂၇၄၅] ၏ GP အမှတ် (၂၂၉၃၈/၂၀၂၂) (၈–၁၂–၂၀၂၂) ဖြင့် ရရှိသူ ဒေါ်ဖြူနှင်းချစ်[၁၂/ဒဂမ(နိုင်)၀၁၉၁၁၃]မှ ဂရန်၊ နိုင်ကတ်၊ အရောင်းစာချုပ်၊ အခွန်ထမ်းပြေစာ၊ GP၊ ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာတို့တင်ပြ၍ မြေကွက်ခွဲနှင့် မြေတိုင်းလျှောက်ထားလာရာ အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဦးနေဝင်းထွန်းမှ မိမိပိုင်ဆိုင်သည့်အစုအား တစ်ဖက်သတ်ခွဲစိတ်ခွင့်ပြုပါရန် ဌာနဝင်စာ (၃၇၆၃/၂၀၂၃) ဖြင့်အရာရှိရှေ့ လက်မှတ်ရေးထိုးတင်ပြလာသဖြင့် GP ဒေါ်ဖြူနှင်းချစ်မှ မြေကွက်ခွဲစိတ်ရန်နှင့် မြေတိုင်းလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံတပ်မြို့၊ တပ်မြို့စည်ပင်သာယာရုံးအဖွဲ့ပိုင် မင်္ဂလာဒုံမြို့နယ်၊ ၂/ခ–ရပ်ကွက်၊ မြေကွက်အမှတ် (၈၀)၊ အကျယ်အဝန်း (၂၈ x ၃၁) ပေ၊ မြေဧရိယာ (၈၆၈) စတုရန်းပေအကျယ်ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် (၁၁၀)၊ မင်္ဂလာလမ်း၊ ၂/ခ–ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ဟုခေါ်တွင်သော ၃–ပင် ၂–ခန်း RC ၁–ထပ် တိုက်နှင့် နေအိမ်နှင့်တွဲလျက်ရှိ ကားဂိုဒေါင်အပါအဝင် ရေ၊ မီး၊ သီးပင်စားပင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ် အားလုံးနှင့်ပတ်သက်သည့် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်မြမြစန်း [၁၂/မဂဒ(နိုင်)၀၀၀၄၉၂] နှင့် ဒေါ်ဝင်းသန္တာ [၁၂/ဥကတ(နိုင်)၁၅၀၀၈၈] တို့က မင်္ဂလာဒုံတပ်မြို့ စည်ပင်သာယာရုံးအဖွဲ့တွင် အမည်ပေါက် ပူးတွဲပိုင်ဆိုင်ကြသူများ ဖြစ်ကြပါသည်။

အဆိုပါမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို (၄–၁၂–၂၀၂၄) ရက်နေ့တွင် ပြုလုပ်ချုပ်ဆိုသော မြေနှင့်အိမ် အပြီးအပိုင်စွန့်လွှတ်ခြင်းစာချုပ်ဖြင့် ပူးတွဲပိုင်ဆိုင်သူ ဒေါ်မြမြစန်းက ဒေါ်ဝင်းသန္တာထံသို့ အပြီးအပိုင်စွန့်လွှတ်၍ လက်ရောက်ပေးအပ်လိုက်ပြီးဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့သည် ဒေါ်ဝင်းသန္တာ တစ်ဦးတည်း၏ လက်ဝယ်ထားရှိ၊ နေထိုင်ပိုင်ဆိုင်ခွင့်၊ စီမံခန့်ခွဲခွင့် စသောအကျိုးခံစားခွင့်များအားလုံးကို အပြည့်အဝရရှိသွားပြီး ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဝင်းသန္တာ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝေဝေခိုင် (LL.B, D.B.L, D.I.L, D.I.P.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၁၃၂၉)**
**တိုက် (CC–4)၊ အခန်း (၆၀၁)၊ ဗိုလ်မှူးဗထူးအိမ်ရာအပိုင်း–၂၊ ၄၈–ရပ်ကွက်၊**
**ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်။ ဖုန်း–၀၉–၅၀၃၈၆၁၈၊ ၀၉–၇၈၉၄၈၇၃၂၆**

## (၆–၁၁–၂၀၂၄) ရက်စွဲပါ ကြေးမုံသတင်းစာနှင့် (၇–၁၁–၂၀၂၄) ရက်စွဲပါ မြန်မာ့အလင်းသတင်းစာတို့တွင် ထည့်သွင်းထားသော Mr. Mongkol Jittiaramkul နှင့် Seven Tigers Trading Co.,Ltd Director အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများအပါအဝင် အများသိစေရန်ကြေညာချက်အား ရုပ်သိမ်းပေးကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ရတနာအိမ်ရာနေ ဦးမျိုးအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ အမှတ်–၄၊ သီရိမြိုင်လမ်း၊ ထောက်ကြန့်(တောင်ပိုင်း) မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး Mr. Mongkol Jittiaramkul(Chairman) နှင့် Seven Tigers Trading Co.,Ltd Director အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများအပါအဝင် အများသိစေရန် (၆–၁၁–၂၀၂၄) ရက်နေ့တွင် ကြေးမုံသတင်းစာမှလည်းကောင်း၊ (၇–၁၁–၂၀၂၄) ရက်နေ့တွင် မြန်မာ့အလင်းသတင်းစာမှလည်းကောင်း ကြေညာခဲ့သော ကြေညာချက်အား ပြန်လည်ရုပ်သိမ်းပေးကြောင်း အများသိစေရန် အသိပေးကြေညာအပ်သည်မှာ –

Seven Tiger Trading Co.,Ltd အနေဖြင့် Chairman ဖြစ်သူ Mr. Mongkol Jittiaramkul ဦးဆောင်၍ ကျန်အဖွဲ့ဝင်များမှ ကျွန်ုပ်မိတ်ဆွေ ဦးမျိုးအောင်အား ပေးဆပ်ရန်ရှိသည့် ပီလောပီနံစိုက်ပျိုးရေးလုပ်ငန်းများတွင်ထည့်ဝင်ခဲ့သော ရင်းနှီးမြှုပ်နှံငွေ များနှင့် အကျိုးအမြတ်ငွေများအား တာဝန်ယူမှု၊ တာဝန်ခံမှုရှိစွာဖြင့် တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပြီဖြစ်သည့်အတွက် ယခင်(၆–၁၁–၂၀၂၄) ရက်နေ့ စာ ၂၇ ပါ ကြေးမုံသတင်းစာနှင့် (၇–၁၁–၂၀၂၄)ရက်နေ့ စာ ၂၅ ပါ မြန်မာ့အလင်းသတင်းစာတို့တွင် ထည့်သွင်းခဲ့သော Mr. Mongkol Jittiaramkul နှင့် Seven Tigers Trading Co.,Ltd Director အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများအပါအဝင် အများသိစေရန် အသိပေးကြေညာချက်အား ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ–** | **လွှဲအပ်ညွှန်ကြားချက်အရ–** |
| **ဦးမျိုးအောင်** | **ဦးရဲမာန်မြတ်ဆွေ(ဥပဒေဘွဲ့ )** |
| **[၁၂/ကမတ(နိုင်)၀၄၁၂၅၇]** | **တရားလွှတ်တော်ရှေ့နေ ( စဉ် – ၁၅၁၅၆)** |
| **၁၂၃–A၊ သန္တာလမ်း၊ ရတနာအိမ်ရာ** | **ဘုန်းတော်တိုးရပ်၊အောင်မြေသာစံမြို့နယ်၊** |
| **သာကေတမြို့နယ်၊ ရန်ကုန်မြို့။** | **မန္တလေးမြို့။** |
| | **ဖုန်း–၀၉–၂၅၄၉၆၉၀၉၂** |

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်မြောက်ရပ်ကွက်၊ ကံ့ကော်လမ်း၊ အမှတ်(၂၄/၂၅)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၂၈/အေ)၊ လူနေရပ်ကွက်အမှတ်(၈)၊ မြေကွက်အမှတ်(၈၈+၈၉)၊ ဧရိယာ (၄၀x၆၀) ပေရှိ နှစ်(၆၀)ဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် 25 Kan Kaw အမည်ရှိ (၂)ခန်းတွဲ (၈)ထပ်တိုက်အဆောက်အအုံ၏ ဒုတိယထပ်၊ (၃)လွှာ၊ ဘီ၊ အခန်းအမှတ်(2B)၊ အကျယ်အဝန်း (၂၀x၃၆) ပေ၊ ဧရိယာ(၇၂၀) စတုရန်းပေရှိ ရေမီးစုံတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ပိုင်ဆိုင်ထားပြီး တစ်ဆင့်လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိကြောင်း ဝန်ခံကတိပြုသူ ဦးလှိုင်မြင့်မောင် [၁၂/ရကန(နိုင်)၀၀၂၄၁၃] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်သက်ထက်နွေး [၉/ပမန(နိုင်)၂၁၅၃၂၆]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်ရက်မှ (၁၀)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးအလုံးမောင်(B.A.(Eng.),R.L.)** | **ဦးမင်းခိုင်(LL.B)** |
| **(စဉ်–၆၆၁၀/၂၀–၇–၁၉၉၈)** | **(စဉ်–၁၈၂၇၂/၁၆–၁၀–၂၀၂၃)** |

**တရားလွှတ်တော်ရှေ့နေများ**

| | |
|---|---|
| **ဦးရဲမျိုးထွန်း(LL.B,WIPO)** | **ဦးအောင်ကျော်လင်း(LL.B.,D.B.L)** |
| **(စဉ်–၃၉၈၆၇/၂၄–၈–၂၀၁၂)** | **(စဉ်–၄၁၀၇၀/၂၆–၁၂–၂၀၁၂)** |

**အထက်တန်းရှေ့နေများ**
**အမှတ်(၆၂)၊ ပထမထပ်၊အခန်း(၁၀)၊ ပန်းဆိုးတန်းလမ်းနှင့်**
**ကုန်သည်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၅၀၅၄၂၇၃၄၊ ၀၉–၇၅၈၄၀၃၇၆၇**

## ဒေါ်ဇင်သော်တာ [၁၂/မဘန(နိုင်)၁၂၆၇၄၃] နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ကျန်စစ်မင်းအိမ်ရာ၊ တိုက်(၇၈)၊ အခန်း(၄၀၇) နေ ဒေါ်ဇင်သော်တာ [၁၂/မဘန(နိုင်)၁၂၆၇၄၃] သိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

၁။ လူကြီးမင်းသည် အထက်လိပ်စာပါတိုက်ခန်းကို ဝယ်ယူရန် အတွက် ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေး ဘဏ်၊ လှိုင်သာယာဘဏ်ခွဲတွင် အိမ်ရာချေးငွေချေးယူခဲ့ပြီးနောက် (၅–၄–၂၀၂၂) မှစ၍ လစဉ်အရစ်ကျပေးဆပ်ရန် ပျက်ကွက်ခဲ့ရာ (၃၀– ၁၁–၂၀၂၄) အထိ ပျက်ကွက်မှု (၃၂) ကြိမ်ရှိခဲ့ပြီဖြစ်ပါသည်။

၂။ အဆိုပါချေးငွေကြွေးကျန်များကို လာရောက်ပေးဆပ်ရန် ဘဏ်မန်နေဂျာနှင့်တစ်စာများအား (၂၅–၄–၂၀၂၄)၊ (၁၀–၅–၂၀၂၄)၊ (၂၇–၅–၂၀၂၄) ရက်နေ့များတွင်လည်းကောင်း၊ ရှေ့နေနှိုတစ်အား (၂၈–၆–၂၀၂၄) ရက်နေ့တွင်လည်းကောင်း အသီးသီးထုတ်ဆင့်အကြောင်းကြားခဲ့သော်လည်း လူကြီးမင်းက လာရောက်ပေးဆပ်ခြင်းမရှိပါ။

၃။ လူကြီးမင်း၏ ချေးငွေပေးဆပ်မှု ပျက်ကွက်နောက်ကျခဲ့ခြင်းအပေါ် ဘဏ်မှ စောင့်ဆိုင်းပေးခဲ့သော်လည်း ဆက်လက်ပျက်ကွက်လျက်ရှိပါသောကြောင့် ယခုကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ဘဏ်သို့ ပေးဆပ်ရန်ရှိသည့် ချေးငွေကြွေးကျန်များကို မပျက်မကွက် အမြန်ဆုံး လာရောက်ပေးဆပ်ပါရန်နှင့် ပျက်ကွက်ပါက ဥပဒေနှင့်အညီဆက်လက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဒေါ်ဇင်သော်တာနှင့် အများသိစေရန် အသိပေးအကြောင်းကြားအပ်ပါသည်။

**ဆောက်လုပ်ရေးအိမ်ရာနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ်**
**(လှိုင်သာယာဘဏ်ခွဲ) ၏ ညွှန်ကြားချက်အရ**
**ဒေါ်ယဉ်နွယ်ဝင်း**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၄၁၃)**
**တိုက်အမှတ်(၅)၊ မြေညီထပ်၊ ကျန်စစ်မင်းအိမ်ရာစီမံကိန်းအပိုင်း(၂)၊**
**လှိုင်သာယာမြို့နယ်။ ဖုန်း–၀၁–၃၆၁၁၂၄၆**

## သင့် သွေးဖြင့် အသက် ကယ်ပါ

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများကို သတ်မှတ်နေရာအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | ဘိလပ်မြေ/ကတ္တရာ/ Thermoplastic(အဖြူ) | ၃၅၆၀၀၀ အိတ်/ ၄၂၀ တန်/ ၂၀၀ တန် |
| (ခ) | မြစ်ကျောက်စရစ်/ မြစ်သဲကြမ်း | ၁၈၀၀ ကျင်း /၉၀၀ ကျင်း |
| (ဂ) | လိပ်သဲကျောက် ၆"x၉"/၂"x၄" | ၈၂ ကျင်း /၁၀၀ ကျင်း |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၅-၁၂-၂၀၂၄ ရက်နေ့မှစ၍ရောင်းချမည်ဖြစ်ပြီး ၁၈ -၁၂ -၂၀၂၄ ရက်နေ့ (၁၂:၀၀)နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ တင်ဒါပုံစံအား မြို့တော်ခန်းမ(ပထမထပ်) ဘဏ္ဍာရေးနှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနခွဲတွင်ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်- ၀၁ ၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၅)ရပ်ကွက်၊ ဗိုလ်မြတ်ထွန်းလမ်း၊ အမှတ် (၁၈၁/၁၈၃/၁၈၅)၊ ၁၀လွှာ (B)နေ ကိုအောင်ဇေယျာလွင် (ခ) အိဒ်မရာန်း [၇/ပမန(နိုင်)၁၅၃၄၈၁] ကိုင်ဆောင်သူနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ ၂ရပ် ကွက်၊ (၅၇)လမ်း၊ မီးရထား လိုင်းခန်း၊ အမှတ်(၂၇) မချောစုစုဝင်း (ခ)ဇူဘေးဒါးဘီ [၁၂/ပဇတ(နိုင်)၀၃၂၃၃၉] ကိုင်ဆောင်သူတို့သည် (၅-၈-၂၀၁၆)ရက်နေ့တွင် အစ္စလာမ်တရားတော်နှင့်အညီ နေကာဟ်ပြု ထိမ်းမြားလက်ထပ်ခဲ့ကြပြီး သား(၁)ဦးထွန်းကားခဲ့ပါသည်။ ယခုအခါ ခင်ပွန်းဖြစ်သူနှင့် စိတ်သဘောချင်း မတိုက်ဆိုင်တော့သောကြောင့် ဇနီးဖြစ်သူမှ မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့ချုပ်(ဗဟို) သို့ တင်ပြလျှောက်ထားခဲ့ပြီး ဘာသာရေးအဖွဲ့အစည်းမှ ကိုအောင်ဇေယျာလွင်(ခ)အိဒ်မရာန်းအား ဆက်သွယ်ပြောဆို၍ ၎င်းကိုယ်တိုင် ဓမ္မသတ်ဌာနသို့ လာရောက်၍ ရှင်းလင်းတင်ပြခဲ့ပါသည်။ (၁၇-၁၁-၂၀၂၄)ရက်နေ့တွင် ကိုအောင်ဇေယျာလွင် (ခ) အိဒ်မရာန်း မှ မချောစုစုဝင်း (ခ) ဇူဘေးဒါးဘီအား သွလာကေဗာအင်န် ပေးခဲ့ခြင်းအရ ၎င်းတို့နှစ်ဦးသည် (၁၇-၁၁-၂၀၂၄) ရက်နေ့မှစ၍ တရားတော်အရ ဇနီးမောင်နှံအဖြစ်မှ လင်ခန်းမယားခန်း အပြီးအပြတ် အပြီးတိုင် ကွာရှင်းပြတ်စဲသွားပြီးဖြစ်ပါသည်။ အဆိုပါကွာရှင်းမှုနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့ချုပ်(ဗဟို)ထံမှလည်း (၂၆-၁၁-၂၀၂၄)ရက်နေ့တွင် ဓမ္မသတ်ရယူခဲ့ပြီးဖြစ်၍ နောက်နောင်တွင် တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ပတ်သက်စပ်ဆိုင်ခြင်း လုံး၀ (လုံး၀) မရှိတော့ပါကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခင်ဖြူဖွေးသန့် (LL.B) အထက်တန်းရှေ့နေ (စဉ်-၅၀၄၀၁)**
**အမှတ်(၂၈/၃၀)၊ ဒုတိယထပ်၊ ရွာမကျောင်းလမ်း၊ (၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၂၅၀၁၅၀၇၄၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၀)၊ မြေကွက်အမှတ်(၆၁၀/က) ဟုခေါ်တွင်သော အမှတ်(၆၁၀/က)၊ မင်းရဲကျော်စွာလမ်း၊ (၇၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ရှိ မြေအကျယ်အဝန်း အလျား ၂၀ ပေx အနံ ၆၀ ပေရှိသည့် မြေကွက်အနက်မှ မြေအကျယ်အဝန်း အလျား ၁၀ပေx အနံ ၆၀ ပေရှိသည့် မြေကွက်နှင့် နေအိမ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား အမည်ပေါက်ပိုင်ရှင် ဦးစိန်ကုလားထံမှ စာချုပ်အဆက်ဆက်ဖြင့် နောက်ဆုံးဝယ်ယူထားသူ ဦးသူရထွန်း [၁၂/ဥကတ(နိုင်) ၁၃၆၇၉၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးရဲဝင်းနိုင် [၁၂/သဃက(နိုင်) ၁၇၀၈၅၀]က အထက်ပါ အိမ်နှင့်မြေအား ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အိမ်နှင့်မြေ အရောင်းအဝယ် ပြုလုပ်ခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံခိုင်လုံသည့် စာရွက်စာတမ်းအထောက်အထားများ တင်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စန္ဒာမင်း LL.B, D.B.L, D.I.L, D.M.L, D.A.Psy**
**(တရားလွှတ်တော်ရှေ့နေ) (စဉ်-၁၀၅၄၀)**
**အမှတ်(၄၂၉)၊ သုမိတ္တာ (၁၁)လမ်း၊ (၁)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။**
**ခြံအမှတ်(၆)၊ ပြည်တော်သာလမ်း၊ (င/ခ)ရပ်ကွက်၊**
**သဃ်္ဃန်းကျွန်းမြို့နယ်။ ဖုန်း ၀၉-၄၂၅၀၁၃၁၂၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ မြေကွက်အမှတ်(၆၃၅) ဟုခေါ်တွင်သော မြောက်ဥက္ကလာပမြို့နယ်၊ (၁)ရပ်ကွက်၊ သုမိတ္တာ (၁၇)လမ်း၊ အမှတ်(၆၃၅)ရှိ မြေအကျယ်အဝန်း အလျား ၂၅ ပေx အနံ ၅၀ ပေရှိသည့် မြေကွက်အနက်မှ အလျား ၁၇ ပေx အနံ ၅၀ ပေရှိသည့် (ဦးစိုးလွင် ပိုင်သည့်) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပေါက်ပိုင်ရှင် ဦးစိုးလွင်၏ ဇနီး၊ သားသမီးများထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးသန်းကျော်လင်း [၁၂/ဥကမ(နိုင်) ၂၂၅၁၂၅]က အထက်ပါ အိမ်နှင့်မြေအား ဝယ်ယူခဲ့ပြီး ရောင်းဖိုးငွေတချို့တစ်ဝက်အား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အိမ်နှင့်မြေအား အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ ခိုင်လုံသည့် စာရွက်စာတမ်းအထောက်အထားများတင်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စန္ဒာမင်းLL.B, D.B.L, D.I.L, D.M.L, D.A.Psy**
**(တရားလွှတ်တော်ရှေ့နေ) (စဉ်-၁၀၅၄၀)**
**အမှတ်(၄၂၉)၊ သုမိတ္တာ (၁၁)လမ်း၊ (၁)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်။**
**ခြံအမှတ်(၆)၊ ပြည်တော်သာလမ်း၊ (င/ခ)ရပ်ကွက်၊**
**သဃ်္ဃန်းကျွန်းမြို့နယ်။ ဖုန်း- ၀၉-၄၂၅၀၁၃၁၂၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ရန်ကင်းအိမ်ရာ၊ (၄)ရပ်ကွက်၊ ရန်နိုင်လမ်းသွယ်(၈)၊ အရပ်အခေါ်(၅လုံးတန်း)၊ တိုက်အမှတ်(၁၅၅)၊ အခန်းအမှတ်(၁) ဒေါ်စန်းနွယ် အမည်ပေါက် တိုက်ခန်းအား တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူပိုင်ဆိုင် လက်ဝယ်ထားရှိသူဟုအဆိုရှိသူ တိုက်ခန်းပိုင်ရှင် ဦးဆန်နီ(ခ)ရဲအောင်ကျော် (ဘ)ဦးကျော် (၁၂/ရကန(နိုင်)၀၀၄၇၅၆) ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသတို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ဥပဒေအရ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို အပြီးတိုင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ကြည်ကြည်ရှိန်(LL.B)
အထက်တန်းရှေ့နေ(စဉ်-၄၉၄၄၂)
၀၉-၄၃၀၂၂၈၂၈

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်- ၅၊ နည်းဥပဒေ- ၂၀)
## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၈၆

၁။ ဒေါ်တင်နွယ်ဦး နှင့် ဦးတင့်ဆွေ
၂။ ဒေါ်တင်လှဲ့မွန်
၃။ ဦးတင်မောင်ဌေး
၄။ ဦးတင်အောင်ထွေး
**(တရားလိုများ)** **(တရားပြိုင်)**

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၇)ရပ်ကွက်၊ ပိတောက်ရွှေဝါလမ်း၊ အမှတ်-(၇၂၄)နေ ဦးတင့်ဆွေ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။**

သင့်အပေါ်၌ တရားလိုများက **"ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု"** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက် (၁၃၈၆ ခုနှစ်၊ နတ်တော်လဆုတ် ၂ ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလိုများ၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိုးမိုးအောင်)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့်-၅၊ နည်းဥပဒေ-၂၀)
## မရမ်းကုန်းခရိုင်တရားရုံးတော်
## ၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၈၆

ဒေါ်သိမ့်ဖြိုးဝေ နှင့် ၁။ ဦးကျော်ကျော်လွင်
၂။ ဦးလှနှစ်
၃။ ဦးမျိုးလှိုင်
၄။ ဒေါ်ဝင်းဝင်းကြည်
(တရားလို) (တရားပြိုင်များ)

**ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ အုန်းပင်လမ်း၊ အမှတ်(၄)နေ (၂)တရားပြိုင် ဦးလှနှစ် (ယခုနေရာလိပ်စာမသိသူ) သိစေရမည်။**

သင့်အပေါ်၌ **တရားလိုက မရမ်းကုန်းခရိုင်တရားရုံး၊ ဒုတိယခရိုင်တရားသူကြီး(၂)ရုံး၏ ၂၀၂၃ ခုနှစ်၊ တရားမကြီးအမှုအမှတ်- ၉၃ တွင် (၁-၁၁-၂၀၂၃)ရက်နေ့က ချမှတ်သောစီရင်ချက်၊ ဒီကရီသည် တရားလိုအပေါ် အကျိုးသက်ရောက်မှုမရှိသည့်အပြင် လွှမ်းမိုးမှုလည်းမရှိကြောင်းနှင့် အချင်းဖြစ်တိုက်ခန်း၏ လက်ရှိပိုင်ရှင်သည် တရားလိုသာဖြစ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက် (၁၃၈၆ ခုနှစ်၊ နတ်တော်လဆုတ် ၂ ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် (၁) စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေ လက်တွင်ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နွယ်နီထွန်း)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**မရမ်းကုန်းခရိုင်တရားရုံး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့၊ ပြည်တော်သာရပ်ကွက်နေ မအေးကျော့ခိုင် [၁၁/ကတန(နိုင်) ၁၀၃၇၉၈]၏ ဖခင်အမည်မှာ ဦးဦးသာထွန်း [၁၁/ကတန (နိုင်) ၀၅၇၂၆၂] (ခ) ဦးသာထွန်းသည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးဦးသာထွန်း (ခ) ဦးသာထွန်း**

## ပတ်စ်ပို့ပျောက်

(ဘ) ဦးခင်မောင်ဝင်း၏ သား ဦးနိုင်ဝင်း [၇/ပမန (နိုင်) ၁၄၀၀၃၇]၏ နိုင်ငံကူးလက်မှတ် (MC-135634)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-09-970184579**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၇)၊ မြေကွက်အမှတ်(၁၈၈)၊ မြေကွက်တည်နေရာအမှတ်(၁၈၈)၊ အင်ကြင်းမြိုင်လမ်း၊ (၄၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (ဒေါ်သန်းသန်းနွယ် AA-၀၇၁၇၈၃) အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)မြေအား ဂရန်အမည်ပေါက် ဒေါ်သန်းသန်းနွယ်အား (တရားပြိုင်)ထားကာ ဒေါ်အိအိထွေးမှ (တရားလို)ပြုလုပ်၍ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် တရားမရုံး၌ တရားမကြီးမှုအမှတ် (၄၇/၂၀၂၄)ဖြင့် ပဋိညာဉ်အတိုင်း မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ခြင်းအပေါ် အနိုင်ဒီကရီချမှတ်သည့် (၂-၅-၂၀၂၄)ရက်စွဲပါ စီရင်ချက်၊ ဒီကရီနှင့် တရားမဇာရီမှုအမှတ် (၄၆/၂၀၂၄)တို့အရ တရားရုံးကိုယ်စား ဘီလစ် ဒေါ်လှဲ့လှဲ့ခိုင် [၁၃/တကန (နိုင်) ၀၀၃၄၁၀၉]မှ တရားရုံးအမိန့်၊ ဘီလစ်ခန့်စာ၊ ဂရန်၊ နိုင်/ကတ်တို့ တင်ပြ၍ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး ၊ ပုဇွန်တောင်မြို့နယ်၊ အနော်ရထာအိမ်ရာ၊ တိုက်အမှတ်(၇၅/၈၀) ၊ အခန်းအမှတ်(၅၂)ကို မူလအမည်ပေါက်ပိုင်ဆိုင်သူ ဦးမျိုးမြင့်(TVY-၀၆၅၈၇၉)နှင့်ဒေါ်သန်းသန်းဝင်း (J/RGN-၀၅၀၈၄၆)ထံမှ ပြန်လည်ဝယ်ယူထားသူ ဦးအဗ္ဗဒူးဂဖူး [၁၂/ပဘတ(နိုင်)၀၁၀၀၂၈]က ၎င်းအမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့် မှတ်ပုံတင်စာအုပ် ပြုလုပ်ပေးပါရန် ဌာနသို့လျှောက်ထားလာခြင်း အပေါ်ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း စာရွက်စာတမ်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၀)ရပ်ကွက်၊ သဇင်လမ်း၊ မြေကွက်အမှတ်(၂၄၆)၊ (၄၀ပေ x ၆၀ပေ)၊ (၂၄၀၀)စတုရန်းပေ၊ (၀. ၀၅၅)ဧက အကျယ်ရှိ ပါမစ်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးလှမြင့် [၁၂/ပဇတ(နိုင်) ၀၂၀၃၁၇]က ပါမစ်အမည်ပေါက်ပြီး ယခုရောင်းချသူ ဒေါ်အမာကြည် [၁၂/ဥကတ(နိုင်) ၀၅၇၆၂၇]က ပါမစ်အမည်ပေါက်ထံမှ အဆက်ဆက် အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ဝယ်ရရှိပိုင်ဆိုင်ထားကာ လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံလျက် ရောင်းချရန်ကမ်းလှမ်းလာသည်ကို ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် မြေကွက်နှင့် နေအိမ်ဖိုးငွေ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေတချို့အဝက်ကို ပေးချေထားပြီးဖြစ်ရာ အရောင်းအဝယ်ပြုလုပ်သည်ကို ကန့်ကွက်လိုပါက ယင်းမြေကွက်နှင့် နေအိမ်တို့နှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသည်ဟု အဆိုရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကိုကိုခိုင်သန့် LL.B**
**အထက်တန်းရှေ့နေ (စဉ်-၅၆၀၄၅)**
**ဖုန်း- ၀၉-၄၃၀၅၅၈၃၈**
**အမှတ်(၆/၈)၊ ဗိုလ်တထောင်လမ်းသွယ်(၃)လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်မှတ် (မဂလဒ/ထက)၊ မြေကွက်အမှတ်- (၃/၃၉၇)၊ မြနန္ဒာလမ်း၊ ထောက်ကြန့်တိုးချဲ့ကွက်သစ်ရပ်ကွက်ဟုခေါ်တွင်သည့် အကျယ်အဝန်း (၂၅ပေx၅၀ပေ)ရှိ ဦးတင်ရွှေ(BR-036853)အမည်ပေါက် မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (RC)နှစ်ထပ်ခွဲတိုက်တစ်လုံး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင် ဝယ်ယူပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိသူ ဦးဇင်မောင် [၁၂/မဂဒ(နိုင်)၁၃၃၃၁၅] ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့မိတ်ဆွေဖြစ်သူ ဒေါ်အေးငွေ [၁၂/အစန(နိုင်)၁၁၇၂၄၂] ကိုင်ဆောင်သူက အပြီးအပိုင်ဝယ်ယူရန် (၂-၁၂-၂၀၂၄)ရက်နေ့တွင် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ အိမ်နှင့်မြေကွက်အရောင်း အဝယ်စာချုပ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ယခုကြေညာပါသည့်နေ့ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးတင်မျိုးကျော် (LL.B,D.B.L,WIPO)** | **နော်စုလှဖြူ (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၃၃၁၉/၁၄-၉-၂၀၁၇)** | **(စဉ်-၁၆၀၃၃) (၁၇-၉-၂၀၁၉)** |
| **အမှတ်(၈/၁၄၉)၊ရန်ကြီးအောင်လမ်း၊** | **အမှတ်(၉၃)၊ ဒုတိယထပ်၊** |
| **စော်ဘွားကြီးကုန်းရပ်ကွက်၊** | **ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတား** |
| **အင်းစိန်မြို့နယ်။** | **မြို့နယ်၊ ရန်ကုန်မြို့။** |
| **Ph: 09-450040704** | **ဖုန်း-၀၉-၄၂၀၀၆၈၅၈၂၊၀၉-၇၆၇၂၅၀၈၇၀** |

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ လူနေရပ်ကွက်အမှတ်- စက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ်- ၆၄၊ မြေကွက်အမှတ် (၅၁၃+၅၁၄)၊ ဧရိယာ (၀.၁၁၀)ဧကရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ ယခုအခေါ် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ (၆၄)ရပ်ကွက်၊ အင်းတော်လမ်း၊ အမှတ်(၅၁၃+၅၁၄) ဟုခေါ်တွင်သော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးလင်းထင်မိုး အမည်ဖြင့် တရားဝင်အမည်ပေါက်ထားပြီး အမည်ပေါက်ထံမှ မေတ္တာဖြင့် အပိုင်ပေးအပ်ခြင်းကတိစာချုပ်အရ တရားဝင်လက်ရှိပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်မိုးမိုး [၁၂/ဆကန(နိုင်)၀၀၁၈၉၇]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေနှင့်အဆောက်အဦ တန်ဖိုးငွေ၏ စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေနှင့်အဆောက်အဦ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤသတင်းစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဒေါ်မြလှဲ့ဝင်း(LL.B)** | **ဒေါ်အေးအေးသိန်း(B.A, PGDL )** | **ဒေါ်စန်းမြသက်(B.Sc, PGDL)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၂၁၂)** | **အထက်တန်းရှေ့နေ(စဉ်-၅၆၅၆၆)** | **အထက်တန်းရှေ့နေ(စဉ်-၅၆၅၆၅)** |

**အမှတ်-၄၆၈၊ အောင်မြေသာလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**Ph- ၀၉-၅၁၅၁၈၃၃၊ ၀၉-၅၀၉၀၅၅၃၊ ၀၉-၈၉၉၂၉၉၂၅၅**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ခ)ရပ်ကွက်၊ တုသီတာလမ်း၊ အမှတ်(၃၁၃/က) မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၅)ထပ်တိုက်၏ မြေညီထပ်၊ အခန်းအကျယ် (၁၈)ပေx(၅၄)ပေ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်ရောင်းချ ပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသည့် ဒေါ်မှုံးမျက်သွယ် [၁၄/ပသန(နိုင်)၂၅၂၀၈၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မေသန်းခင် [၁၁/ကဖန(နိုင်) ၀၀၃၃၇၈]မှ ဝယ်ယူရန်အတွက် တိုက်ခန်းရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေခဲ့ပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အားပြီးမြောက်အောင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ**
**ဦးဆန်းဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၀၂၂)**
**အမှတ်(၁၇၀၄)၊ မင်းရဲကျော်စွာ(၄)လမ်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၆၆၀၅၅၇၁၅၆**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်၊ အမှတ်(၃/က)၊ ဝေဘာဂီလမ်းမကြီးပေါ်တွင်ရှိသော မြေရေိယာ (၂၀'x ၆၀')ရှိ ဂရန်မြေ အမျိုးအစားဟုခေါ်တွင်သော မြေနှင့် မြေပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူဟု အဆိုရှိသူပိုင်ရှင် ဒေါ်အေးအေးသင်း[၇/ရကန(နိုင်)၀၀၂၁၂၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသတို့ကိုပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ဥပဒေအရပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို အပြီးတိုင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ–** **ဦးဉာဏ်ဌွေး** **[ ၈/ပခဘ(နိုင်)၀၅၇၂၇၄]**

**လွှဲအပ်ညွှန်ကြားချက်အရ–** **ဒေါ်ကြည်ကြည်ရှိန်(LL.B)** **အထက်တန်းရှေ့နေ(စဉ်–၄၉၄၄၂)** **ဖုန်း–၀၉–၄၃၀၂၂၈၂၈**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ သုခဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်–၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ မြေကွက်အမှတ်(ပ–၃၂၉၇၀)ကို အမည်ပေါက် ဦးနေလင်း (ဘ) ဦးတင်ညွှန့်၊ မှတ်ပုံတင်အမှတ်[၉/ပမန(နိုင်)၀၁၅၈၂၈](ကွယ်လွန်)၏ အမွေခံသား/သမီးဖြစ်သူ ဦးလွှမ်းမိုးသူ မှတ်ပုံတင်အမှတ်[၉/ပမန(နိုင်)၂၆၉၆၇၁]၊ ဒေါ်အိအိလင်း မှတ်ပုံတင်အမှတ်[၉/ပမန(နိုင်)၂၆၉၆၄၁] (ဘ)ဦးနေလင်းမှ မြေပေးစလစ်(မူရင်း)ပျောက်ဆုံးသွားသဖြင့် မြေပေးစလစ်(မိတ္တူမှန်)ထုတ်ပေးပါရန် မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်း၊ အမည်ပေါက်၏ သေဆုံးမှုလက်မှတ်၊ မြေပေးစလစ်ပျောက်ဆုံးကြောင်းနှင့် အမွေခံဇနီး/ခင်ပွန်း မှန်ကန်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ မြေကွက်ဖိုးသွင်းချလန်၊ မြေပြင်အခြေအနေပြဓာတ်ပုံတို့တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ရက်ပေါင်း(၃၀) အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပေးစလစ်(မိတ္တူမှန်) လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဒေါပုံမြို့နယ်၊ အမှတ်(၂၅၄)၊ ဘုရားလေး(၂)လမ်းနေ မစန်းစန်းလွင် မှတ်ပုံတင်အမှတ် [၁၂/ဥကမ(နိုင်)၂၆၂၇၂၆]၏ ဖခင်အမည်မှန်မှာ ဦးနေမျိုးထက် [၁၂/ဗတထ(နိုင်)၀၀၁၈၉၈]နှင့် ဦးကျော်ဇောမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးနေမျိုးထက်(ခ)ဦးကျော်ဇော**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ကျန်စစ်မင်းအိမ်ရာ၊ တိုက်အမှတ်(၄၂)၊ အခန်းအမှတ်(၀၀၅)အား အမည်ပေါက် ဒေါ်သန်းသန်းမော်[၁၂/အစန(နိုင်)၀၇၇၀၈၃] ထံမှ ဦးစိုးလင်းထွန်း[၁၂/ကမရ(နိုင်)၀၅၄၃၅၆]က စာချုပ်စာတမ်းဖြင့် ဝယ်ယူထားပြီး တိုက်ခန်း ပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်။**
**ဖုန်း–၀၆၇–၃၄၀၇၅၄၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁)၊ မြေကွက်အမှတ်(၃၇၆)၊ မြေကွက်တည်နေရာအမှတ်(၃၇၆)၊ ဗိုလ်မင်းခေါင်လမ်း၊ (၁၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဒေါ်မြင့်ခင်(S/OKA–၀၀၂၉၈၈)အမည်ပေါက်၊ နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် မိခင် ဒေါ်မြင့်ခင်သည်(၁–၁–၂၀၂၃) နေ့နှင့်(ဖခင်)ဦးလှဝင်းသည် (၂၅–၈–၂၀၀၄)နေ့တို့တွင် ကွယ်လွန်ခဲ့ကြသဖြင့် သမီးဖြစ်သူ ဒေါ်ဆွေဆွေဝင်း [၁၂/ဥကတ(နိုင်)၀၀၀၁၇၃]မှ တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာများ၊ မိခင်၊ ဖခင် သေစာရင်းများ၊ အိမ်ထောင်စု စာရင်း၊ နှစ်(၆၀)ဂရန်၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေပေါ်တွင် (၁)ထပ်သွပ်မိုးပျဉ်ကာ (၁)လုံးရှိပြီး လျှောက်ထားသူမှ ကွင်းဆင်းသိရှိကြောင်းလက်မှတ်ရေးထိုးပေးပါသည်။ ဦးသန့်ဇင်အား အရပ်စာချုပ်ဖြင့် ရောင်းချထားကြောင်းနှင့် ဝယ်ယူထားသူ ဦးသန့်ဇင်မှလည်း နေအိမ်သော့ဖွင့်ပြပြီး ဒေါ်ဆွေဆွေဝင်း၏ ပိုင်ဆိုင်မြေပုံကူး လျှောက်ထားသည်ကို သိရှိသဘောတူကြောင်း၊ အရပ်စာချုပ်ဖြင့် ဝယ်ယူထားသည်မှာ မှန်ကန်ကြောင်း လက်မှတ်ရေးထိုးပေးပါသည်။ သို့ဖြစ်ပါ၍ ဒေါ်ဆွေဆွေဝင်းမှ ပိုင်ဆိုင်မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ မြေကွက်အမှတ်(၈၂၇/ခ)၊ မြေကွက်တည်နေရာအမှတ်(၈၂၇/ခ)၊ သုမင်္ဂလာလမ်း၊(၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်ဆွေဇင်စော(ခ)ဆာရာစု(၈/ခမန(နိုင်)၀၀၉၉၆၄)အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်အမည်ပေါက်ဒေါ်ဆွေဇင်စော(ခ)ဆာရာစုထံမှအရပ်ကတိစာချုပ်ဖြင့်ဝယ်ယူထားသူဦးထွန်းမောင်(ကွယ်လွန်)နှင့်ဇနီးဒေါ်ဌေးရင်တို့အားတရားပြိုင်ထား၍တရားလိုဒေါ်နန်းဆိုင်ဟွမ်မှမှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့်စွဲဆိုသောသဃ်န်းကျွန်းခရိုင်တရားရုံးတရားမကြီးမှုအမှတ်–(၂၃၂/၂၀၂၃)၏စီရင်ချက်၊ တရားမဇာရီမှုအမှတ်–(၉၂/၂၀၂၄)အမိန့်တို့အရတရားရုံးကိုယ်စားဘီလစ်ဒေါ်မေသုအောင်(၁၂/မဂတ(နိုင်)၁၀၇၃၅၁)မှသဃ်န်းကျွန်းခရိုင်တရားရုံး၏ဘီလစ်ခန့်စာ၊ဂရန်၊နိုင်၊ကတ်တို့တင်ပြ၍အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာအပေါ်တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၆/ဒက္ခိဏသီရိရပ်)၊ မြေကွက်အမှတ်(ဒ–၁၀၇၁)၊ မြေရေိယာ (၀.၃၅၆)ဧကရှိ မတ်(စ်)မြန်မာကုမ္ပဏီလီမိတက် အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အား(၈–၁၁–၂၀၂၄)ရက်နေ့ ဒါရိုက်တာအဖွဲ့ အစည်းအဝေး ဆုံးဖြတ်ချက်အရ တာဝန်ပေးအပ်ခြင်းခံရသူ ဦးဝင်းဇော်(ဘ) ဦးတင်ဦး [၉/သစန(နိုင်)၁၃၂၀၄၂]မှ ဦးအောင်ကျော်မင်း(ဘ)ဦးအောင်ဆန်း[၁၂/မရက(နိုင်)၀၀၂၈၀၀၉]နှင့် အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက် လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၄)ရပ်ကွက်၊ အမှတ်(၃၅၃)၊ (၄၀ပေx၆၀ပေ) ရေိယာအကျယ် မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနနှင့် မြေချပါမစ်တို့တွင် ဒေါ်မြင့် BW.013854 အမည်ဖြင့် မှတ်သားတည်ရှိပြီး၊ အဆိုပါ မြေကွက်ကို ပါမစ်အမည်ပေါက်ထံမှ အရောင်းအဝယ်အရပ်ကတိ ဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဥမ္မာသန်း[၁၂/ဥကမ(နိုင်)၁၈၁၉၈၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသျှိုင်းထက်အောင်[၈/ရစက(နိုင်)၂၂၆၉၁၄]က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါရောင်းချမှုကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးကျော်အောင်(LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၂၂၅၅၅)**
**အမှတ်(၁၆၄၃)၊ သိပ္ပံမောင်ဝလမ်း၊ ၄၂–ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၂၅၀၅၀၆၀၄၃**

## ကန့်ကွက်နိုင်ကြောင်း အများသိရှိနိုင်စေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ သန္တာ (၁၃)လမ်း၊ အမှတ်(၆၅၃)ဟု ခေါ်တွင်သော ဒေါ်တင်ရွှေအမည်ပေါက် ဂရန်မြေကွက် မြေအကျယ်အဝန်း(၄၀ပေx၆၀ပေ)အနက်မှ အကျယ်အဝန်း (၂၀ပေx၆၀ပေ) ခေါင်းရင်းဘက်ခြမ်းပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို နောက်ဆုံး ဝယ်ယူပိုင်ဆိုင်ထားသည့် ဦးထွန်းမြင့်ငွေ[၁၂/ဥကမ(နိုင်)၁၀၁၂၃၄]နှင့် နော်လာဖွဲဖော [၁၂/ဥကမ(နိုင်)၀၀၄၂၅၉]တို့မှ မိမိတို့သာလျှင်လက်ဝယ်ရှိ ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဖွင့်ဟဝန်ခံရောင်းချသဖြင့် ဝန်ခံကတိပြုသူထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သွယ်စင်ဝင့်ထယ်[၉/တသန(နိုင်)၁၅၉၅၃၂]တို့က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံ စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့် ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သူဇာထွန်း (LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၄၇၈၀၅) (၂၉–၇–၂၀၁၆)**
**အမှတ်(၄၈၃)၊ မြရတနာ(၁)လမ်း၊ မြောက်ဥက္ကလာ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၈)၊ မြေကွက်အမှတ်(၁၁၂၁)၊ မြေကွက်တည်နေရာအမှတ်–၁၁၂၁၊ ကျွန်းရွှေမြိုင်(၆)လမ်း၊ (၁၈)ရပ်ကွက်၊ ဒဂုံတောင်၊ ၁။ ဦးလှမြင့်[၁၃/ကလန (နိုင်)၀၀၇၄၉၈]၊ ၂။ ဒေါ်ထွေးရီ[၁၂/ဗတထ(နိုင်)၀၁၂၁၂၂]အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား ဂရန်အမည်ပေါက် ဦးလှမြင့်၊ ဒေါ်ထွေးရီတို့ဖြစ်ပြီး အမည်ပေါက်တစ်ဦးဖြစ်သူ ဦးလှမြင့်ထံမှ မေတ္တာဖြင့် ခံဝန်ချုပ်(Bond)ဖြင့် ပေးကမ်းခြင်းစာချုပ်အမှတ်–၈၅၇၇/၂၀၁၆ (၁၃–၁–၂၀၁၆) ဖြင့် ရရှိသူ ၁။ ဦးစိုးညွှန့်ဝင်း[၁၂/ဒဂတ(နိုင်)၀၂၈၉၈၄]၊ ၂။ ဒေါ်အေးသီတာမျိုး[၁၂/ဒဂတ(နိုင်)၀၄၆၆၁၂]၊ ၃။ ဒေါ်နှင်းဝေဝေလှိုင်[၁၂/ဒဂတ(နိုင်)၀၄၆၉၃၄]တို့ဖြစ်ပါသည်။ ကျန်ပူးတွဲအမည်ပေါက် တစ်ဦးဖြစ်သူ ဒေါ်ထွေးရီ(မိခင်)ဖြစ်သူသည် (၂၅–၈–၂၀၁၅) ရက်နေ့တွင် လည်းကောင်း၊ (ဖခင်)ဖြစ်သူ ဦးဝင်းမြင့်သည် (၂၈–၈–၂၀၂၁) ရက်နေ့တွင်လည်းကောင်း အသီးသီး ကွယ်လွန်ခဲ့ကြပြီး ၎င်းတို့၏ သားသမီး (၄) ဦး ဖြစ်သူ (၁)ဦးထွန်းဝင်းဇော်[၁၂/မဂတ(နိုင်)၀၇၂၄၉၈]၊ (၂)ဒေါ်မြသီတာ[၁၂/အလန(နိုင်)၀၄၁၆၁၈]၊ (၃)ဒေါ်မြသန္တာ[၁၂/အလန(နိုင်)၀၄၀၁၉၃]၊ (၄)ဦးဇင်မင်းပိုင်[၁၂/အလန(နိုင်)၀၄၁၆၁၉]တို့မှ တရားဝင် အမွေဆက်ခံခွင့်ရှိသူ သားသမီးများဖြစ်ကြောင်း၊ အခြားသော အမွေစားအမွေခံသားသမီး မွေးစားထားခြင်းမရှိပါကြောင်း အထက်ပါ မြေကွက်၏ ပိုင်ဆိုင်ခွင့်အစုကို မိမိတို့ကသာလျှင် အမွေဆက်ခံ ပိုင်ဆိုင်ပါကြောင်း၊ မိမိတို့မှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း ကျမ်းကျိန်လွှာအမှတ်–၈၄၆/၂၀၂၄ (၁၇–၇–၂၀၂၄)၊ အသိသက်သေ နှစ်ဦး၏ ထောက်ခံကျမ်းကျိန်လွှာနှစ်စောင်၊ မိခင်ဖခင်သေစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ်(၆၀)မြေငှားစာချုပ်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာခြင်းအား မြေပြင် ကွင်းဆင်းစစ်ဆေးရာ (၁)ထပ်အုတ်ညှပ် (၁)လုံးတွင် ကိုယ်တိုင်နေထိုင်ပြီး (၂)ထပ် သွပ်ပြားကာ (၁)လုံးတွင် လူမနေ သော့ဖွင့်ပြ၍ ဒေါ်နှင်းဝေဝေလှိုင်၊ ဦးထွန်းဝင်းဇော်တို့မှ ကွင်းဆင်းသိရှိပါကြောင်း လက်မှတ်ရေးထိုးပေးပါသဖြင့် ဦးဇင်မင်းပိုင် + ၆ တို့၏ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင်ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air – FTA)ဖြင့် အခမဲ့ ထုတ်လွှင့်လျက်ရှိရာ (MRTV–HD Channel)မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိရာ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက် (သောကြာနေ့)ညတွင် အားကစားပွဲတော်လှုံ့ဆော်ရေး တေးသီချင်းများကို မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ဌာနအဆိုရှင်များနှင့် ပြင်ပတေးသံရှင်များ စုပေါင်း၍ **"အမျိုးသားအားကစားပွဲတော်"** ဂုဏ်ပြုတေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့ အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်–

(၆–၁၂–၂၀၂၄)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ "အမျိုးသားအားကစားပွဲတော်" ဂုဏ်ပြုတေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၁)ပုဒ်

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | အားကစားလ | ပြင်ပအဆိုရှင် |
| ၂။ | ထိုးကွင်းလေးနဲ့ခြင်းခတ်သူ | တူယှဉ်နွဲပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၃။ | မြန်မာအားကစား | ပြင်ပအဆိုရှင် |
| ၄။ | အာရှမြန်မာ | ဌာနအဆိုရှင် |
| ၅။ | အမျိုးသားအားကစားပွဲတော် | ဌာနအဆိုရှင် |
| ၆။ | အမျိုးသားအားကစားပွဲတော်ဆီ | တူယှဉ်နွဲပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၇။ | မိုးယံလွင့်ပျံလက်ခုပ်သံ | တူယှဉ်နွဲပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၈။ | မြန်မာ | ပြင်ပအဆိုရှင် |
| ၉။ | ဂိုးသွင်းကောင်းတဲ့ကိုကို | ပြင်ပအဆိုရှင် |
| ၁၀။ | ဂိုး | ပြင်ပအဆိုရှင် |
| ၁၁။ | မြန်မာ့ဂုဏ် | Group Song |

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ကြည်စုရပ်ကွက်၊ ရတနာသိဒ္ဓိလမ်း၊ တိုက်အမှတ်(၁၂၉)၊ (၂)ခန်းတွဲ၊ (၃)ထပ်ခွဲ တိုက်အမျိုးအစားရှိ တိုက်ခန်းထဲမှ ပထမထပ်၊ (၂)လွှာ(B–2) အကျယ်အဝန်း(၁၂ပေခွဲx၅၀ပေ)ရှိ တိုက်ခန်းကို အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်လှလှမိုး [၁၂/ဒပန(နိုင်)၀၄၂၆၆၅]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသော ဦးအောင်မွန်ဦး [၇/မညန(နိုင်)၀၉၂၇၅၂]နှင့် ဒေါ်ချိုချိုမြင့်[၇/မညန(နိုင်)၀၈၁၉၀၇]တို့က ဝယ်ယူရန်အတွက် (၂–၁၂–၂၀၂၄)ရက်နေ့တွင် နှစ်ဖက်သဘောတူ တိုက်ခန်းအရောင်းအဝယ် စရန်ပေးကတိစာချုပ် ချုပ်ဆိုထားပြီးဖြစ်ရာ တိုက်ခန်း အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်တို့ထံသို့ တရားဝင်ခိုင်လုံသော စာချုပ်စာတမ်းအထောက်ထားများနှင့် တကွ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ တိုက်ခန်းအရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးအောင်ဖြိုးလတ် (LL.B)** **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၀၀၅)**

**ဦးဖြိုးဝေဦး (LL.B)** **အထက်တန်းရှေ့နေ (စဉ်–၅၃၁၂၉)**

**အမှတ်(၈၆)၊ ပထမထပ်၊ (၄၉)လမ်း(အလယ်)၊ ၁/ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၇၇၀၀၅၂၁၈၅၊ ၀၉–၂၆၃၇၃၇၄၉၈**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (သကမ–၁၂)၊ လူနေရပ်ကွက်အမှတ်(၁၁)၊ အနော်ရထာလမ်း၊ မြေကွက်အမှတ်(၁၂၆/ခ)၊ အကျယ်အဝန်း(၂၀x၆၀)ပေရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နှစ်ထပ်တိုက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်၍ ရောင်းပိုင်ခွင့်ရှိသူ ဦးအောင်မြင့်ဦး [၁၂/ အစန(နိုင်)၁၀၀၈၁၇]မှ ရောင်းချလိုကြောင်းကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက စရန်ငွေတစ်စိတ်တစ်ဒေသပေးချေ၍ဝယ်ယူပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက သက်ဆိုင်သောစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါပြီး (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**(လွှဲအပ်ညွှန်ကြားချက်အရ)**
**ဒေါ်ယုယုနွယ် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၅၅၅၈)**
**အမှတ်(၁၀၁၅/ဘီ)၊ ဗိုလ်မှူးဗထူးလမ်း၊ (၄၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၄၅၀၀၆၅၂၇၃**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ပင်းယ(၁၀)လမ်း၊ အမှတ်(၁၆၁)၊ တစ်ခန်းတည်း (၆) ထပ်တိုက် (RC)၏ စတုတ္ထထပ်(၅)လွှာ၊ အကျယ်အဝန်း(၁၈ x ၅၄)ပေ၊ (၉၇၂)စတုရန်းပေရှိ ရေ၊ မီးစုံ တိုက်ခန်း (၁) ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ကန်ထရိုက်တာထံမှ အရောင်းအဝယ်ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သက်သက်ဝေ[၈/မကန(နိုင်)၁၉၃၈၄၄]မှ ရောင်းချလိုကြောင်းကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်မေဘရဏီဇော်[၁၂/ဥကတ(နိုင်)၁၇၃၈၃၈]က စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေ၍ဝယ်ယူပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက သက်ဆိုင်သောစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါပြီး (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**(လွှဲအပ်ညွှန်ကြားချက်အရ)**
**ဒေါ်ယုယုနွယ် (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၅၅၅၈)**
**အမှတ်(၁၀၁၅/ဘီ)၊ ဗိုလ်မှူးဗထူးလမ်း၊ (၄၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၄၅၀၀၆၅၂၇၃**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ သဒ္ဓါလမ်း၊ မြေကွက်အမှတ်(၁၀၆၈/ခ)ဟုခေါ်တွင်သော မြေအကျယ်အဝန်း(၂၀ပေ×၆၀ပေ)ပေါ်ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၁)ခန်းတည်း(၆)ထပ်တိုက်အဆောက်အဦးမှ (မြေညီထပ်)၊ အကျယ်အဝန်း (၁၇ပေ×၅၄ပေ)၊ အမြင့်(၁၅ပေ)ရှိ တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းအပါရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မူလပိုင်ရှင်ဖြစ်သော ဦးအောင်မြတ်သူ(၁၂/တမန(နိုင်)၁၀၅၂၈၈)ပိုင်ဆိုင်သောတိုက်ခန်းအား ဦးအောင်မြတ်သူထံမှ "နှစ်ဦးသဘောတူ အဆင့်ဆင့် တိုက်ခန်းအပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်"များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်နိုးသန္တာလှိုင် (၁၂/ဗတထ(နိုင်)၀၂၆၈၈၀)သည် မိမိတစ်ဦးတည်းသာလျှင် တရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်း၍ လွတ်လပ်စွာစီမံခန့်ခွဲလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေများမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဘိုးငွေ၏စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်၊ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်း နှင့်သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်၊

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်မေဇင်ဦး (LL.B)** (စဉ်-၃၉၅၈၀)
အထက်တန်းရှေ့နေ
အမှတ်(၄၈၂)၊ သုတလမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ဖုန်း - ၀၉-၇၇၆၈၇၁၂၂၀ ၊ ၀၉-၄၂၀၀၃၅၂၅၈)

## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ (၂၀၂၄-၂၀၂၅) ဘဏ္ဍာရေးနှစ်၊ သာမန်အသုံးစရိတ်ရန်ပုံငွေအသုံးပြု၍ ရုံးသုံးစာရေးကိရိယာ Paper A4 (100 g)၊ ဆေးပစ္စည်း(၆)မျိုးနှင့် ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေဖြင့် Fogging Machine အရေအတွက် (၈၀) ခုနှင့် Grass Cutter အရေအတွက် (၆၃) ခု တို့အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင် မှတ်ပုံတင်ထားသည့် ကုမ္ပဏီ၊ လုပ်ငန်းရှင်များအနေဖြင့် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၌ အိတ်ဖွင့်တင်ဒါ တင်သွင်းရန်ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာပုံစံများအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်၌ လူကိုယ်တိုင် လာရောက်ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| တင်ဒါအမှတ် | - | Tender.16. Stationery (2024–2025) |
| | - | Tender.17. Medical Supplies (2024–2025) |
| | - | Tender.18. Equipment (2024–2025) |
| တင်ဒါပုံစံစတင်ရောင်းချမည့်ရက် | - | ၆-၁၂-၂၀၂၄ ရက် |
| တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန် | - | ၁၉-၁၂-၂၀၂၄ ရက် မွန်းတည့်(၁၂:၀၀)နာရီ |

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူ ဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း-၀၆၇-၃၄၃၁၀၈၅/၀၆၇-၃၄၃၁၀၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဒေဝဒဟလမ်း၊ အမှတ်-၈၇၅၊ (၂)ခန်းတွဲ (၆)ထပ်တိုက်အဆောက်အဦ၏ (၆)လွှာတိုက်ကို မျက်နှာမူလျှင် လက်ဝဲဘက်ခန်း၊ ဧရိယာစတုရန်းပေ (၉၁၈) ပေရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မူလကန်ထရိုက်တာထံမှ အဆင့်ဆင့်ဝယ်ယူလက်ရှိထားပိုင်ဆိုင်သည့် တိုက်ခန်းပိုင်ရှင် ဒေါ်နှင်းဝေဝေလှိုင် [၁၂/သဃက(နိုင်)၁၇၅၈၂၀]ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အရောင်းအဝယ်ပြုလုပ်၍ ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ထိုတိုက်ခန်းအရောင်းအဝယ်ကို ကန့်ကွက်လိုသူရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ ဥပဒေနှင့်အညီ တရားဝင်ပိုင်ဆိုင်သည့် ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထား (မူရင်းများ) ဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးအေးအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၄၃၂၂)**
**အမှတ်-၁၂၁၊ ဒု-ထပ်၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၅၁၆၉၁၅၉၊ ၀၉-၇၈၅၁၆၉၁၅၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်၊ ရွာသစ်(၁)လမ်း၊ တိုက်အမှတ်(၆၃၇)၊ အလျား xအနံ (၁၆x၅၅)ပေရှိ (၂)ခန်းတွဲ (၄)ထပ်တိုက်၏ စတုတ္ထထပ်(၄)လွှာ၊ ခေါင်းရင်းခန်းတိုက်ခန်းကို ဦးစိန်ထွဋ် [၁၂/အစန(နိုင်) ၀၆၅၉၃၀] ကိုင်ဆောင်သူမှ (၃၁-၈-၂၀၂၃)ရက်စွဲပါ "မြေရှင်နှင့် ကန်ထရိုက်တာတို့ ကန်ထရိုက်စနစ်အရ (၂)ခန်းတွဲ (၄)ထပ် (အာစီ)အဆောက်အအုံသစ် တည်ဆောက်ခြင်းနှင့် တိုက်ခန်းအကျိုးခွဲဝေခံစားခြင်း နှစ်ဦးသဘောတူကတိစာချုပ်" အရ တရားဝင်လက်ရှိ ပိုင်ဆိုင်သူ လွှဲပြောင်းရောင်းချခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်၍ အဆိုပါတိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်းအထောက်အထား မူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ချုပ်ဆို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နွေနှင်းအေး**
**LL.B, B.A (B.Law), DBL, DIL, DML**
**အထက်တန်းရှေ့နေ (စဉ်-၂၈၂၉၃)**
**ဖုန်း - ၀၉-၂၅၀၀၆၀၉၄၆၊ ၀၉-၆၉၉၈၇၆၄၀၁**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ မြေတိုင်းရပ်ကွက်အမှတ်-၃၈၊ မြေကွက်အမှတ်-၄၅၀ တွင် နေထိုင်သူ ဒေါ်တင်မျိုးအေးဦး [၁၂/စခန(နိုင်) ၀၄၄၈၈၈] ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည် -

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ မြေတိုင်းရပ်ကွက်အမှတ်-၃၈၊ မြေကွက်အမှတ်-၄၅၂၊ အကျယ်အဝန်း (၄၀'x၆၀') အနက်မှ တရားဝင်မခွဲစိတ်ရသေးသောမြေ၏ (မြောက်ဘက်ခြမ်း/ဝဲ ) အကျယ်အဝန်း (၂၀'x၆၀') ရှိ နှစ်(၆၀) ဂရန်မြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ မြေတိုင်းရပ်ကွက်အမှတ်-၃၈၊ မြေကွက်အမှတ်-၄၅၂၊ ကန်ညီနောင်လမ်းဟုခေါ်တွင်သော မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မြေစာရင်းဌာနတွင် ဦးအောင်မြင့် (ဘ) ဦးဘိုးသာ (ISN-၂၂၀၇၃၁) အမည်ပေါက်လျက်ရှိပြီး ၎င်းထံမှ အရပ်ကတိအဆက်အစပ် စာချုပ်များနှင့် (၁၇-၁၂-၂၀၀၉) ရက်စွဲပါ ခြံမြေအပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်အရ လက်ဝယ်ထားပိုင်ဆိုင်နေထိုင်သူများဖြစ်ကြသော ဦးနိုင်ဝင်း [၁၂/ဗဟန(နိုင်)၀၀၂၀၃၄] နှင့် ဦးကျော်သက်ထွေး [၁၂/ဒဂမ(နိုင်)၀၁၀၈၂၆] တို့က ရောင်းချပိုင်ခွင့်ရှိသူများဟုအဆိုပြုလျက် ဒေါ်တင်မျိုးအေးဦးသို့ ရောင်းချရန် ကမ်းလှမ်းရာ ဒေါ်တင်မျိုးအေးဦးက (၃-၂-၂၀၂၀) နေ့တွင် အပြီးအပိုင် ဝယ်ယူပိုင်ဆိုင်ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ မြေကွက်နှင့်အိမ်ကို ပိုင်ဆိုင်ကြောင်း အဆိုပြုသူ မည်သူမဆို ယနေ့ကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်း၊ စာချုပ်များဖြင့် ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ -** |
| **ဒေါ်တင်မျိုးအေးဦး** | **ဒေါ်စုလှိုင်ထွန်း (LL.B)** |
| **[၁၂/စခန(နိုင်)၀၄၄၈၈၈]** | **တရားလွှတ်တော်ရှေ့နေ (စဉ် - ၆၉၁၅) (၂၀၀၁)** |
| | **အမှတ် -၆၅၊ ၄-လွှာ၊ (၅)ရပ်ကွက်၊ လသာမြို့နယ်၊** |
| | **ရန်ကုန်မြို့။ Ph:09-5396527, 01-387302** |

## "နိုင်ငံသားစိစစ်ရေးကတ်ပြားနံပါတ်အမှန် ပြင်ဆင်ထုတ်ယူပြီးကြောင်း ကြေညာခြင်း"

ကျွန်တော် ဦးသန်းနိုင်(ဒိုးတန်းကျေးရွာ၊ ဒိုက်ဦးမြို့နယ် ယခင်လိပ်စာ) သည် (၁-၆-၁၉၉၀)ရက်စွဲဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၇/ဒဥန(နိုင်)၀၂၃၅၇၆] ကို (၂၁-၈-၂၀၂၄)အထိ ကိုင်ဆောင်ခဲ့ပါသည်။ တက္ကသိုလ်ကျောင်းသား၊ ဝန်ထမ်း၊ လက်ထပ်စာချုပ်၊ လုပ်ငန်းရှင်၊ ကျောက်မျက်ရတနာ လုပ်ငန်းလိုင်စင်များ၊ နိုင်ငံတော်ကပေးအပ်သော ဘွဲ့တံဆိပ်တော်၊ မော်တော်ယာဉ်ပိုင်ဆိုင်မှု စာအုပ်များ၊ ဘဏ်စာအုပ်များ၊ ယာဉ်မောင်းလိုင်စင်၊ နေအိမ်ခြံမြေဂရန်များ၊ စာချုပ်စာတမ်းများ၊ အားလုံးတွင် အထက်ပါ နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ်ကိုသာ သုံးစွဲခဲ့ပါသည်။ ယခုအခါ နိုင်ငံကူးလက်မှတ်စာအုပ်သက်တမ်းတိုးရန်အတွက် (စမတ်ကတ်) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ Unique Identification Number ထုတ်ယူသည့်အခါမှ နိုင်ငံသားစိစစ်ရေးနံပါတ်သည် မှားယွင်းနေကြောင်း သိရှိရပါသဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်အမှန် [၇/ဒဥန(နိုင်)၀၅၂၀၆၇] ကို (၂၁-၈-၂၀၂၄)ရက်နေ့တွင် ထုတ်ယူခဲ့ပါသည်။ ယခုထုတ်ယူသည့် နံပါတ်တစ်ခုတည်းကိုသာ အစဉ်အမြဲကိုင်ဆောင်သုံးစွဲမည်ဖြစ်ပါကြောင်းနှင့် မြေငှားဂရန်စာချုပ်များ၊ လိုင်စင်များ၊ ဘဏ်စာအုပ်များ၊ စာချုပ်စာတမ်းများ စသည်တို့ကို နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၇/ဒဥန(နိုင်) ၀၅၂၀၆၇] ကို ပြောင်းလဲပေးနိုင်ရေး သက်ဆိုင်ရာဌာနအသီးသီးသို့ တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးသန်းနိုင်**
**[၇/ဒဥန(နိုင်)၀၅၂၀၆၇]**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဆေး/ငြိမ်းရပ်ကွက်၊ အလယ်လမ်း၊ အမှတ်-၆၊ ၆-လွှာ၊ ခြေရင်းခန်းဟုခေါ်တွင်သော တိုက်ခန်းကို လက်ရှိလက်ဝယ်ပိုင်ဆိုင်ထားပြီး အရောင်းအဝယ်ပြုလုပ်ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မိုးမိုး[၁၂/လသန(ဧည့်)၀၀၁၃၄၈] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဒေါ်နီလာ[၁၂/အလန(နိုင်)၁၂၈၀၂၇] က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ထိုတိုက်ခန်းနှင့်ပတ်သက်ပြီး ကန့်ကွက်ရန်ရှိပါက မည်သူမဆို ကျွန်ုပ်တို့ထံသို့ ဤသတင်းစာပါသည့်နေ့မှ (၇)ရက်အတွင်း အထောက်အထား အပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ (၇)ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးသူရိန်မြင့် LL.B** | **ဒေါ်ဆုမွန်ဆွေ LL.B,D.B.L** |
| **(စဉ်-၉၅၂၁/၂၀၁၃ ခုနှစ်)** | **(စဉ်-၁၂၈၁၈/၂၀၁၇ ခုနှစ်)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်-၃၁၊ ဆင်ရေကန်လမ်း၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၅၀၅၉၈၂၂၊ ၀၉-၇၉၅၇၉၀၇၆၇**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ပုသိမ်မြို့၊ အမှတ်(၁၅)ရပ်ကွက်၊ ဖိုးရွှေမြကုန်းကျေးရွာနေထိုင်သူ ဒေါ်ဇံမီ [၁၄/ပသရ(နိုင်)၀၉၀၆၇၀]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည် -

အထက်ဖော်ပြပါ ကျွန်ုပ်မိတ်ဆွေ ဒေါ်ဇံမီ [၁၄/ပသရ(နိုင်)၀၉၀၆၇၀]၏ သမီးဖြစ်သူ ဒေါ်ကေဒါဘီ(ခ)ဇော်ဒါဘီ [၁၄/ပသန(နိုင်)၃၀၅၉၁၀] ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (ဂ)ရပ်ကွက်၊ လွတ်လပ်ရေးလမ်းသွယ်(၂)လမ်း၊ ခြံအမှတ်(၂၃)တွင်နေထိုင်သူသည် မိခင်နှင့် မိသားစုတို့၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိခင်နှင့်မိသားစုအား ဂုဏ်သိက္ခာညှိုးနွမ်းအောင်ပြုမူ၍ ခွင့်မလွှတ်နိုင်သော အပြုအမူများ အကြိမ်ကြိမ်ပြုလုပ်ခဲ့သောကြောင့် မိခင်နှင့်မိသားစုတို့မှ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော ငွေကြေးအရှုပ်အရှင်း၊ လူမှုရေး အရှုပ်အရှင်း ပြဿနာများနှင့် အခြားမည်သည့်ကိစ္စများကိုမှ မိခင်နှင့် မောင်နှမဆွေမျိုးများနှင့် မသက်ဆိုင်ဘဲ ယနေ့ကြေညာပါသည့်နေ့မှစ၍ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်ဇံမီ** | **ဒေါ်စီစီဝင်း** |
| **[၁၄/ပသရ(နိုင်)၀၉၀၆၇၀]** | **(အထက်တန်းရှေ့နေ) (စဉ်-၂၂၇၃၆)** |
| | **အမှတ်(၁၄၆)၊ မြေညီထပ်၊ ဘိုကလေးဈေးလမ်း၊** |
| | **(၈)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။** |
| | **ဖုန်း-၀၉-၂၅၀၂၇၈၂၂၈** |

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)
## မရမ်းကုန်းခရိုင်တရားရုံး
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၈၂

| | | |
|---|---|---|
| မရမ်းကုန်းမြို့နယ်စည်ပင်သာယာ | နှင့် | ၁။ ဦးခင်သောင်း |
| အုပ်ချုပ်ရေးမှူးရုံး(၎င်း၏ကိုယ်စား | | ၂။ ဦးရဲဝင်း |
| အုပ်ချုပ်ရေးမှူး ဦးကျော်လွင်ဌေး) | | ၃။ ဒေါ်ခင်ချိုထွန်း |
| **တရားလို** | | **တရားပြိုင်များ** |

**ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၄-ခ/၁)ပါရမီလမ်း၊ (၁၀)ရပ်ကွက်** နေ (၁) တရားပြိုင် ဦးခင်သောင်း၊ (၂) တရားပြိုင် ဦးရဲဝင်း၊ (၃) တရားပြိုင် ဒေါ်ခင်ချိုထွန်း (ယခုနေရပ်လိပ်စာမသိ) တို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုက ကြော်ငြာဆိုင်းဘုတ်တပ်ဆင်ခ ကြွေးကျန်ငွေများပေးဆောင်စေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ **၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ (၂၇) ရက်** (၁၃၈၆ ခုနှစ်၊ နတ်တော်လဆုတ် ၁၂ ရက်နေ့) မွန်းမတည့်မီ **နံနက်(၁၀:၀၀) နာရီ** အချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့၏ မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့်သင်တို့က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

**၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်**နေ့တွင် ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သီသီဟန်)**
**ဒုတိယခရိုင်တရားသူကြီး (၁)**
**မရမ်းကုန်းခရိုင်တရားရုံး**

## "အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/နောက်ရပ်ကွက်၊ (၈၈)လမ်း၊ အမှတ်(၂၁) မြေညီထပ်နေ ဒေါ်ပါစကားမေရီ(ခ)ဒေါ်ဥမ္မာထွေး [၁၂/မဂတ(နိုင်)၀၀၉၇၀၇] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန်ကြေညာအပ်ပါသည်။

၁။ ကျွန်ုပ်တို့၏မိတ်ဆွေအပါအဝင် ဦးဂျော်နီ၊ ဒေါ်ပူစပါးမေရီ၊ ဦးရစ်ချက်၊ ဒေါ်လီလီ၊ ဦးအလက်ဇန်ဒြား၊ ဒေါ်အဲလီဇဘက်၊ ဒေါ်ဖရန်စစ်မေရီ၊ ဒေါ်ပိုက်ရက်(စ်)မေရီ(ခ)ဒေါ်မာလာတို့မှာ ဖခင်ကြီး ဦးအန်ထော်နီနှင့် မိခင်ကြီး ဒေါ်တင်ကြည်(ခ)ဒေါ်စီးလာတို့မှ မွေးဖွားခဲ့သော သား၊ သမီးအရင်း အချာများဖြစ်ကြပါသည်။ ဖခင်ကြီး ဦးအန်ထော်နီသည် (၁၉၉၇)ခုနှစ်တွင် ကွယ်လွန်ခဲ့ပြီး မိခင်ကြီးဒေါ်တင်ကြည်(ခ)ဒေါ်စီးလာသည် (၂၁-၇-၂၀၂၃) ရက်နေ့တွင် ကွယ်လွန်ခဲ့ပါသည်။ အစ်ကိုကြီးဖြစ်သူ ဦးဂျော်နီနှင့် ဦးရစ်ချက်တို့မှာလည်း အမွေရှင်မိခင်ထက်စော၍ အသီးသီး ကွယ်လွန်ခဲ့ပါသည်။

၂။ အမွေရှင်မိခင်ကွယ်လွန်ပြီးနောက် အောက်ဖော်ပြပါ မရွှေ့မပြောင်းနိုင်သောအမွေပစ္စည်း၊ ရွှေ့ပြောင်းနိုင်သောအမွေပစ္စည်း (၁၆)မျိုးကျန်ရစ်ခဲ့ပါသည်။ ၎င်းတို့မှာ -

(၁) ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ၁၄-ရပ်ကွက်၊ ကျောက်ကုန်း၊ မင်းရဲကျော်စွာလမ်း၊ အမှတ်-၁၂/D မြေကွက်နှင့် မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၃) ထပ် တိုက် နေအိမ်ဥပစာ။

(၂) ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/နောက်ရပ်ကွက်၊ ၈၈-လမ်း၊ အမှတ်-၃၄၊ ဒုတိယထပ်၊ လက်ဝဲဘက်အခန်း (၅-လွှာ နှင့် ၆-လွှာ)၊ (ဟောင်ကောင်ပုံစံတစ်စုံ)။

(၃) ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/နောက်ရပ်ကွက်၊ ၈၈-လမ်း၊ အမှတ်- ၃၄၊ ဒုတိယထပ်၊ လက်ယာဘက်အခန်း (၅-လွှာ နှင့် ၆-လွှာ)၊ (ဟောင်ကောင်ပုံစံတစ်စုံ)။

(၄) ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/နောက်ရပ်ကွက်၊ ၈၈-လမ်း၊ အမှတ်-၂၁၊ မြေညီထပ်တိုက်ခန်းတစ်ခန်း။

(၅) ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/နောက်ရပ်ကွက်၊ ၈၈-လမ်း၊ အမှတ်-၂၆၊ ၇-လွှာ တိုက်ခန်းတစ်ခန်း။

(၆) ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/နောက်ရပ်ကွက်၊ လမ်း-၉၀၊ အမှတ်-၄၂၊ မြေညီထပ် တိုက်ခန်းတစ်ခန်း။

(၇) ရန်ကုန်တိုင်းဒေသကြီး၊ သိမ်ကြီးဈေး(အေ)ရုံ၊ ဆိုင်ခန်းအမှတ် (၄၁၅)။

(၈) ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၆၃၊ မြေကွက်အမှတ်-၁၅၁၄၊ လူနေရပ်ကွက်အမှတ် (စက်မှုဇုန်)၊ ဧရိယာ (၄၀ x ၆၀) ပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေပေါ်တွင်တည်ရှိသော အမှတ်(၁၅၁၄)၊ မေခ (၃) လမ်း၊ စက်မှုဇုန် ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟုခေါ်တွင်သည့် စက်ရုံအဆောက်အဦ။

(၉) အမေရိကန်ဒေါ်လာ (၂၀၀,၀၀၀)နှင့် ရွှေ (၁)ပိဿာ၊ လက်ကျန်ငွေကျပ်သိန်း(၅၀၀၀)။

(၁၀) ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ ၂၈-လမ်း(အလယ်)၊ အမှတ် (၉၉) မြေညီထပ်တိုက်ခန်းတစ်ခန်း။

(၁၁) ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ ၂၈-လမ်း(အလယ်)၊ အမှတ် (၉၉) ပထမထပ်(ယာ) တိုက်ခန်းတစ်ခန်း။

(၁၂) ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ ၂၈-လမ်း(အလယ်)၊ အမှတ် (၉၉) ၈-လွှာ တိုက်ခန်းတစ်ခန်း။

(၁၃) ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ကျောက်ကုန်း၊ ကျောင်းလမ်း၊ အမှတ် (၅-ဘီ) မြေနှင့်အဆောက်အဦ။

(၁၄) ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ပဲခူးစုရပ်ကွက်၊ မဂ္ဂင်လမ်းသွယ်(၃)လမ်း၊ အမှတ်(၅)နှင့် အမှတ်(၇)မြေကွက်နှင့် အဆောက်အဦ။

(၁၅) ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ပဲခူးစုရပ်ကွက်၊ မင်းရဲနန္ဒမိတ်လမ်း၊ အမှတ် (၃၄)မြေကွက်နှင့် အဆောက်အဦ။

(၁၆) ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ပဲခူးစုရပ်ကွက်၊ ဗိုလ်ချုပ်နေဝင်းလမ်း၊ အမှတ် (၁၆၂) မြေကွက်နှင့်အဆောက်အဦတို့ ဖြစ်ကြပါသည်။

၃။ အထက်ပါအမွေပစ္စည်းများမှာ မိခင်ကြီးသက်ရှိထင်ရှားရှိစဉ်ကပင် မိသားစုဆိုင်ဖြစ်သော သိမ်ကြီးဈေး(အေရုံ)၊ ဆိုင်အမှတ်(၄၁၅)တွင် အစ်ကိုဖြစ်သူ ဦးအလက်ဇန်ဒြားမှ ဦးစီးပြီး မောင်နှမများနှင့်အတူတကွ လုပ်ကိုင်ခဲ့ရာ ကျွန်ုပ်တို့၏မိတ်ဆွေမှ လစဉ် နိုင်ငံတော် အောင်ဘာလေထီလက်မှတ်မှ မင်္ဂလာစုံတွဲထိုးခဲ့ရာ ၎င်းမှပေါက်သောထီငွေများကို အစ်ကိုဖြစ်သူ ဦးအလက်ဇန်ဒြားထံ ယုံကြည်စွာအပ်နှံခဲ့ပြီး အဆိုပါထီပေါက်သောငွေများဖြင့် လုပ်ငန်းတိုးချဲ့လာရာမှ ဖြစ်ထွန်းလာသောအ မွေပစ္စည်းများဖြစ်ပါသည်။

၄။ အဆိုပါအမွေပစ္စည်းများအနက် အမှတ်စဉ် (၁)မှ အမှတ်စဉ် (၉)အထိ အမွေပစ္စည်းများမှာ အစ်မများဖြစ်ကြသော ဒေါ်လီလီနှင့် ဒေါ်ဖရန်စစ်မေရီတို့နှစ်ဦး၏ လက်ဝယ်တွင်ရှိနေပြီး ငှားရမ်းခငွေများနှင့် အကျိုးအမြတ်များကိုလည်း ဒေါ်လီလီနှင့် ဒေါ်ဖရန်စစ်မေရီတို့ကသာ ရယူအကျိုးခံစားလျက်ရှိနေပါသည်။ အမှတ်စဉ်(၁၀)မှ အမှတ်စဉ် (၁၆)အထိ အမွေပစ္စည်းများမှာ အစ်ကိုဖြစ်သူ ဦးအလက်ဇန်ဒြား၏ လက်ဝယ်တွင်ရှိနေပါသည်။

၅။ မိခင်ကြီးကွယ်လွန်ပြီးနောက် ကျန်ရစ်ခဲ့သောအထက်ပါအမွေပစ္စည်းများနှင့်ပတ်သက်၍ ကျွန်ုပ်တို့၏မိတ်ဆွေမှ ခွဲဝေပေးရန်အကြောင်းကြား နှုတ်စာပေးပို့တောင်းဆိုခဲ့သော်လည်း ယနေ့အချိန်ထိ ခွဲဝေပေးခြင်းမရှိဘဲ ဒေါ်လီလီ၊ ဒေါ်ဖရန်စစ်မေရီနှင့် ဦးအလက်ဇန်ဒြားတို့ (၃)ဦးမှ အသီးသီးလက်ရောက်ရယူထိန်းသိမ်းထားလျက်ရှိနေပါသည်။

၆။ သို့ဖြစ်ပါ၍ ကျွန်ုပ်တို့မိတ်ဆွေ၏ အတိအလင်းသဘောတူခွင့်ပြုချက်မရရှိဘဲ အထက်ပါ အမွေပစ္စည်းများအားလုံးကို မည်သူတစ်ဦးတစ်ယောက်ကမျှ လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ လှူဒါန်း၊ အခမဲ့ထားရှိခြင်းတို့ကို ပြုလုပ်ပိုင်ခွင့်မရှိပါကြောင်း၊ ကန့်ကွက်တားမြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မာမာသိန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၇၉၂)**

| | |
|---|---|
| **ဒေါ်နီနီဝင်း (LL.B)** | **ဒေါ်နှင်းဝေလွင် (LL.B)** |
| **(စဉ်-၅၁၇၁၈)** | **(စဉ်-၅၄၃၀၅)** |

**အထက်တန်းရှေ့နေများ**
**အမှတ်- ၂၇၅၊ ပထမထပ်၊ ဗညားဒလလမ်းမ၊ အရှိုးကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၅၀၆၄၉၅၉**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **တိုင်းပြည် သာယာဝပြောရေးဆိုသည်မှာ တည်ငြိမ်အေးချမ်းမှုရှိပြီး ပြည်သူပြည်သားများအားလုံး တရားဥပဒေစိုးမိုးမှုအောက်တွင် အေးချမ်းသာယာစွာဖြင့် နေထိုင်နိုင်ခြင်း၊ ပညာသင်ကြားနိုင်ခြင်း၊ အလုပ်အကိုင်များ လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်းပင်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်

နေပြည်တော် ဒီဇင်ဘာ ၄

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ သတ်မှတ်ထားသော အားကစားကွင်း၊ အားကစားရုံများ၌ ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း (A)ရုံ၌ ကျင်းပရာ အမျိုးသားနှစ်ယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ မကွေးတိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲတစ်ပွဲ၊ ကရင်ပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို နှစ်ပွဲ တစ်ပွဲ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ ကချင်ပြည်နယ်အသင်းက ကယားပြည်နယ်အသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ❖



ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်းအမျိုးသားဘောလုံးပြိုင်ပွဲ၌ ပြန်ကြားရေးဝန်ကြီးဌာနအသင်းနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



မြန်မာ့လက်ရွေးစင်အသင်းနှင့် MNL All Stars အသင်းတို့ ခြေစမ်းကစားစဉ်။

## ASEAN Cup ပြိုင်ပွဲမတိုင်မီ မြန်မာ့လက်ရွေးစင်အသင်း နောက်ဆုံးခြေစမ်းပွဲကစား

ရန်ကုန် ဒီဇင်ဘာ ၄

၂၀၂၄ ASEAN Cup ပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ့လက်ရွေးစင်အသင်းသည် နောက်ဆုံးခြေစမ်းပွဲအဖြစ် ဒီဇင်ဘာ ၄ ရက်က သုဝဏ္ဏကွင်း၌ MNL All Stars အသင်းနှင့် ယှဉ်ပြိုင်ကစားရာ နှစ်ဂိုး-တစ်ဂိုးဖြင့် အရေးနိမ့်ခဲ့သည်။ **စာမျက်နှာ ၂၀ကော်လံ ၁သို့** ■

## အစ်ဆွစ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ခရစ္စတယ်ပဲလေ့စ်အသင်း ပရီမီယာလိဂ်အဝေးကွင်းပထမဆုံးနိုင်ပွဲရရှိ




ခရစ္စတယ်ပဲလေ့စ်အသင်းဟာ ပရီမီယာလိဂ်ပွဲစဉ်(၁၄)အဖြစ် ဒီဇင်ဘာ ၃ ရက် ညပိုင်းက အစ်ဆွစ်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ပွဲစဉ်မှာ မာတီတာရဲ့ တစ်လုံးတည်းသောသွင်းဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်အဝေးကွင်း ပထမဆုံးနိုင်ပွဲရရှိခဲ့ပြီဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ ပထမပိုင်းပွဲကစားချိန်အတွင်းမှာ ဘယ်အသင်းကမှ ဂိုးမသွင်းနိုင်ခဲ့ဘဲ ခရစ္စတယ်ပဲလေ့စ်အသင်းအတွက် **စာမျက်နှာ ၁၂ ကော်လံ ၃ သို့** ❂

**ယနေ့ ဖတ်စရာ**

**မြန်မာ့အားကစားလောက တိုးတက်မြင့်မားရေးနှင့် အားကစားစာပေကဏ္ဍ အညမည**

ဆောင်းပါး စာမျက်နှာ » ၁၉

**ကလေးဝမြို့နယ်ရှိ ကျေးရွာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒရုန်းဖြင့်တိုက်ခိုက်ခဲ့သည့်အတွက် ပြည်သူများ ထိခိုက်သေဆုံးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများ လွှင့်ဆော်ဝါဒဖြန့်**

စာမျက်နှာ » ၂၀